# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၂၈၇)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံလွင်တံတား(ဖားဆောင်း) ကြံ့ခိုင်မှုအခြေအနေကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၃

**ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးတင်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘောလခဲမြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘောလခဲ)သို့ ရောက်ရှိကြသည်။**

ဒုတိယသမ္မတအား သင်တန်းကျောင်းခန်းမ၌ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို တည်ထောင်ဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်များ အောင်မြင်အောင် ကျောင်းသားကျောင်းသူများအနေဖြင့် ပညာကို ကြိုးစားသင်ယူကြရန် မှာကြားသည်။

**ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်ကြပြီး ကျောင်းသားအိပ်ဆောင်အား ကြည့်ရှုသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံလွင်တံတား(ဖားဆောင်း) ကြံ့ခိုင်မှုအခြေအနေအား ကြည့်ရှုစဉ်။

သတင်းစဉ်

**“တံတားကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုပြီး မြစ်ကမ်းပါး ရေတိုက်စားမှု မရှိစေရေးအတွက် ကမ်းထိန်းနံရံအား ဆက်လက် ဆောင်ရွက်သွားရန် မှာကြား”**







# နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ

နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်သင်တန်းကျောင်းတစ်ခု ဖွင့်လှစ်တော့မည်ဟု သိရသည်။ နိုင်ငံခြားရေးဌာနဆိုသည်က လွတ်လပ်ရေးမရမီကတည်းက မြန်မာနိုင်ငံမှာ ပေါ်ပေါက်ခဲ့တာ ဖြစ်သည်။ ဂျပန်ခေတ် ၁၉၄၃ ဩဂုတ်လ မြန်မာနိုင်ငံအစိုးရအဖွဲ့ ဖွဲ့စဉ်က ဒေါက်တာဘမော်က နိုင်ငံတော်အဓိပတိနှင့် ဝန်ကြီးချုပ်တာဝန်ယူ၍ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီး၊ ဦးနုက နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။

ထို့အတူ ၁၉၄၆ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲတွင် ဖဆပလအဖွဲ့ချုပ်က အောင်နိုင်ကာ အစိုးရအဖွဲ့ ဖွဲ့ရသည်။ ဘုရင်ခံ၏ အမှုဆောင်ကောင်စီဖွဲ့စည်းရာတွင် အင်္ဂလိပ်ဘုရင်ခံက သဘာပတိ၊ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဆန်းအနေဖြင့် ဒုတိယသဘာပတိအဖြစ် တာဝန်ယူ၏။ ဘုရင်ခံက သဘာပတိဆိုသော်လည်း လက်တွေ့တွင် ဗိုလ်ချုပ်တို့က အားလုံးစီမံအုပ်ချုပ်ခဲ့ပြီး အစိုးရအဖွဲ့သစ်တွင် ဦးအောင်ဆန်းက နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီး ရာထူးနှစ်ခုကို တာဝန်ခံဆောင်ရွက်ခဲ့သည်။ နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးတို့၏ အရေးပါပုံကို သိသော အမျိုးသားခေါင်းဆောင်၏ တာဝန်ယူမှုက ထင်ရှားသော သမိုင်းမှတ်တမ်းပါပင်။

ထိုစဉ်ကစ၍ ပညာတတ်များ၊ နိုင်ငံရေး နားလည်ပါးနပ်ကျွမ်းကျင်သူများ၊ ကိုယ်ရည်ကိုယ်သွေးရှိသူများ မြန်မာနိုင်ငံ၏ သံတမန်များအဖြစ် တာဝန်ယူခဲ့ကြသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်ပေးခြင်းခံရသည်အထိ ဦးသန့်ကဲ့သို့သော မြန်မာနိုင်ငံ၏ သံတမန်တစ်ဦးသည် နိုင်ငံတကာက လေးစားခြင်းကို ခံခဲ့ရသည်။

သံတမန်ကျောင်းဖွင့်လှစ်ရန်နှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောဖူးသောစကားကို ရည်ညွှန်းကာ သံတမန်တို့၏ အရေးပါသောတာဝန်တို့ကို ဖွင့်ဆိုသွားခဲ့သည်မှာ မှတ်သားဖွယ်ရာ ဖြစ်ပါသည်။

နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးအတွက် အရေးကြီးလှသော နိုင်ငံတော်ကာကွယ်ရေးတွင် ရှေ့ဆုံးက တာဝန်အကြီးဆုံးမှာ သံတမန်ဆက်ဆံရေး နိုင်ငံခြားရေးဖြစ်သည်ဟု ဆိုခြင်းပါ။ နိုင်ငံကာကွယ်ရေးတွင် စစ်ရေးနည်းဖြင့် ကာကွယ်ရခြင်းသည် နောက်ဆုံးနည်းဖြစ်ပြီး သံတမန်ဆက်ဆံရေးက ပို၍အရေးပါပါသည်။

ထို့ကြောင့်ပင် သံတမန်များဟူသည် စနစ်တကျ ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပါမည်။ သည်မျှအရေးကြီးသော သံတမန်သင်တန်းကျောင်း မြန်မာနိုင်ငံမှာ ယနေ့ထိ ကျကျနနမရှိသေးဟု ဆိုရပါမည်။ နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်က သင်တန်းများပေးခြင်းမျိုးဖြင့်သာ အချို့သောသံတမန်ရေးရာဝန်ထမ်းများ ရှိလာရပါသည်။

သံတမန်ရေးရာနယ်ပယ်တွင် စနစ်တကျပြင်ဆင် သင်ကြားလေ့ကျင့်ကာ တာဝန်ပေးခဲ့သည့် သံတမန်များက ရှားပါးလာခဲ့သည်မှာ အတော်ပင်ကြာခဲ့ပြီဟု ဆိုရပါမည်။

ယခုအခါတွင် သံတမန်သင်တန်းကျောင်းတစ်ခု စနစ်တကျပေါ်ပေါက်လာရန် ပြင်ဆင်နေပြီး ရေရှည်တွင် သံတမန်ရေးရာ ပညာရှင်များကိုပါ သင်ကြားလေ့ကျင့်ပေးနိုင်ရန် စီမံနေသည်ဟူသည့် သတင်းက အနာဂတ်မြန်မာ့နိုင်ငံရေးအတွက် ဝမ်းမြောက်အားတက်ဖွယ် ဖြစ်ပါသည်။

အမှန်တော့ နိုင်ငံတကာဆက်ဆံရေးတွင်သာမက မိမိတို့၏ နေ့စဉ်ဘဝများတွင်လည်း သံတမန်ဆက်ဆံရေးဆိုသည်က လိုအပ်သည်ဟု မြင်ပါသည်။ လူအချင်းချင်း ဆက်ဆံကြရာတွင် ယဉ်ကျေးဖွယ်ရာ ဆက်ဆံခြင်း၊ တစ်ဦး၏အလိုသဘောကို တစ်ဦးက နားလည်သဘောပေါက်အောင် ကြိုးစားခြင်းဖြင့် ပဋိပက္ခများကို လျော့ပါးစေပြီး ချစ်ကြည်ငြိမ်းချမ်းစွာ ဆက်ဆံရေး နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကို တည်ဆောက်နိုင်ရေးတို့ကို ဦးတည်နိုင်မည်ဖြစ်ပါသည်။

အကြောင်းတစ်ခုပေါ်သည်နှင့် ရန်လိုကြိမ်းဝါးမှုများနှင့် ဒေါသမာန်မာနများကို ရှေ့တန်းတင်နေခြင်း၊ ဓားဓားချင်း၊ လှံလှံချင်းဆိုသည့် စစ်ချီသံများသက်သက်ဖြင့် ကောင်းမွန်ငြိမ်းချမ်းသော လောကကို တည်ဆောက်နိုင်မည်မဟုတ်ပါ။ ရင်းနှီးချစ်ကြည်ဆက်ဆံခြင်း စကားဝိုင်းများတွင် ဆွေးနွေးပြောဆိုညှိနှိုင်းကြခြင်းတို့ဖြင့် ငြိမ်းချမ်းသော လောကကို ထူထောင်ကြပါစို့။ ။

# ချင်းပြည်နယ်ဝန်ကြီးချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်စိုက်ပျိုး

**ဖလမ်း ဇူလိုင် ၁၃**

၂၀၁၉ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဖလမ်းမြို့ဆူရ်ဘုန်(ဖလမ်း)လေယာဉ်ကွင်း၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ဇနီး ဒေါ်ရွန်နယ်ပါရ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO နှင့် ဒေသခံပြည်သူများက တောင်ဇလပ် ၁၅၇ ပင်၊ ချယ်ရီ ၃၁၂ ပင်၊ မဟော်ဂနီ ၁၅၆ ပင်၊ ခါတော်မီ ၁၅၆ ပင်၊ ထင်းရှူးပင် ၂၅၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။ (ဓါတ်ပုံ)



ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းက မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆူရ်ဘုန်(ဖလမ်း)လေယာဉ်ကွင်း ဆောက်လုပ်ရေးစီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လေယာဉ်ကွင်း စံချိန်စံညွှန်းနှင့် စစ်ဆေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်စိုးက လေယာဉ်ကွင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများအား ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# မြောင်းမြမြို့တွင် ဖွင့်လှစ်မည့် သူနာပြုသင်တန်းကျောင်း တက်ရောက်မည့် လျှောက်ထားသူများအား သင်တန်းကျောင်းနှင့် ပတ်သက်၍ အသိပေးဆွေးနွေး

**မြောင်းမြ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဖွင့်လှစ်မည့် သူနာပြုသင်တန်းကျောင်းတွင် တက်ရောက်မည့် လျှောက်ထားသူများအား သူနာပြုသင်တန်းကျောင်းနှင့် ပတ်သက်၍ သိကောင်းစရာများ အသိပေးရှင်းလင်းပွဲကို ယမန်နေ့နံနက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူက မြောင်းမြမြို့တွင် သူနာပြုသင်တန်းကျောင်း ဖြစ်ပေါ်လာပုံနှင့် သူနာပြုသင်တန်းကျောင်း တက်ရောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်မြို့ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး (မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်းတာဝန်ခံ)က သင်တန်းကျောင်း၌ သင်ကြားမည့်ဘာသာရပ်နှင့် အလုပ်အကိုင်ရရှိရေး အကြောင်းများ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူ ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများက သိလိုသည်များ မေးမြန်းမှုကို ကျောင်းအုပ်ဆရာမကြီးက ပြန်လည်ဖြေကြားသည်။

"သူနာပြုသင်တန်းကျောင်း တက်ရောက်မယ်ဆိုရင် စေတနာ၊ မေတ္တာ၊ ဝါသနာ၊ အနစ်နာခံယူနိုင်သူ ဖြစ်ရပါမယ်"ဟု ပုသိမ်သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကပေါ်ရီးက ပြောကြားသည်။

မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်းကို ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှ မြန်မာနိုင်ငံတွင် ဒီဇိုင်းအလှဆုံး သူနာပြုသင်တန်းကျောင်းပုံစံဖြင့် ငွေကျပ်သန်းပေါင်း ၃၄၀၀၀ ကျော် အကုန်ကျခံကာ အောက်တိုဘာလအတွင်း အပြီးတည်ဆောက်လျက်ရှိကာ နိုဝင်ဘာလလယ်ခန့်တွင် သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ရှိကြောင်းသိရသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် သူနာပြုသားဖွား ဒီပလိုမာပထမနှစ်သင်တန်းကို ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြမြို့ သင်တန်းကျောင်းများတွင် တက်ရောက်ရန် သင်တန်းသူ ၃၂၀ ခေါ်ယူမည်ဖြစ်ပြီး မြောင်းမြမြို့တွင် ၈၀ တက်ရောက်ရမည်ဖြစ်ကြောင်း ပုသိမ်မြို့ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး၏ ပြောကြားချက်အရ သိရသည်။

**အောင်မင်း(မြောင်းမြ)**



**အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးအကြောင်းကြားခြင်း**

လက်ကိုင်ဖုန်းအမျိုးမျိုး
ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
အလံအမျိုးမျိုး
ဗီနိုင်းစအမျိုးမျိုး
လက်ကိုင်အိတ်အမျိုးမျိုး
ပုလင်း/ဘူးအမျိုးမျိုး
ကင်မရာအမျိုးမျိုး
အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
မီးခြစ်အမျိုးမျိုး

**အာဇာနည်ဗိမာန်သို့ လာရောက်သည့် မိဘပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြော်ငြာခြင်း**





# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

**တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။**

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

● *ရှေ့စာမျက်နှာမှ*

အဆိုပါသင်တန်းကျောင်းကို ၂၀၁၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၁၈၅ ဦးအား ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အပန်းဖြေစခန်းဆောင်ရွက်မည့်နေရာကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖားဆောင်း-မယ်စဲ့လမ်း မိုင်တိုင်အမှတ် (၁၁၈) ရှိ View Point သို့ ရောက်ရှိပြီး Ardent Alliance ကုမ္ပဏီက ဆောင်ရွက်မည့် သဘာဝအခြေပြု ကန္နားကယက်လှေစီး ခရီးသွားအပန်းဖြေစခန်းဆောင်ရွက်မည့်နေရာအား ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် သံလွင်တံတား(ဖားဆောင်း)သို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က တံတားအထက်နှင့် တံတားအောက်ပိုင်း ရေလမ်းကြောင်းထိန်းသိမ်းထားရှိမှု အခြေအနေများကို လည်းကောင်း၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက တံတားစတင်တည်ဆောက်သည့် ၂၀၁၅ ခုနှစ်မှ စတင်ပြီး ယနေ့အချိန်ထိ တံတားအောက်ကြမ်းပြင်တွင် မြစ်ရေတိုက်စားမှုမရှိသည့် အခြေအနေနှင့် မြစ်ကြမ်းပြင် နုန်းမြေမြင့်တက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုပြီး မြစ်ကမ်းပါးရေတိုက်စားမှုမရှိစေရေးအတွက် ကမ်းထိန်းနံရံအား ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် မယ်စဲ့ကုန်သွယ်ရေးစခန်းသို့ရောက်ရှိရာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူရက မယ်စဲ့ကုန်သွယ်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘောလခဲ)၌ ကျောင်းသားအိပ်ဆောင်အား ကြည့်ရှုစဉ်။ သတင်းစဉ်

မယ်စဲ့ကုန်သွယ်ရေးစခန်းကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏတိုးတက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၉ သန်း ရှိကြောင်း သိရသည်။

**နယ်စပ်စစ်ဆေးရေးစခန်း တည်ဆောက်မည့်နေရာ ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် မယ်စဲ့မြို့ မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ် BP -13 သို့ရောက်ရှိပြီး နယ်စပ်စစ်ဆေးရေးစခန်း တည်ဆောက်မည့်နေရာအား ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရန် မှာကြား**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက နယ်စပ်စစ်ဆေးရေးစခန်း တည်ဆောက်ရာတွင် လိုအပ်သည့် မြေထိန်းနံရံတည်ဆောက်ရေးနှင့် သောက်သုံးရေရရှိရေးတို့ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် ဒုတိယသမ္မတသည်မယ်စဲ့မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး လူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအဆောက်အဦသစ် တည်ဆောက်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် မယ်စဲ့မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မယ်စဲ့မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်ပြီး အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း စမ်းသပ်လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

**သစ်တောဦးစီးဌာနနှင့် UNREDD အစီအစဉ်၊ FAO အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း စမ်းသပ်လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာနန၌ ကျင်းပသည်။**

အလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောကဏ္ဍ၌ နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းအတွက် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းသည် အရေးကြီးသော လုပ်ငန်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းနည်းစနစ်များ (NFI methodology) အပေါ်ဆွေးနွေး အကြံပြုချက်များ ရယူသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း။

အဆိုပါ ဆွေးနွေးပွဲကရရှိခဲ့သော အကြံပြုချက်များနှင့် နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း ပုံစံအသစ်ကိုအသုံးပြု၍ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများကို ၂၀၁၉ ခုနှစ် မတ်လမှဧပြီလအတွင်း ဆန်းစစ်လုပ်ဆောင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခု၏ ခရိုင်ခြောက်ခရိုင်တွင် အမြဲတမ်းနမူနာကွက် ၂၄ ကွက်နှင့် ယာယီနမူနာကွက် ၁၀၈ကွက်၊ စုစုပေါင်း ၁၃၂ကွက်ကို စမ်းသပ်စာရင်းကောက်ယူခဲ့ပြီး လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသော ကွင်းဆင်းအဖွဲ့ခေါင်းဆောင်များနှင့် လက်ထောက်ကွင်းဆင်း အဖွဲ့ခေါင်းဆောင်များက လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းမှရရှိသော အတွေ့အကြုံများ၊ အခက်အခဲများနှင့် တွေ့ရှိချက်များမှ အားနည်းချက်၊ အားသာချက်များကို ဝိုင်းဝန်းဆွေးနွေးရန် ကျင်းပခြင်းဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်မည့် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းကို အကောင်အထည်ဖော်သည့်အခါ အပြည့်အဝအောင်မြင်မှုရရှိနိုင်ရန်နှင့် သစ်တောစီမံအုပ်ချုပ်မှုအတွက် တိကျခိုင်မာသည့် ကိန်းဂဏန်းအချက်အလက်များ ရရှိရေး၊ ခေတ်စနစ်အလိုက် ဖွံ့ဖြိုးတိုးတက်လာသောနည်းပညာများ အသုံးပြုခြင်း၌ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ပိုမိုအားကောင်း လာစေရေးတို့အတွက် အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းအား ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများက သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းလုပ်ငန်း လက်တွေ့ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းလုပ်ငန်း လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

# အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပါမောက္ခချုပ်များကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားပညာရေးဥပဒေ (၂၀၁၄) နှင့် ပြင်ဆင်သည့် ဥပဒေ (၂၀၁၅)အရ ဆောင်ရွက်နေသည့် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားလိုကြောင်း၊ အမျိုးသားပညာရေး ဥပဒေပုဒ်မ ၂(ဓ)အရ အဆင့်မြင့်ပညာရေး ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသား ပညာရေးမူဝါဒကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခု က လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း။

အမျိုးသားပညာရေးဥပဒေအရ အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ တက္ကသိုလ်ကောင်စီများ ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးသည့်အနေဖြင့် ပုဂ္ဂလိကကျောင်းဥပဒေကို ရေးဆွဲပြုစုလျက်ရှိပါကြောင်း၊ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများကို မှတ်ပုံတင်နိုင်သည့်အခွင့်အလမ်းရရှိရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာပြဋ္ဌာန်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့မှတ်ပုံတင်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သွားရောက်လျှောက်ထားခြင်းကို အားပေးပါကြောင်း။

ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများသည် သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်မည်ဖြစ်သည့်အတွက် တက္ကသိုလ်ပဋိညာဉ်စာတမ်းများကိုပြုစုပြီး တက္ကသိုလ်ကောင်စီများဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိုလည်း အချိန်ယူကာ အတည်ပြုချက်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏တက္ကသိုလ်သည် အရည်အသွေးအာမခံမှုရှိသော၊ နိုင်ငံ့အကျိုးကို ပံ့ပိုးပေးနိုင်သော၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အချင်းပြည့်ဝသည့် ဘွဲ့ရလူငယ်များပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံခြင်းသည် ပုဂ္ဂလိကကဏ္ဍရှိ အဆင့်မြင့်ပညာကျောင်းများကို အကောင်းဆုံးဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ ခေါ်ယူတွေ့ဆုံပြီး သိရှိလိုသည်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ Myanmar National Qualification Framework (MNQF) မူကြမ်းကိုလည်း ရှင်းလင်းပြောကြားလိုကြောင်း၊ အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်မူဝါဒများနှင့်ပတ်သက်ပြီး အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကိုအားပေးသည့် ပညာရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းများ အောင်မြင်စေရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ပုဂ္ဂလိကကျောင်းများ၏ သင်ကြား၊ သင်ယူမှုအရည်အသွေးရှိစေရန်၊ နိုင်ငံတော်၏လိုအပ်ချက်၊ ကျောင်းသားများ၏ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းပေါ်မူတည်၍ သင်တန်းများကို ဖွင့်လှစ်စေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်က အမှာစကားပြောကြားရာတွင် မှန်ကန်၍ စည်းကမ်းပြည့်ဝသော ပြည်သူ့အကျိုးပြု ပုဂ္ဂလိက ပညာရေးစနစ် ဖြစ်ထွန်းလာစေရန်၊ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပညာအရည်အသွေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုတို့ကို စစ်ဆေးအကဲဖြတ်ရန်နှင့် ၎င်းတို့ကို အများပြည်သူတို့ ယုံကြည်ကိုးစားလာစေရန် ရည်ရွယ်လျက် ပညာအရည်အသွေး စစ်ဆေးအကဲဖြတ်ရေးကော်မတီကို ဖွဲ့စည်းမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတကာတက္ကသိုလ်များနှင့် အဖွဲ့အစည်းများမှ လာရောက်ဖွင့်လှစ်ထားသော ပညာရေးအဆင့်အသီးသီးရှိကျောင်းများ၊ သင်တန်းများ၏သက်ဆိုင်ရာ နိုင်ငံတကာကွန်ရက်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်နေသည့် အခြေအနေများကိုသိရှိရန်နှင့် မှန်ကန်မှု ရှိ/မရှိ စိစစ်ရန်၊ ကျောင်းတွင်းအရည်အသွေး (Internal Quality Assurance) စနစ်ရှိ/မရှိနှင့်ဆောင်ရွက်ထားသည့်အခြေအနေကို စိစစ်ရန်၊ ကျောင်းများ၏ သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာများ မှန်ကန်မှုနှင့် ခိုင်မာမှု ရှိ/မရှိ စိစစ်ရန်၊ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ လုံလောက်မှု ရှိ/မရှိနှင့် ၎င်းတို့၏ ပညာအရည်အချင်း သင်ကြားရေးအတွေ့အကြုံများ စိစစ်ရန်၊ သင်ကြား၊ စီမံဝန်ထမ်းများ၏အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်စေရေးဆောင်ရွက်မည့် အစီအစဉ်များ ရှိ/မရှိကိုစိစစ်အကဲဖြတ်ရန်၊ သင်ကြား/သင်ယူမှုနည်းလမ်းများ နှင့် စစ်ဆေးအကဲဖြတ်ခြင်းစနစ်တို့ကို စိစစ်ရန်၊ ထို့ပြင် ကျောင်းများ၏ အခြေခံအဆောက်အဦပြည့်စုံမှု ရှိ/မရှိ၊ သန့်ရှင်းလုံခြုံ၍ သင့်တင့်လျောက်ပတ်သော ကျောင်းပရိဝုဏ် ရှိ/မရှိ၊ သင်ကြား/သင်ယူမှုအထောက်အကူပြုပစ္စည်းလုံလောက်မှု ရှိ/မရှိ စိစစ်ရန်၊ ကျောင်းများနှင့် သင်တန်းအစီအစဉ်များကို အရည်အသွေး အကဲဖြတ်ဆန်းစစ်သောလုပ်ငန်းကို ဆောင်ရွက်ရန်၊ ကျောင်းအမျိုးအစားအလိုက် အပ်နှင်းသည့် သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ဒီဂရီ၊ ဘွဲ့လွန်ဒီဂရီများကို စိစစ်ရန်၊ ဘွဲ့အမျိုးအစားအလိုက် သုတေသနဆောင်ရွက်မှုများ၊ စာတမ်းရေးသား တင်သွင်းမှုများ စနစ်တကျဆောင်ရွက်မှု ရှိ/မရှိ စိစစ်ရန်၊ ကျောင်းများ၏ အရည်အသွေးများကို စိစစ်ရန်အတွက် နိုင်ငံတကာကွန်ရက်များ၊ အဖွဲ့အစည်းများနှင့်လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စစ်ဆေးတွေ့ရှိချက်များကို အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှုအကဲဖြတ်ရေး ကော်မတီမှတစ်ဆင့် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဦးစီးကော်မတီသို့ တင်ပြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မရှင်နှင့်ကော်မတီများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ American University of Yangon၊ Assumption University - ABAC Myanmar Professional Training Center၊ Benchmark Management College International၊ British University College၊ Business Institute Yangon၊ Career Core Institute၊ Change U Myanmar International College၊ Chindwin College(UK)၊ Ever Up College၊ Excellence Choice, Institute of Finance and Management၊ F.A.M.E Education Myanmar၊ Forever Academic Accountancy and Management Education Co., Ltd၊ Guarantee International College၊ Info Myanmar University (IMCS Co., Ltd)၊ Institute of Business and Investment Management (IBIM)၊ Kaplan Myanmar University College၊ Knowledge Hub Institute၊ MESI Entrepreneur SMEs၊ MMC Training Institute (Myanmar Computer Company)၊ MMAC College၊ Myanmar Human Resources Institute (MHR)၊ Myanmar Imperial University၊ Myanmar International Business Academy (MIBA)၊ Myanmar Management Institute၊ Myanmar Metropolitan College၊ Myanmar Supply Chain College (MSCC)၊ Oxford Myanmar Medical College၊ Parami Institute of Liberal Arts and Sciences၊ PS Business School၊ Robinson Business School၊ Rvi Institute (Myat Thit OO)၊ Science and Tech International Myanmar University (STI)၊ SME Business Institute၊ Star Academy၊ Strategy First University၊ Temasek International College၊ Victoria University College၊ WISE College၊ Yangon Institute for University Studies (YIUS) ကျောင်း ၃၈ ကျောင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကျောင်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့အနေဖြင့် ဖွဲ့စည်းတည်ထောင်ရန်၊ ပညာရေးဝန်ကြီးဌာနက ကျင်းပမည့် တက္ကသိုလ်ပညာရေးဆိုင်ရာ ညီလာခံတွင် ပုဂ္ဂလိကကျောင်းများမှ စာတမ်းများ ဖတ်ကြားနိုင်ရန်၊ အစိုးရနှင့်ပုဂ္ဂလိက တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းပြောကြားခဲ့သည်။

ပုဂ္ဂလိကကျောင်းများ၏ အရည်အသွေးကို လေ့လာဆန်းစစ်နိုင်ရန် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ ပါမောက္ခချုပ်များကော်မတီနှင့် ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့တို့သည် အစည်းအဝေးငါးကြိမ်ကျင်းပခဲ့၍ အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို နှစ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သူနာပြုတက္ကသိုလ် (ရန်ကုန်) ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၃**

သူနာပြုတက္ကသိုလ် (ရန်ကုန်) ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ကြားသင်ယူမှု၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်နှင့် ဘွဲ့ကြို/ဘွဲ့လွန်များ မွေးထုတ်ပေးနိုင်မှုစသည့် အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ပံ့ပိုးပေးရန် လိုအပ်မည့် အချက်များနှင့် စပ်လျဉ်း၍ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) ၌ ကျင်းပသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သူနာပြုတက္ကသိုလ် (ရန်ကုန်) ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**ဘက်ပေါင်းစုံမှ အကြံပြုချက်များရယူ**

တွေ့ဆုံပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သူနာပြုတက္ကသိုလ် (ရန်ကုန်)နှင့် သူနာပြုကဏ္ဍတစ်ခုလုံး ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်၊ တက္ကသိုလ်၏ ပုံရိပ်ပိုမိုမြင့်မားစေရန်၊ တက္ကသိုလ်၏ ရှေ့လုပ်ငန်းစဉ်နှင့် လမ်းပြမြေပုံများ ရေးဆွဲချမှတ်သွားနိုင်ရန်တို့အတွက် ဆရာ ဆရာမများ အပါအဝင် ဘက်ပေါင်းစုံမှ အကြံပြုချက်များရယူသွားမည် ဖြစ်ပါကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုပေးအပ်ရာတွင် သူနာပြုများ၏ အခန်းကဏ္ဍသည် ဆရာဝန်များ၊ ဆေးနီးနွယ်ပညာရှင်များနှင့် ထပ်တူအရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြု၊ သားဖွားဒီပလိုမာသင်တန်းများမှ ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် သူနာပြု ၁၆၆၅ဦး၊ ၂၀၂၀ ပြည့်နှစ် မေတွင် ၈၇၇ ဦး၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာတွင် ၁၇၈၆ ဦးနှင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာတွင် ၃၄၅၂ ဦးကို လည်းကောင်း၊ သူနာပြုသိပ္ပံသင်တန်းများမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီတွင် သူနာပြု ၃၀၇ ဦးနှင့် ၂၀၂၁ ခုနှစ်တွင် ၂၉၃ ဦးကိုလည်းကောင်း သင်ကြားမွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

**အဘက်ဘက်မှ ကောင်းမွန်ရေးဝိုင်းဝန်း**

သူနာပြုတက္ကသိုလ်တွင် ခေတ်နှင့်အညီ ဆီလျော်သည့် သင်ရိုးညွှန်းတမ်း၊ သင်ကြား သင်ယူမှုကို အထောက်အကူပြု သောပတ်ဝန်းကျင်၊ အထောက်အကူပြုပစ္စည်း၊ သင်ကြား သင်ယူမှုနည်းစနစ်များ၊ စာသင်ဆောင်၊ စာကြည့်တိုက်၊ စာအုပ်စာတမ်း စသည်ဖြင့် အဘက်ဘက်မှ ကောင်းမွန်ပြည့်စုံစေရေး ဝိုင်းဝန်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

လက်ရှိသင်တန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့် အထူးပြု သူနာပြုသင်တန်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်သွားစေလိုပါကြောင်း၊ အထူးပြုသူနာပြုများအနေဖြင့် သက်ဆိုင်ရာအထူးပြု ဘာသာရပ်အလိုက် ကိုက်ညီသည့် ကုသဆောင်/ဌာနများတွင် တာဝန်ထမ်းဆောင်နိုင်ရေးကိုလည်း ဘက်စုံခြုံငုံသုံးသပ်မှုများပြုလုပ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဆေးရုံများတွင် သူနာပြုများအလုပ်တာဝန်ထမ်းဆောင်ချိန်တွင် လွယ်ကူချောမွေ့စေရေးနှင့် သက်သောင့်သက်သာနားနေရန် အခန်းနေရာများကိုလည်း ဖြည့်ဆည်းပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သူနာပြုတက္ကသိုလ်များမှ ဆရာ ဆရာမများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ကောင်းမွန်မှုသာ တက္ကသိုလ်များမှ မွေးထုတ်သည့် သူနာပြုများအရည်အသွေးကောင်းမွန်မည်ဖြစ်သဖြင့် ဆရာ ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

(၂၀၂၀-၂၁) ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များရေးဆွဲရာတွင်လည်း သူနာပြုတက္ကသိုလ်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ရေးဌာန (WHO Collaborating Center) ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ လုပ်ငန်းများကို ထည့်သွင်းရေးဆွဲသွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ**

ထို့နောက် သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ မြတ်သန္တာက သူနာပြုတက္ကသိုလ် (ရန်ကုန်) ၏ ဆရာ ဆရာမနှင့် ဝန်ထမ်းအင်အား၊ သင်ကြားလေ့ကျင့်ပေးနေသော သင်တန်းအမျိုးအစားများ၊ တက်ရောက်နေသော သင်တန်းသားသင်တန်းသူဦးရေ၊ သူနာပြုသိပ္ပံ (ပေါင်းကူး) Off-Campus Program တွင် ခေတ်မီအင်တာနက်ကွန်ရက်ကို အသုံးပြု၍ သင်ကြားသင်ယူမှုများ၊ ဆောင်ရွက်နေသော လုပ်ငန်းများ၊ သုတေသနများ၊ တက္ကသိုလ်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ရေးဌာန (WHO Collaborating Center) တွင် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ ဌာနမှူးများနှင့် ဆရာ ဆရာမများက စာတွေ့၊ လက်တွေ့နှင့် ကွင်းဆင်းသင်ကြားမှုတို့အတွက် လိုအပ်သည်များ၊ ဌာနအလိုက် လိုအပ်သည်များ၊ သင်ကြားမှုအထောက်အကူပစ္စည်းဆိုင်ရာလိုအပ်သည်များ၊ စဉ်ဆက်မပြတ် သူနာပြုပညာသင်ကြားရေးဆိုင်ရာနှင့် သုတေသနဆိုင်ရာကိစ္စရပ်များ၊ ရာထူးတိုးတက်ရရှိနိုင်သည့် အခွင့်အလမ်း၊ ဘွဲ့ရရှိပြီးနောက် လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်ရာ၌ တွေ့ရှိရသည့် အခက်အခဲတို့ကို ဝိုင်းဝန်းဆွေးနွေးကြသည်။

**ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေး**

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို ဖြည့်ဆည်းပေးခဲ့ကာ အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်ရမည်များကိုလည်း တာဝန်ရှိသူများနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာစီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်းမဟာဗျူဟာတန်ဖိုးအလှည့်အပြောင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

**ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ မြန်မာရေးရာလေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies) က ကမ္ဘာရေးရာ ဆွေးနွေးပွဲများကို အပတ်စဉ်ကျင်းပပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုးအလှည့်အပြောင်းခေါင်းစဉ်ဖြင့် ဦးဇော်အောင်က ဆွေးနွေးသည်။**



**ကမ္ဘာရေးရာဆွေးနွေးပွဲတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်းမဟာဗျူဟာတန်ဖိုးအလှည့်အပြောင်း ခေါင်းစဉ်ဖြင့် ဦးဇော်အောင်က ဆွေးနွေးစဉ်။**

ယင်းဆွေးနွေးပွဲ အစီအစဉ်များသည် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရေးရာ လေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies) က မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ် အထောက်အပံ့ဖြစ်စေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများတွင် ပြည်သူများအကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးလျက်ရှိသော အစီအစဉ်များဖြစ်သည်။

**နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲ**

ဆွေးနွေးပွဲတွင် ဦးဇော်အောင်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်မှုနှင့်ဆိုင်သော စိန်ခေါ်မှုများ၊ အစိုးရသစ်လက်ထက် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာများ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်များ၊ ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်များနှင့် အလွှာစုံ ချိတ်ဆက်ဆောင်ရွက်မှုများ၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းမ ( China- Myanmar Economic Corridor –CMEC) ကို နှစ်နိုင်ငံအကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒေသတွင်းမဟာဗျူဟာတန်ဖိုးအလှည့်အပြောင်းကို ဆောင်ကြဉ်းပေးနိုင်မှု အခွင့်အလမ်း၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်လမ်းကြောင်း မဟာဗျူဟာစီမံကိန်း (Belt and Road Initiative-BRI) ဖော်ဆောင်မှုနှင့် မြန်မာဒီမိုကရေစီ အသွင်ကူးပြောင်းမှုတို့ တိုက်ဆိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှ နှစ်နိုင်ငံ နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ အကြောင်းကို ဆွေးနွေးသည်။

ဦးဇော်အောင်က "သုတေသီတစ်ယောက်အနေနဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနဲ့ ရပ်ဝန်းလမ်းကြောင်း မဟာဗျူဟာစီမံကိန်း ( Belt and Road Initiative – BRI) ကို ၂၀၁၇ ခုနှစ် လောက်ကတည်းက စိတ်ဝင်တစားလေ့လာဖြစ်တယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ တရုတ်နိုင်ငံခရီးစဉ်တွေမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေကို နားထောင်ဖြစ်တယ်။ နှစ်နှစ်တာကာလအတွင်း နေရာမျိုးစုံမှာ ပြောင်းလဲတိုးတက်လာတဲ့ သတင်းအချက်အလက်တွေကို နားထောင်တယ်၊ ဖတ်မှတ်တယ်၊ လေ့လာတယ်။ နိုင်ငံတကာက BRI နဲ့ ပတ်သက်ပြီး ရေးထားတဲ့ ဆောင်းပါး၊ သုတေသနစာတမ်းတွေကို လေ့လာတယ်။

"မြန်မာရေးရာမှာ ပင်တိုင်ဆောင်းပါးတွေ ရေးဖြစ်တယ်။ ဒီစီမံကိန်းတွေနဲ့ ပတ်သက်လို့ ထင်မြင်ယူဆချက်အမျိုးမျိုးတွေ ထုတ်ပြန်နေတာဖြစ်ပြီး အမှန်တကယ် ဖြစ်ပေါ်နေတဲ့ အနေအထားတွေနဲ့ပတ်သက်ပြီး ကွဲလွဲနေတယ်ဆိုတာကို တွေ့ရတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး လူထုကို ပြောပြချင်တယ်။ နိုင်ငံစုံပါဝင်တဲ့ စီမံကိန်းဆိုတာကိုလည်း ပြောပြချင်တယ်။ အခြေခံအဆောက်အအုံတွေ တည်ဆောက်တဲ့အပိုင်းနဲ့ ကုန်သွယ်မှုအပိုင်း နှစ်မျိုး မတူညီဘူးဆိုတာကိုလည်း သိစေချင်တယ်။ ဒါကြောင့် ဒီနေ့ပွဲမှာ လက်လှမ်းမီတဲ့ သတင်းအချက်အလက်တွေစုစည်းပြီး လူထုကို ဒီကနေတစ်ဆင့် ပြည့်ပြည့်စုံစုံပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆွေးနွေးတာပါ" ဟု ပြောသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လာကြသူများကလည်း သိရှိလိုသည့် အကြောင်းအရာများကို ကဏ္ဍအလိုက် မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်က "တရုတ်-မြန်မာစီမံကိန်းတွေနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် နားမလည်သေးတာတွေရှိတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ပိုပြီးနားလည်စေဖို့အတွက် ဒီလို ကမ္ဘာရေးရာဆွေးနွေးပွဲတွေလုပ်ပြီး အသိပညာဖလှယ်တာပါ။ နိုင်ငံတိုင်းမှာ နှစ်နိုင်ငံ ချစ်ကြည်ရေးခိုင်မြဲအောင်၊ စီးပွားရေးဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး လူထုနဲ့ လူမှုအဖွဲ့အစည်းတွေရဲ့အမြင်ပုံဖော်မှုတွေက အနည်းငယ်ကွဲလွဲမှုတွေရှိတယ်။ ဒါတွေကို ဘယ်လိုတွေ လုပ်သင့်တယ် မလုပ်သင့်ဘူးဆိုတာ၊ သွားသင့်တဲ့ လမ်းကြောင်းကို သွားနိုင်ဖို့အတွက် ဒီလိုဆွေးနွေးပွဲတွေ နားထောင်ပြီး ဝေဖန်သုံးသပ်နိုင်ဖို့ ကျင်းပတာ ဖြစ်ပါတယ်။ အကျိုးသက်ရောက်မှု တစ်စုံတစ်ရာရှိပါလိမ့်မယ်" ဟု ဆိုသည်။

ဇွန် ၁၆ ရက်က တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲ၊ ယီမင်စစ်ပွဲနှင့် နောက်ဆက်တွဲပြဿနာများ ခေါင်းစဉ်ဖြင့် ကမ္ဘာရေးရာဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ကမ္ဘာတွင် လတ်တလောဖြစ်နေသည့် အကြောင်းအရာများအပေါ်မူတည်ပြီး ကမ္ဘာရေးရာ ဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးသူ ဦးဇော်အောင်သည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်း တက္ကသိုလ်မှ နိုင်ငံတကာဖွံ့ဖြိုးရေးဘာသာရပ်ဖြင့် မာစတာဘွဲ့ရရှိခဲ့ပြီး မြန်မာရေးရာစာအုပ်တွင် သုတေသန ဆောင်းပါးများ ရေးသားလျက်ရှိကာ လက်ရှိတွင် ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနစာပေများကို ရေးသားလျက်ရှိသည်။

ယနေ့ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာရေးရာ လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ စာပေချစ်မြတ်နိုးသူများ ၊ ကမ္ဘာရေးရာ လေ့လာသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**ရတီ**

# စံပြုဖွယ်ရာ အမျိုးသားခေါင်းဆောင်၏ အမွေတစ်ခု၊ ရိုးသားဖြောင့်မတ်တည်ကြည်မှု

*ဒေါက်တာမြတ်မိုး*

**ရိုးသားဖြောင့်မတ်တည်ကြည်မှုဟူသော ကိုယ်ကျင့်တရားတစ်ခုသည် ကလေးလူရွယ်ဘဝကတည်းက ပြုစုပျိုးထောင်ပေးနေအပ်သော ကျင့်ဝတ်တစ်ခုဖြစ်ပါသည်။ ဤမျက်မှောက်လူ့ဘောင်ဝယ်ကိုယ်ကျင့်သိက္ခာပျက်ယွင်းပြီး ကောင်းသောအမူအကျင့်များကို ထိန်းသိမ်းရန်ခက်ခဲနေသော စိတ်ပိုင်းဆိုင်ရာအခြေခံဖွံ့ဖြိုးတိုးတက်မှုကို အသိပညာရင့်ကျက်စ လူငယ်လူရွယ်ဘဝကတည်းက တည်ဆောက်ထားနိုင်မှသာ ငြိမ်းချမ်းသောလူ့ဘောင်တစ်ရပ်နှင့် လှပသောအနာဂတ်တစ်ရပ်ကို ပုံဖော်ပေးနိုင်ပါမည်။**

**အာဇာနည်တစ်ဦး၏အရည်အချင်းများ**

နိုင်ငံ၏အမျိုးသားရေးခေါင်းဆောင်လည်းဖြစ်၊ ငယ်ရွယ်ပြီး ကြီးကျယ်ထင်ရှားသော အာဇာနည်ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းတွင် ဋီကာချဲ့၍မကုန်နိုင်သော စိတ်ပိုင်းဆိုင်ရာအရည်အချင်းများစွာ ရှိပါသည်။ ရိုးသားဖြောင့်မတ်တည်ကြည်မှုနှင့်အတူ ရည်ရွယ်ချက်ပေါ်တွင် ဆန္ဒပြင်းပြမှုဟူသော ခေါင်းဆောင်မှု၊ ခိုင်မာသောယုံကြည်ချက်နှင့် နိုင်ငံချစ်စိတ်ပြင်းပြမှု၊ ဆက်ဆံရေးကောင်းမွန်ပြီး ကြီးကြပ်လမ်းညွှန်မှုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်မှု၊ ရောင့်ရဲတင်းတိမ်မှုနှင့် အဂတိကင်းမှု၊ စည်းရုံးရေးမှူးကောင်းတစ်ယောက်ဖြစ်မှုနှင့် သူရဲကောင်း စိတ်ဓာတ်များသည် အာဇာနည်ဖြစ်ထိုက်သော အခြင်းအရာများပင်ဖြစ်ပါသည်။ ထိုထိုသော အရည်အသွေးပေါင်းများစွာအနက် ရိုးသားဖြောင့်မတ်တည်ကြည်မှုဟူသော လက်ရှိလောက၏ လိုအပ်ချက်ဖြစ်နေမှုတစ်ခုပေါ်တွင် နမူနာယူဖွယ်ရာ အမွေတစ်ခုအဖြစ် ဆက်ခံသုံးနှုန်းနိုင်ဖွယ်ရာများကို လေ့လာထုတ်နုတ်မိပါသည်။ ဖြောင့်မတ်တည်ကြည်ရိုးသားမှုဟူသော ယဉ်ကျေးမှုတစ်ရပ်ကို ယနေ့လူငယ်အစ လူကြီးအဆုံး စိမ့်ဝင်ပြန့်ပွားရန်အတွက် ကြိုးပမ်းတည်ဆောက်နေရချိန်၊ အာဇာနည်စိတ်ဓာတ်ဖြင့် အနစ်နာခံကျဆုံးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအမြင်အယူအဆ၊ ခေါင်းဆောင်မှုနှင့် နိုင်ငံနှင့်ပြည်သူများအတွက် စွန့်လွှတ်အနစ်နာခံနိုင်မှု ဂုဏ်ပုဒ်များကို လေ့လာကြည့်မိသည်။ တကယ့်စစ်မှန်သည့် အာဇာနည်ပီပီ မြင့်မြတ်ပြီးဆင်ခြင်တုံတရားရှိသော သူရဲကောင်းစိတ်ဓာတ်ရှိသူတစ်ဦးအဖြစ် အများကလက်ခံထားကြသည်မှာ အထူးဆိုဖွယ်ရာ မရှိပါ။ ဗိုလ်ချုပ်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကျောင်းသားခေါင်းဆောင်၊ တော်လှန်ရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ အာဇာနည်စိတ်ဓာတ်ကို ရိုးသားဖြောင့်မတ်မှုဟူသော ကိုယ်ကျင့်တရားက ရှေ့ဆောင်လိုက်သည့်အခါ မိမိအကျိုးထက် အများအကျိုးကို ရှေးရှုသူ၊ တန်ဖိုးရှိသူ၊ ကိုယ့်ကိုယ်ကိုယ် အမြဲနှိမ့်ချပြီး ဝေဖန်ပြုပြင်နေတတ်သူ၊ အားနည်းချက်ကို ဖော်ထုတ်တတ်ပြီး မာန်မတက်ဘဲ သူတော်ကောင်း စိတ်ဓာတ်ရှိသူ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်တစ်ဦးအဖြစ် ပြည်သူအားလုံးကို ဦးဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

**ရိုးသားမှုကို အခြေခံသည့် ညီညွတ်မှုစိတ်ဓာတ်**

ယနေ့ကာလဝယ် ရိုးသားဖြောင့်မတ်မှုဆိုသည့် ကိုယ်ကျင့်သီလသည် ရှားပါးပစ္စည်းတစ်ခု ဖြစ်၍နေပါပြီ။ တရားမျှတမှုကို ရှာဖွေကြမည်၊ ယုံကြည်မှုတည်ဆောက်ကြမည်၊ ခင်မင်ရင်းနှီးစွာဖြင့် ညီညွတ်ရေးကို ဦးတည်ကြမည်ဆိုပြီး တဖွဖွပြောဟောနေကြသော်လည်း ကိုယ်ကိုယ်တိုင်က ရိုးသားမှုက ချို့တဲ့၊ သမာသမတ်ကျမှုကလည်း ကင်းမဲ့သည့်အခါမှာ လိုအင်ဆန္ဒများ မပြည့်ခြင်း၊ ရည်မှန်းချက်ကိုမရောက်နိုင်ခြင်းများ တွေ့လာရတော့သည်။ ရိုးသားမှုကိုအခြေမခံလျှင် အချင်းချင်းထားရှိသော ကတိသစ္စာများ ပျက်ပြယ်သွားတတ်သည်။ နားလည်မှုလွဲပြီး ကွဲပြားမှုပါ ဖြစ်လာလျှင် တစ်ဦးနှင့်တစ်ဦး လေးစားမှုလည်း လျော့နည်းလာတော့သည်။ ရိုးသားဖြောင့်မတ်မှုနှင့်ယှဉ်သည့် ယုံကြည်မှုနှင့်သာ တရားမျှတမှုကို ရရှိနိုင်ပါမည်။ ဗိုလ်ချုပ်ပိုင်ဆိုင်သော ရိုးရိုးကျင့် မြင့်မြင့်ကြံ ဂုဏ်ပုဒ်များကြောင့် လူထု၏ကြည်ညိုလေးစားမှုကိုရရှိပြီး တိုင်းရင်းသားသွေးချင်းများပမာ တစ်နိုင်ငံလုံးစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်ခဲ့သည်။ ညီညွတ်ရေးကို တည်ဆောက်ရာတွင် တစ်ဦးအပေါ်တစ်ဦး သဘောထားပြည့်ဝမှု၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့သံသယကင်းမှု၊ အာဃာတမရှိမှု၊ မာန်မာနမထားမှု၊ ခေါင်းဆောင်စိတ်ဖြင့် တာဝန်ယူလိုမှုစသည့် ထူးခြားသောအရည်အချင်းများသည် ရိုးသားဖြောင့်မတ်မှုဟူသော တရားမရှိ၍ မဖြစ်ပေါ်နိုင်ပါ။ ယင်းစိတ်ဓာတ်အရင်းခံက လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရာတွင် အားလုံးတစ်သံတည်းထွက်စေသော ညီညွတ်မှုအင်အားကို ဖြစ်စေခဲ့သည်ကို သာဓကယူအပ်ပါသည်။

**ကလေးဘဝအရွယ်ကအစ ဖြောင့်မတ်မှန်ကန်ရန် လိုအပ်**

အခြေခံကျောင်းသားဘဝအရွယ်ကတည်းက မိမိကတပည့်ကလေးများအား ကိုယ်ကျင့်သိက္ခာသီလကို တည်ဆောက်ပေးလိုလျှင် ဗိုလ်ချုပ်၏ငယ်စဉ်ကလေးဘဝ ရိုးသားဖြောင့်မတ်မှုကိုလည်း နမူနာယူစေရန် လမ်းညွှန်ပေးသင့်သည်။ စပါးဝယ်ဈေးထက် မရိုးမဖြောင့်ဈေးတင်ပြောမိသော မိခင်ဒေါ်စုအား ဈေးဝယ်သူများရှေ့တွင်ပင် သဘောမကျပြောဆိုတတ်သော လေးနှစ်သားအရွယ် ဗိုလ်ချုပ်၏လိမ်ညာမှုကို ရှက်ရွံ့စက်ဆုပ်တတ်သည့် စရိုက်က ယနေ့လူငယ်များအတွက် သာဓကကောင်းဖြစ်စေသလို လိမ်လည်ပြောဆိုရမှာကိုလည်း ဝန်မလေးကြတော့သည့် ယနေ့လူအများစုတို့အတွက် သင်ခန်းစာယူဖွယ်ရာဖြစ်ပါသည်။ ဗိုလ်ချုပ်သည် မိမိ၏ သားသမီးများအား ကိုယ်ကျင့်တရားကောင်းမွန်ရန်နှင့် မှန်ကန်ဖြောင့်မတ်စိတ်ရှိကြရန် အထူးလိုလားပုံလည်းရသည်။ မိမိနှင့်နှိုင်းလျက် နိုင်ငံ့သားကောင်းသမီးကောင်းများဖြစ်လာစေရန် မျှော်မှန်းထားသည့်အတွက် ဇနီးဒေါ်ခင်ကြည်က ကလေးများအား ပြောဆိုဆုံးမစေရာတွင် အရာအားလုံးထက် ကိုယ်ကျင့်တရားကောင်းရန်နှင့် ဖြောင့်မတ်မှန်ကန်မှုကို အထူးအလေးပေး ပြောဆိုဆုံးမလေ့ရှိသည်ကို တွေ့ရသည်။ ထိုလက်တွေ့နမူနာက ယနေ့ကလေးသူငယ်ကျောင်းသားများနှင့် ထိတွေ့ဆက်ဆံရသော မိဘ၊ ဆရာနှင့်အဖွဲ့အစည်းခေါင်းဆောင်များက မိမိအနာဂတ်မျိုးဆက်များအတွက် စဉ်ဆက်မပြတ် ယဉ်ကျေးသောဝန်းကျင်ကောင်းတစ်ခု ဖန်တီးရာတွင် အလွန်အရေးကြီးပုံကို ပြသရာရောက်ပါသည်။



**"အရာအားလုံး၏အောင်မြင်ရာသည် ရိုးသားမှုကိုအခြေခံသည့် ကောင်းမွန်သော ကိုယ်ကျင့်တရားပင်ဖြစ်သည်ဆိုသော အချက်ကို ဗိုလ်ချုပ်က အမွေပေးခဲ့ပါသည်။ ဤကောင်းမြတ်သောအမွေကို ဆက်ခံပြီး ကိုယ်ကျင့်သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင်ထိန်းသိမ်း၍ အကျိုးစီးပွားဟန်ချက်မညီသော လူ့အသိုင်းအဝိုင်းအတွက် စိတ်ဓာတ်ရေးရာ အားကောင်းသောလူအများဖြင့် ပူးပေါင်းပါဝင်ထိန်းကျောင်းရန် လိုအပ်"**

**မိမိမှားယွင်းချက်အား ပြန်လည်ဝေဖန်ဆန်းစစ် ဝန်ခံရဲသည့်စိတ်**

စစ်ရေးခေါင်းဆောင်တစ်ဖြစ်လဲ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးကို ရမည်အထင်ဖြင့် အင်္ဂလိပ်ကို တော်လှန်ရန် ဂျပန်နှင့်ပူးပေါင်းတိုက်ပွဲဝင်ခဲ့ရသည်။ ဂျပန်ကို ယုံကြည်၍၊ အထင်ကြီး၍ ဂျပန်၏မျှော်မှန်းချက်ကို တိတိကျကျ ကြိုတင်မမြင်နိုင်ခဲ့ဘဲ လွဲမှားသော အတွေးအခေါ်ဖြင့် ပူးပေါင်းမိခဲ့ခြင်းကို မိမိကိုယ်မိမိ ပြန်လည်ဝေဖန်ဆန်းစစ်၍ မိမိမှားယွင်း ချို့ယွင်းချက်အတွက် ပွင့်လင်းတည်ကြည်စွာ ပြန်လည်ဝန်ခံတတ်မှုမျိုးသည် ခေါင်းဆောင်ကောင်းတစ်ယောက်၏ ရိုးသားတည် ကြည်မှုပင်ဖြစ်သည်။ ခေါင်းဆောင်တစ်ယောက်အနေဖြင့် အမှားကို ဖွင့်ဟဝန်ခံခြင်းသည် ရှက်ရွံ့စရာတစ်ခုမဟုတ်သလို လိမ်ညာပြောခြင်းသည်သာ ဖြောင့်မတ်မှု၏ ဆန့်ကျင်ဘက်ဟု ခံယူတတ်ရန် အရေးကြီးကြောင်း ပြောဆိုခဲ့ပုံကို မှတ်သားမိပါသည်။ ဗြိတိသျှနံပါတ် ၁၄ တပ်မကြီး၏ သေနာပတိ ဗိုလ်ချုပ်ဆာဝိလျံဆလင်းကိုယ်တိုင်ပင် ဗိုလ်ချုပ်၏ပြတ်ပြတ်သားသား ပြန်လည်ဝေဖန်ရေးလုပ်ရဲမှုကို ချက်ချင်းအကဲခတ်မိပြီး ခေါင်းဆောင်ကောင်းတစ်ယောက်၏ ရဲတင်းပွင့်လင်းမှုတစ်ခု၊ ရိုးသားတည်ကြည်မှုတစ်ခု၊ စစ်မှန်သောမျိုးချစ်တစ်ယောက်အဖြစ် အသိအမှတ်ပြောကြားခဲ့သည်ကိုလည်း မှတ်သားခဲ့ရဖူးပါသည်။

**ရိုးသားမှုနှင့် အဂတိကင်းမှု**

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဂျပန်ခေတ်အစိုးရတွင် ဗိုလ်ချုပ်၏တန်ခိုးသြဇာက ပိုမိုကြီးမားလှသည်။ ပြည်သူလူထုတစ်ရပ်လုံးနှင့် တိုင်းရင်းသားအားလုံး၏ အမှန်တကယ် ကြည်ညိုလေးစားမှုကိုပါ ရရှိလောက်အောင် တန်ခိုးအရှိန်အဝါက ကြီးမားလွန်းသော်လည်း တိုင်းပြည်နှင့်ပြည်သူအပေါ်သစ္စာမဖောက်ဘဲ မိမိရရှိထားသည့် ရာထူးသြဇာအာဏာကို အလွဲသုံးစားမပြု၊ အဂတိကင်းစွာဖြင့် သိုသိပ်စွာနေထိုင်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဗိုလ်ချုပ်ကို လောဘရမက်ကြီးသူတစ်ယောက်မဟုတ်သူ၊ ကိုယ့်စိတ်ကို နိုင်နိုင်နင်းနင်း ထိန်းသိမ်းချုပ်တည်းနိုင်သူတစ်ဦးအဖြစ် မှတ်ယူနိုင်သည်။ လေ့လာမှုများအရ ဂျပန်ခေတ်တွင် မိမိအရှိန်သြဇာအာဏာသုံးကာ သုံး၍မကုန်နိုင်အောင်စုဆောင်းနိုင်သူ၊ ချမ်းသာကြွယ်ဝသွားကြသူများ ထင်ထင်ရှားရှားရှိခဲ့သော်လည်း ဗိုလ်ချုပ်၏ချို့တဲ့လွန်းသော ဝတ်စားဆင်ယင်နေထိုင်မှုပုံစံက သူ့ထံတွင် လွတ်လပ်ရေးအတွက် ဆန္ဒရမ္မက်ကလွဲ၍ စိုးစဉ်းမျှ လောဘမရှိကြောင်း၊ အစစ်ဆေးခံရဲသည့် အနေအထားတွင်ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ဗိုလ်ချုပ်၏ရိုးသားဖြောင့်မတ်မှုနှင့် အဂတိကင်းရှင်းပုံသည် ယနေ့ခေတ် လူငယ်လူရွယ်များအတွက် စံပြအတုယူဖွယ်ရာ ဖြစ်သင့်ပါသည်။ ကိုယ်ကျင့်သိက္ခာ ခေါင်းပါးမှုနှင့်အတူ ဖြောင့်မတ်တည်ကြည်မှုလည်း များစွာလျော့ပါးလာသည့် အခြေအနေတွင် ကိုယ်ကျင့်တရားပြည့်ဝသော နိုင်ငံသားများဖြစ်စေရန်နှင့် အနာဂတ်နိုင်ငံပုံရိပ်ကောင်းကို ပုံဖော်တည်ဆောက်ရန်အတွက် မျိုးဆက်သစ်လူငယ်များအား တာဝန်သိစိတ်ဖြင့် ပါဝင်လာစေရန် နိုင်ငံတော်က အလေးအနက်ထား လေ့ကျင့်ပျိုးထောင် ပေးနေမှုများလည်း တွေ့မြင်နေရပြီဖြစ်ပါသည်။

**သံမှိုနှက်သကဲ့သို့ စွဲမြဲနေရမည့် ရိုးဖြောင့်တည်ကြည်မှု**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များပါဝင်လာပြီဆိုလျှင် များစွာဂုဏ်ယူဝမ်းသာရပါမည်။ ဖြောင့်မတ်တည်ကြည်မှုမရှိခြင်းသည် အဂတိတရားကို ဖြစ်ပေါ်စေသလို လူမှုဘဝဆင်းရဲမွဲတေမှုကိုလည်း ဖြစ်ပေါ်စေသည်။ ရိုးသားဖြောင့်မတ်ခြင်းသည် မိမိတွေးတော ကြံစည်သမျှ၊ ပြောဆိုမှုအစုစု၊ လုပ်ကိုင်မှုအဝဝကို မိမိကိုယ်မိမိသစ္စာစောင့်သိစွာဖြင့် တစ်ဖြောင့်တည်း ကြံစည်ပြောဆိုလုပ်ကိုင်ခြင်းပင်ဖြစ်သည်။ ရိုးဂုဏ်နှင့် တည်ကြည်မှု အားနည်းသည်နှင့်အမျှ လူ့အဖွဲ့အစည်းတစ်ခုအတွင်း ဖွံ့ဖြိုးတိုးတက်မှုလည်း နှေးကွေး၊ အများပြည်သူ စိတ်ချမ်းသာမှုနှင့်လည်း ဝေးကွာသွားနိုင်ပါသည်။ အခြေခံပညာအဆင့်တွင် ပြည်သူ့နီတိအခြေခံသဘောတရားများ ခိုင်ခိုင်မာမာပန္နက်တည်စိုက်ထူပေးနိုင်မှ ယနေ့လူ့အဖွဲ့အစည်းအတွင်း လည်နေသော အဆိုးသံသရာကို ရပ်တန့်နိုင်မည်ဟု ယုံကြည်ပါသည်။ မက်မောဖွယ်ရာအာရုံများဖြင့် ထိပ်တိုက်တွေ့ကြုံရတိုင်း မိမိတွင်အစဉ်တည်သော ရိုးဖြောင့်မှုဖြင့် ဖယ်ခွာရှောင်ရှားနိုင်အောင် ကလေးသူငယ်ဘဝကအစကတည်းက အလေ့အကျင့်များစွာ ပြုပေးရပါမည်။ မိမိအစွမ်းအစမပါဘဲ မိမိနှင့်ထိုက်တန်သောအရာဟူသည် ဘာမျှ မရှိဆိုသည်ကို သံမှိုနှက်သကဲ့သို့ စွဲမြဲနေအောင် အလေ့အထများစွာပြုပေးထားရပါမည်။ ယင်းအရည်အချင်းများအားလုံးမိမိတို့ စံပြုထားရာ အာဇာနည်ခေါင်းဆောင်ကြီးထံမှ နမူနာယူအပ်သည်ကို အစဉ်တိုက်တွန်းနေအပ်ပါသည်။

**လေးစားဖွယ်ရာ အခြားပုဂ္ဂိုလ်များကိုလည်း နမူနာယူအပ်**

ဗိုလ်ချုပ်ကဲ့သို့သော ရိုးဖြောင့်မှုများ လူအများစုတွင် ပွားများနိုင်လျှင်ဆိုသော အတွေးမျိုး ရံဖန်ရံခါတွေးမိတတ်ကြပေလိမ့်မည်။ ကိုယ်ကျင့်သီလကို မိဘ၊ ဆရာသမားများအပါအဝင် လူ့အဖွဲ့အစည်းက နေရာပေးနေသမျှ ဦးစားပေးနေသမျှ အကျင့်ဖောက်ပြန်မှုများဝင်လာရန် ခဲယဉ်းနေပါလိမ့်မည်။ ယခုတော့ အဂတိကင်း၍ ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုတစ်ရပ်ရရှိရေးအတွက် ပြင်းပြင်းထန်ထန် ဘက်ပေါင်းစုံက ကြိုးစားဆောင်ရွက်နေရသည်။ ပို၍ သေချာသည်ကတော့ အနာဂတ်လူ့အဖွဲ့အစည်းတွင်နေရာယူလာမည့် မျိုးဆက်သစ်များထံတွင်ဖြစ်ပါသည်။ မျက်မှောက်လူငယ်များအတွက် ယဉ်ကျေးမှုကောင်းစွမ်းရည်မြှင့် အမွေပေးရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေသဘောထား၊ ပရဟိတအမြင်၊ ရင့်ကျက်တည်ငြိမ်မှု၊ တရားမျှတမှုများကို အလေးပေးဖော်ပြသကဲ့သို့ ဗိုလ်ချုပ်ကဲ့သို့ပင် ရိုးသားဖြောင့်မတ်ပြီး ကိုယ်ကျင့်သိက္ခာပြည့်ဝသော အခြားနိုင်ငံရေးခေါင်းဆောင်များ၊ စစ်ရေးခေါင်းဆောင်များ၊ ပရဟိတပုဂ္ဂိုလ်များ၏ စံနမူနာပြအရည်အချင်းများလည်း ပါဝင်သင့်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် များစွာရှိသည့် ဤပုဂ္ဂိုလ်မြတ်များ၏ အရည်အချင်းများကို အသိအမှတ်ပြုနာယူစေခြင်းဖြင့် မကောင်းသော အမူအကျင့်များတိုက်ဖျက်ရေးတွင် လူထုတစ်ရပ်လုံးပါဝင်လာစေရန် ပိုမိုလှုံ့ဆော်ပေးနိုင်ပါသည်။

**ရိုးဖြောင့်မှုနှင့် အပြန်အလှန်ယုံကြည်မှု**

မိမိထံတွင် ရိုးသားမှုရှိမှ ဖြောင့်မတ်သစ္စာရှိပါမှသာ မိမိက အမှန်တရားဘက်က ရပ်တည်ပေးနိုင်သလို အမှန်တရားဘက်တော်သားများကလည်း မိမိဘက်တွင်ရှိနေပါလိမ့်မည်။ ကိုယ်ကျင့်သီလမြဲမြံတည်တံ့သူတစ်ဦးသည် ဘယ်အရာကအမှန်၊ ဘယ်အရာကအမှားဆိုသည်ကို ရှင်းလင်းစွာသိရှိနိုင်သည်။ စိတ်ရှင်း၍အမြင်ရှင်း၊ အတွေးလည်းမှန်၍ အရာရာကို အပြုသဘောမြင်ပေးနိုင်စွမ်းရှိနေသောကြောင့်ဖြစ်သည်။ ဆင်ခြင်တုံတရားအခြေခံသောအလုပ် မှန်ကန်မှုက အများ၏တန်ဖိုးထားမှုနှင့် ယုံကြည်မှုကိုရရှိပြီး အပြန်အလှန်ယုံကြည်မှုကို အရင်းတည်ကာ ညီညွတ်မှုနှင့် ငြိမ်းချမ်းမှုကို တည်ဆောက်နိုင်ပါသည်။ ရိုးသားဖြောင့်မတ်မှုရှိသူတစ်ဦးသည် မိမိမှန်သည်ထင်သည့်အရာကို ရဲဝံ့ပြတ်သားစွာဆုံးဖြတ်တတ်ပြီး အကျိုးဆက်အပေါ်တွင်လည်း အများအပေါ်အပြစ်မတင်ဘဲ တာဝန်ယူတတ်သည်။ သို့ဖြင့် မိမိကိုယ်မိမိ အောင်နိုင်သူတစ်ဦး ဖြစ်လာသလို ပတ်ဝန်းကျင်အပေါ်တွင်လည်း လွှမ်းမိုးမှုရှိလာသည်။ ဤကဲ့သို့ အစွမ်းအစများကို ဗိုလ်ချုပ်အပါအဝင် ရိုးသားဖြောင့်မတ်တည်ကြည်မှုဂုဏ်ဆောင်သည့် သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ယူဖွယ်နမူနာများကိုပေး၍ လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင် ရန်လိုအပ်နေပါသည်။

အရာအားလုံး၏အောင်မြင်ရာသည် ရိုးသားမှုကိုအခြေခံသည့် ကောင်းမွန်သော ကိုယ်ကျင့်တရားပင်ဖြစ်သည်ဆိုသော အချက်ကို ဗိုလ်ချုပ်က အမွေပေးခဲ့ပါသည်။ ဤကောင်းမြတ်သော အမွေကို ဆက်ခံပြီး ကိုယ်ကျင့်သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင်ထိန်းသိမ်း၍ အကျိုးစီးပွားဟန်ချက်မညီသော လူ့အသိုင်းအဝိုင်းအတွက် စိတ်ဓာတ်ရေးရာ အားကောင်းသော လူအများဖြင့် ပူးပေါင်းပါဝင်ထိန်းကျောင်းရန် လိုအပ်နေပါသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းရန်သည် နိုင်ငံတွင်တန်ဖိုးရှိသော နိုင်ငံ့သားကောင်းရတနာ၊ ကျောက်ကောင်းမျိုးစေ့များ များစွာမွေးထုတ်နိုင်ရေးပင်ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်မှုဟူသောဂုဏ်သည် သူတော်ကောင်းတို့၏ တကယ့်ခွန်အားရှိသော တရားတစ်ခုလည်းဖြစ်သည့်အတွက် ခိုင်ခိုင်မာမာ ခံယူဆောက်တည်ခြင်းဖြင့် နိုင်ငံနှင့်ပြည်သူအပေါ် သစ္စာရှိသူများ၊ မှန်ကန်သောအသိအမြင်ဖြင့် တာဝန်ဝတ္တရားလေးစားသူများ၊ တာဝန်ယူ တာဝန်ခံစိတ်အပြည့်ဖြင့် အလုပ်ကို ထိထိရောက်ရောက် အောင်မြင်စေသူများ၊ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်ကြစေရန်ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။

**"မိမိက ရိုးဖြောင့်မှန်ကန်စွာ ဆက်ဆံပေးခြင်းဖြင့် တစ်ပါးသူထံမှ အလားတူဆက်ဆံမှုမျိုးကို ပြန်လည်ရရှိနိုင်ပါစေ"။ ။**

# စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

မကွေး ဇူလိုင် ၁၃

**မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ မကိုဋ်သုံးဆင့် ရွှေထီးတော်ဆက်ကပ်ခြင်း၊ လုံးတော်ပြည့်ရွှေရောင် စတီးသင်္ကန်းကပ်လှူခြင်းနှင့် ထီးတော်ဟောင်းကို ထီးစေတီအသစ်တည်ထားကိုးကွယ်ခြင်း မင်္ဂလာအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ဝင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

ရှေးဦးစွာ ထီးတော်သစ်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို စေတီတော်၏ တနင်္ဂနွေထောင့်ရှိ အင်ကြင်းတောဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ ဒုတိယကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တနာဂဒီပ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော်များထံမှ ကိုးပါးသီလနှင့် ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တနာဂဒီပ အရှင်သူမြတ်ထံမှ ဩဝါဒကထာနာယူ၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော် အရှင်သူမြတ်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ အကျိုးတော်ဆောင်ချုပ်၊ သာသနာဓဇမ္မာစရိယဘဒ္ဒန္တဓမ္မာစာရ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလှူရှင်မိသားစုနှင့်အတူ စေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ မကိုဋ်သုံးဆင့် ရွှေထီးတော်ဘုံဆင့်များကို စေတီတော်ရင်ပြင်တွင် လက်ယာရစ်သုံးကြိမ်လှည့်လည်အပူဇော်ခံပြီး ပထမဘုံမှ သတ္တမဘုံအဆင့်ထိ ပင့်ဆောင်ပူဇော်ကြသည်။

ယနေ့ကျင်းပသည့် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး ရတနာ စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားသို့ အာရှဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ အဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံမှ ဆရာတော်အရှင်သူမြတ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ- နေလင်း**



ရှေးဟောင်းသမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်ကို ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို ပူဇော်ကြည်ညိုစဉ်။ သတင်းစဉ်

# ကရင်ပြည်နယ်အတွင်းရှိ နေရပ်ပြန်တိုင်းရင်းသားပြည်သူများနှင့် မိသားစုဝင်များအား ကြိုဆိုအားပေးခြင်းနှင့် ထောက်ပံ့ခြင်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

ကရင်ပြည်နယ်အတွင်းရှိ နေရပ်ပြန်တိုင်းရင်းသားပြည်သူများနှင့် မိသားစုဝင်များအား ကြိုဆိုအားပေးခြင်းနှင့် ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကရင်ပြည်နယ်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကရင်ပြည်နယ်အတွင်းရှိ နေရပ်ပြန်တိုင်းရင်းသားပြည်သူများနှင့် မိသားစုဝင်များအား ထောက်ပံ့ပေးအပ်စဉ်။ သတင်းစဉ်

### ရည်မှန်းချက်(၃)ခု ချမှတ်ထား

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေရပ်ပြန်တိုင်းရင်းသားပြည်သူများနှင့် မိသားစုဝင်များအား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး စသည့်ရည်မှန်းချက်(၃)ခု ချမှတ်ထားပါကြောင်း။

### တရားဥပဒေစိုးမိုးမှုရရှိစေရန်

ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာလုပ်ငန်းတာဝန်များအလိုက် ဝန်ကြီးဌာနများက တာဝန်ယူ၍ဆောင်ရွက်နေကြပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တရားဥပဒေစိုးမိုးမှုရရှိစေရန် တရားသောဥပဒေ၊ နည်းဥပဒေများကို ဖော်ဆောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

### အလုပ်အကိုင်အခွင့်အလမ်းရရှိရေး

ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် ပေါင်းစည်းလာကြသည့် တိုင်းရင်းသားပြည်သူများသည် မိမိတို့၏ ဘဝရပ်တည်မှုအာမခံချက်ရှိအောင် ကြိုးစားခွင့်ရကြမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန် လတ်တလောစားဝတ်နေရေးကိစ္စများကို ကူညီထောက်ပံ့မည် ဖြစ်ပါကြောင်း၊ သင့်တော်မည့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရနှင့်အတူ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

### စားဝတ်နေရေးအဆင်ပြေစေရန်

ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ယခုနေရပ်ပြန်လည်ဝင်ရောက်လာကြသူများသည် မိမိတို့တိုင်းရင်းသားပြည်သူ များဖြစ်ကြ၍ မိမိတို့ပိုင်ဆိုင်သည့် ပြည်နယ်၊ မိမိတို့ပိုင်ဆိုင်သည့် ပြည်ထောင်စုနိုင်ငံအတွင်း အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ကြပြီဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ မိမိတို့၏ သားစဉ် မြေးဆက်အေးချမ်းလုံခြုံသော လူနေမှုစနစ်ကို လက်ဆင့်ကမ်းပေးနိုင်တော့မည် ဖြစ်ပါကြောင်း၊ စားဝတ်နေရေးအဆင်ပြေစေရန် လိုအပ်သောပံ့ပိုးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေရပ်ပြန်တိုင်းရင်းသားပြည်သူများအတွက် ထောက်ပံ့မှုများပေးအပ်ရာ အိမ်ထောင်စု ၁၀၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် စားနပ်ရိက္ခာဖိုးသုံးလစာအပါအဝင်ငွေကျပ် ၁၂၅၀၀၀ နှုန်းနှင့် ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ကရင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက အိမ်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ပစ္စည်း ၂၂ မျိုးပါဝင်သော Family Kit တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နေရပ်ပြန်တိုင်းရင်းသားပြည်သူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

### ညှိနှိုင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေး စခန်းတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက တာဝန်ယူဆောင်ရွက်နေသည့် ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

အိမ်ထောင်စု ၉၀၊ လူဦးရေ ၄၅၄ ဦးတို့အပါအဝင် လယ်ကုန်းရပ်ကွက်အတွင်း၌ အိမ်ထောင်စု ၄၉၅ စု၊ လူဦးရေ ၂၈၉၀၊ စီတာပူရပ်ကွက်၌ အိမ်ထောင်စု ၁၃၀၊ လူဦးရေ ၇၉၂ ဦး၊ ရမ်ပူရပ်ကွက်အတွင်း အိမ်ထောင်စု ၆၀၉ စု၊ လူဦးရေ ၂၅၉၄ ဦးနှင့် ရမ်ပူမေတ္တာစိမ့်စမ်းရေမိဘမဲ့ဂေဟာတွင် လူဦးရေ ၄၂ ဦး၊ ကြက်ပေါင်ခြံရပ်ကွက်တွင် အိမ်ထောင်စု ၁၆၆ စု၊ လူဦးရေ ၈၆၉ ဦး၊ မြို့သစ်ကြီးရပ်ကွက်အတွင်း အိမ်ထောင်စု ၁၅၉ စု၊ လူဦးရေ ၈၅၂ ဦး၊ ပမ္မတီးရပ်ကွက်အတွင်း အိမ်ထောင်စု ၁၂၈ စု၊ လူဦးရေ ၅၈၇ ဦးနှင့် ရွှေညောင်ပင်ရပ်ကွက်အတွင်း အိမ်ထောင်စု ၉၆ စု၊ လူဦးရေ ၄၅၀ စုစုပေါင်းအိမ်ထောင်စု ၂၀၃၅ စုနှင့် လူဦးရေ ၁၀၃၀၃ ဦးတို့ကို သက်ဆိုင်ရာ ရပ်ကွက်များအတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ နှစ်ခြင်း၊ ကက်သလစ်ခရစ်ယာန်အသင်းတော်များ၊ ဂေါ်ရခါးဓမ္မာရုံ၊ ကွန်ဖြူးရှပ်ကျောင်း စသည့်ယာယီကယ်ဆယ်ရေးစခန်း ၂၆ ခုတွင် ရွှေ့ပြောင်းနေရာချထားပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများအပြင် စားသောက်ရေးအတွက် မုန့်၊ ထမင်းထုပ်များနှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ထန်းတပင်မြို့နယ်၌ပြုလုပ်မည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် လှည်းကူးမြို့နယ်၌ပြုလုပ်မည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ငါးဦးက ဆွေးနွေးခဲ့ကြသည်။ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နဝမပုံမှန်အစည်းအဝေး နဝမနေ့ဖြစ်သည့် ဇူလိုင် ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက စက်မှုဥယျာဉ်မြို့တော်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေး အဆိုကိုတင်သွင်းခဲ့ရာ ဇူလိုင် ၁၂ ရက်တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်က သဘောတူအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၇ ဒသမ ၆၄ လက်မ၊အမ်းမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ဥက္ကံမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ပလက်ဝမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မော်ဘီမြို့တွင် ၃ ဒသမ ၂၂ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၉၁ လက်မ၊ မတူပီမြို့တွင် ၂ ဒသမ ၁၇ လက်မနှင့် နေပြည်တော်နှင့် တောင်ငူမြို့တို့တွင် ၂ ဒသမ ၀၅ လက်စီ တို့ဖြစ်ကြသည်။ **မိုး/ဇလ**

# မန္တလေးမြို့တွင် အမှိုက်ကျင်းများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ရေဆိုးထုတ်မြေလွှာခင်းခြင်း အဆင့်လေးစီမံကိန်း စတင်အကောင်အထည်ဖော်

**မန္တလေး ဇူလိုင် ၁၃**

စွန့်ပစ်အမှိုက်ကျင်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် ရေဆိုးထုတ်မြေလွှာခင်းခြင်း အဆင့်လေးစီမံကိန်း (level 4 Sanitary landfill) ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာအနီးရှိ ကျောက်ကြမ်းတောင်ဒေသတွင် စတင်အကောင်အဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့၏ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်အမှိုက်များအား အဆိုပါမြို့နယ်ရှိ ကျောက်ကြမ်းတောင် အမှိုက်ကျင်းနေရာတွင် စုပုံစွန့်ပစ်လျက်ရှိရာ လက်ရှိအခြေအနေတွင် နေရာမလုံလောက်မှုကြောင့် တိုးချဲ့ဆောင်ရွက်ခြင်းအပြင် အဆိုပါစွန့်ပစ်အမှိုက်များမှ ထွက်ရှိလာသည့် ရေဆိုးများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုမရှိစေရန် ရည်ရွယ်၍ ယခုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က အဆိုပါစီမံကိန်းလုပ်ငန်းခွင်သို့ လာရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည်။

"အမှိုက်ပုံဟောင်းတွေကနေ ထွက်လာတဲ့ ရေဆိုးက မြေအောက်ရေကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေတဲ့အတွက် ထွက်လာမယ့် ရေဆိုးတွေကို မြေကြီးထဲစိမ့်မဝင်အောင် ပိုက်တွေနဲ့ စုဆောင်းပြီး သန့်စင်အောင် ပြုလုပ်သွားမှာပါ။ တစ်နာရီကို ရေဆိုး ဂါလန် ၅၀၀၀ သန့်စင်နိုင်မယ့် စီမံကိန်းအတွက် လာမယ့် ဘတ်ဂျက်မှာ ရထားပြီးပါပြီ။ မြေအောက်ရေ စုဆောင်းရေးပိုက်တွေကို ၆၃၀ မီလီမီတာ Perforated HDPE main pipes ပေ ၉၀၀ နဲ့ ၃၁၅ မီလီမီတာ HDPE branch pipes ပေ ၂၁၀၀ နဲ့ စုဆောင်းရယူမှာပါ။ အမှိုက်ကထွက်လာမယ့် မီသိန်းဓာတ်ငွေ့တွေကိုလည်း စုဆောင်းပြီး ဂျန်နရေတာနဲ့ လျှပ်စစ် ၇၅ ကီလိုဝပ် ထုတ်လုပ်မှာပါ။ အမှိုက်ကျင်းမှာ ပြန်သုံးဖို့ပါ။ တစ်နာရီကို အမှိုက် ၂၅ တန်ကနေ တန် ၅၀ အထိ အမှိုက်ရှစ်မျိုးကို ခွဲခြားရွေးနိုင်မယ့် စီမံကိန်းအတွက်လည်း မြေညှိတဲ့ လုပ်ငန်းတွေ စတင်နေပြီ။ ဒီစီမံချက်အတွက် တင်ဒါလည်း ခေါ်ပြီးသွားပါပြီ။ အားလုံးပြီးစီးသွားရင် အမှိုက်တန်ချိန် ၄၆၀၀၀၀ ကို လက်ခံဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်"ဟု မြို့တော်ဝန်က ဆက်လက်ရှင်းလင်းပြောကြားသည်။



စီမံကိန်းလုပ်ငန်းခွင်၌ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

လက်ရှိတွင် အဆိုပါဒေသ၌ စီမံကိန်းတွင် ပါဝင်သည့် အမှိုက်များမှ ထွက်ရှိလာမည့် ရေဆိုးများ မြေအောက်သို့ စိမ့်မဝင်နိုင်စေရန် ၂ မီလီမီတာအထူရှိ မြေလွှာအခင်းပြားကို စတုရန်းပေ ၃၃၀၀၀၀ ကျော် ခင်းကျင်းဆောင်ရွက်ခြင်း၊ မိုးရေနှင့် ပတ်ဝန်းကျင်ရှိ လယ်မြေများမှ စိမ့်ဝင်လာနိုင်သော မြေအောက်ရေများ ရေလွှာအခင်းပေါ် ရောက်ရှိမလာစေရန် အခင်းများအောက်တွင် စိမ့်ဝင်ခြင်း၊ မြေအောက်ရေစုဆောင်းခြင်းပိုက်အား ပေသုံးထောင်ကျော် တပ်ဆင်ခြင်းနှင့် ပိုက်အတွင်း ဝင်ရောက်လာမည့် မြေအောက်ရေများအား စုပ်ထုတ်ရန် sensor type submersable pump သုံးခု တပ်ဆင်ခြင်းလုပ်ငန်းများအပြင် ရေဆိုးများ စုဆောင်းနိုင်ရန် ဂါလန်တစ်သိန်းခွဲဆံ့ ကွန်ကရစ်ကန် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းသည် မန္တလေးမြို့တော် စွန့်ပစ်အမှိုက်စီမံချက် (Waste Management Strategy and Action Plan for Mandalay City 2017-30) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဖျာပုံမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှုတွင် ပြည်သူများပူးပေါင်းပါဝင်လာစေရန် မော်တော်ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ




**ဖျာပုံ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖျာပုံခရိုင် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှုအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် မော်တော်ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၁၀ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေနှင့် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်တို့က အမှာစကားပြောကြားကြပြီး ဖျာပုံမြို့နယ် အမှတ်(၈၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ဇာနည်ထွန်းက ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများဖြစ်သော မော်တော်ဆိုင်ကယ်များအနေဖြင့် သွားလာရာ လမ်းဘေးဝဲယာ သတိပေးအချက်ပြဆိုင်းဘုတ်များအား သတိထားမောင်းနှင်ကြရန်နှင့် မော်တော်ယာဉ်အချက်ပြမီးများ စနစ်တကျတပ်ဆင်ထားရန် စသော မော်တော်ယာဉ်မောင်းနှင်ရာတွင် သိရှိရမည့်အချက်များ အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် ဆိုင်ကယ်စီးဦးထုပ်များအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဖျာပုံမြို့နယ်၏ လွှတ်လပ်ရေးပွဲတော်တွင်ရရှိသည့် ရန်ပုံငွေမှ ဦးထုပ်အလုံး ၅၀၀၊ ဆက်သွယ်ရေးအော်ပရေတာ Mytel မှ လှူဒါန်းသော ဦးထုပ်အလုံး ၁၀၀ စုစုပေါင်း ဆိုင်ကယ်စီးဦးထုပ် အလုံး ၆၀၀ အား တက်ရောက်လာကြသော ပြည်သူများထံ အခမဲ့ပေးအပ်သည်။ (ဓါတ်ပုံ)

ဆက်လက်၍ အခမ်းအနားအပြီးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆောင်၍ တက်ရောက်လာသော ပြည်သူများနှင့်အတူ အခမဲ့ဖြန့်ဝေပေးထားသည့် ဆိုင်ကယ်စီး ဦးထုပ်များ ဆောင်းကာ အခမ်းအနားကျင်းပရာနေရာမှစတင်၍ ဖျာပုံမြို့တွင်းသို့ တစ်ပတ်စီးနင်းကာ(ဓါတ်ပုံ) ယာဉ်အန္တရာယ်ကင်းရှင်းရေး ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် လှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြို့နယ်များ၌ မူခင်းအသိပညာပေးဟောပြော

**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရဲကျေးရွာ ဓမ္မသာရဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် နယ်မြေရဲစခန်းမှူး ရဲအုပ်မောင်ဝင်းက ကျေးရွာလူထုများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးတို့ကို မူခင်းအသိပညာပေး ဟောပြောကြောင်း သိရသည်။

**၀၀၇**

**ရေစကြို**

ပခုက္ကူခရိုင် ရေစကြိုမြို့တွင် သက်ငယ်မုဒိမ်းနှင့် အမျိုးသမီးများအကြမ်းဖက်ခံရမှု ဆန့်ကျင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များနှင့် အသိပညာပေးစတစ်ကာများဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်များနှင့်စတစ်ကာများဖြန့်ဝေခြင်းကို ရေစကြိုမြို့ဝင် လမ်းဆုံနှင့် လူစည်ကားရာ မြို့မဈေးအနီးတွင် ဆောင်ရွက်ခဲ့ကြကြောင်း ရေစကြိုမြို့နယ် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ မြို့နယ်အတွင်းရေးမှူး ကိုကျော်သူသူထံက သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၃**

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများစုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ ကြေးမုံ၊ မြန်မာ့အလင်းနှင့် နေပြည်တော် သတင်းစာတိုက်ဝန်ထမ်းများ စုပေါင်း၍ ယနေ့ ညနေပိုင်းက ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော် သတင်းစာတိုက်ဝင်းအတွင်း သစ်ပင် ၂၀၀ ကျော် စိုက်ပျိုးကြသည်။

**စုပေါင်းစိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် သတင်းစာတိုက်များမှ ဝန်ထမ်းများက နေပြည်တော် နေပြည်တော် သတင်းစာတိုက်ဝင်းအတွင်း ကျွန်းပင် ၁၀၀၊ ယင်းမာပင် ၅၀၊ မဲဇလီပင် ၅၀ နှင့် အုန်းပင် ၁၈ ပင် စုစုပေါင်း သစ်ပင် ၂၁၈ ပင်ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**



မိတ္ထီလာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ဒေသခံပြည်သူများအတွက် ထင်း၊ မျော၊ တိုင် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက်က သဖန်းပင်ရိုးကျေးရွာရှိ ကျေးရွာဘက်စုံသုံးစိုက်ခင်းတွင် ပြုလုပ်ရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ စုပေါင်းစိုက်ပျိုးကြစဉ်။ သိန်းမြင့်ကျော်(မိတ္ထီလာ)

# ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုဂံဒေသ ရေရှည်တည်တံ့စေရန် အားလုံးပူးပေါင်းပါဝင်မှုဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားမည်

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ဦး ကျော် ဦး လွင်

**မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၁၀ ရက်နေ့အထိ ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးမှ ဇူလိုင် ၆ ရက်နေ့က သတ်မှတ်ကြေညာခဲ့သည်။ ထိုသို့ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံဒေသအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် ယခုလိုတွေ့ဆုံမေးမြန်းခဲ့ပါသည်။**



**မေး။ ။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် သတ်မှတ်နိုင်ဖို့ အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနဲ့ ပတ်သက်ပြီး သိလိုပါတယ်။**

ဖြေ။ ။ ပုဂံရှေးဟောင်းနယ်မြေဟာ မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ပထမအကြိမ်အနေနဲ့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့တာက ၂၀၁၄ ခုနှစ်မှာ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပျူမြို့ဟောင်း သုံးမြို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ ပုဂံကို စပြီး ၁၉၉၆ ခုနှစ်မှာ ယူနက်စကို ကို တင်သွင်းခဲ့ပေမယ့် အဲဒီအချိန်က ကျွန်တော်တို့နိုင်ငံမှာ ယဉ်ကျေးမှု အမွေအနှစ်တွေ ကာကွယ်ထိန်းသိမ်းမယ့် ဥပဒေမရှိသေးတဲ့အတွက် ကမ္ဘာ့အမွေအနှစ်ကော်မတီက ကာကွယ်ထိန်းသိမ်းရေး ဥပဒေတစ်ရပ်ရှိဖို့ လိုအပ်တယ်လို့ အကြောင်းပြန်ခဲ့ပါတယ်။ ဒါ့အပြင် နယ်နိမိတ်သတ်မှတ်ထားခြင်းလည်း မရှိသေးဘူး။ အလားတူပဲ ဒီဒေသမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ရေရှည်ဘယ်လိုထိန်းသိမ်း စောင့်ရှောက်မလဲဆိုတဲ့ စီမံချက်ကိုလည်း မရေးဆွဲနိုင်သေးတဲ့အပြင် စီမံခန့်ခွဲမှုအစီအစဉ်တွေလည်း မရှိသေးတဲ့အတွက် လိုအပ်တဲ့အချက်အလက်တွေ အများကြီးကိုဖော်ပြပြီး အကြောင်းပြန်ခဲ့တယ်။

**ယဉ်ကျေးမှုအမွေ အနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေတွေ ထုတ်ပြန်**

ဒါကြောင့် ၁၉၉၈ ခုနှစ်မှာ လိုအပ်တဲ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေတွေကို ထုတ်ပြန်ပြီး ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလကစပြီး ပုဂံဒေသမှာ ဇုန်နယ်နိမိတ်တွေ သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းမယ်။ ပုဂံနည်းတူ အခြားအမွေအနှစ်တွေကိုလည်း ကာကွယ်ထိန်းသိမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီဥပဒေကို ထုတ်ပြန်ခဲ့တာပါ။ ၂၀၀၈၊ ၂၀၀၉ ခုနှစ်လောက်ကစပြီး ကမ္ဘာ့အမွေအနှစ်ကော်မတီကို အဆင့်ဆင့်ပြန်လည်ဆက်သွယ်ပြီး ကမ္ဘာ့အမွေအနှစ် တင်သွင်းရေးလုပ်ငန်းတွေကို ပြန်လည်စတင်လုပ်ဆောင်ခဲ့ပါတယ်။

ပုဂံဒေသက လောလောဆယ်မဖြစ်နိုင်သေးတဲ့အတွက် ဒီဒေသထက်စာရင် ပျူမြို့ဟောင်း သုံးမြို့က သမိုင်းကြောင်းအရရော နေရာဒေသအရပါ ပိုမိုအဆင်ပြေနိုင်မယ်လို့ ယူဆပြီး ၂၀၁၀ ပြည့်နှစ်လောက်မှာ ပျူမြို့ဟောင်း သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ လုပ်ဆောင်ခဲ့တာကြောင့် ၂၀၁၄ ခုနှစ်မှာ ပျူမြို့ဟောင်း သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ပထမဆုံးစတင်ရရှိခဲ့ပါတယ်။ ၂၀၁၂၊ ၂၀၁၃ က စပြီး ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့အတွက် လိုအပ်တဲ့အချက်အလက် စုဆောင်းမှုတွေကို ၂၀၁၉ အထိ ဖိဖိစီးစီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဆက်စပ်ဝန်ကြီးဌာနပေါင်းစုံ ပါဝင်ပြီး ကူညီဆောင်ရွက်ခဲ့သလို ပြည်တွင်း ပြည်ပ အဖွဲ့အစည်းတော်တော်များများကလည်း ပါဝင်ကူညီခဲ့ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့အတွက် ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ရည် စံနှုန်း ခြောက်ချက်ရှိပါတယ်။ အဲဒီအချက်ထဲက တစ်ချက်ကိုက်ညီတာနဲ့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့က စံနှုန်း သုံးချက်နဲ့တင်ပြပြီး ကိုက်ညီတဲ့အတွက် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ဇူလိုင်လ ၆ ရက်နေ့က သတ်မှတ်ကြေညာခြင်းခံခဲ့ရတာပါ။

**မေး။ ။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားပြီး နောက်မှာ ဆက်လက်ဆောင်ရွက်ရမယ့် အစီအစဉ်တွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ စံနှုန်း သုံးချက်နဲ့အတူ စီမံခန့်ခွဲမှုအစီအစဉ် စာတွဲကြီးတွေကိုလည်း ပူးတွဲ တင်သွင်းခဲ့ရတာပါ။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်သွားပေမယ့် ပူးတွဲတင်ပြထားတဲ့ စာတွဲကြီးတွေမှာပါတဲ့ စီမံခန့်ခွဲမှုအစီအစဉ်တွေက အခုထိ မပြီးသေးပါဘူး။ ဒီအစီအစဉ်တွေထဲမှာ သဘာဝဘေးအန္တရာယ်တွေ ကာကွယ်ရေး စီမံချက် Tourism Master Plan၊ Bagan ရဲ့ Regional Plan နဲ့ Town Plan တွေစတဲ့ စီမံချက်တွေဟာ ၅၀ ရာခိုင်နှုန်းလောက်ပဲ ပြီးပါသေးတယ်။ ဒီလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ရဦးမှာပါ။ ပုဂံဒေသမှာ ကောက်ခံရရှိတဲ့ စာရင်းအရ ရှေးဟောင်းအဆောက်အအုံပေါင်း ၃၈၂၂ ခု ရှိပါတယ်။ အဲဒီအတွက် ပုဂံရှေးဟောင်း အဆောက်အအုံ မှတ်တမ်းကလည်း မပြီးသေးပါဘူး။ ဒါ့အပြင် ဇုန်နယ်နိမိတ်တွေလည်း စိုက်ထူရဦးမှာပါ။ ဒီလုပ်ငန်းတွေကို ဘယ်အချိန်မှာ အပြီးလုပ်ဆောင်ရမယ်ဆိုတဲ့ သတ်မှတ်ချက်မရှိပေမယ့် ၂၀၂၂ ခုနှစ်မှာ ပြုလုပ်မယ့် (၄၅) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ညီလာခံမှာ ဘာတွေဆောင်ရွက်ပြီးပြီလဲဆိုတာကို ပြန်လည်သုံးသပ်ဆွေးနွေးရမှာဖြစ်ပါတယ်။

ဒါကြောင့် ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ ဆောင်ရွက်ခဲ့ရတဲ့လုပ်ငန်းတွေ အများကြီးရှိခဲ့တဲ့အပြင် စာရင်းဝင်ပြီးနောက်ပိုင်း ဆက်လက်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေလည်း အများကြီးကျန်ရှိနေတယ်ဆိုတာ ပြောကြားလိုပါတယ်။ ဒီလိုဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ဌာနတစ်ခုတည်း လုပ်ဆောင်လို့ မရပါဘူး။ အရင်လိုပဲ ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းကူညီပေးမှ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်သွားတဲ့ အတွက် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးရရှိမှုများ ကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားတဲ့အတွက် အကျိုးကျေးဇူးရရှိမှုက မြန်မာလူမျိုးတွေဟာ ရှေးနှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းက ကိုယ့်မြေပေါ်မှာ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားစွာနဲ့ ရပ်တည်နေထိုင်လာခဲ့ကြတယ်ဆိုတာကို ကမ္ဘာက ပိုမိုသိရှိသွားအောင် လုပ်ပေးနိုင်တယ်။ ထို့အတူပဲ မြန်မာနိုင်ငံဟာ နှစ်ပေါင်းထောင်ချီကာလကတည်းက အလွန်ထူးခြားထင်ရှားတဲ့ အနုပညာ ဗိသုကာလက်ရာတွေနဲ့အတူ ဗုဒ္ဓဘာသာ အလွန်ထွန်းကားခဲ့တယ်ဆိုတာကို ကမ္ဘာက သိအောင်ဖော်ပြနိုင်ခဲ့တယ်။ ဒီလိုသိသွားတဲ့အတွက် နောက်ဆက်တွဲ အနေနဲ့ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံတွေ ထိန်းသိမ်းတဲ့အခါမှာ နည်းပညာအကူအညီနဲ့ ရန်ပုံငွေအကူအညီတွေ အများကြီးထပ်ပြီး ရရှိနိုင်မှာပါ။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တယ်ဆိုတာ**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တယ်ဆိုတာ ပုဂံဒေသကို ကမ္ဘာကတောင် အလေးထားပြီး ထိန်းသိမ်းစောင့်ရှောက်ရတဲ့ အမွေအနှစ်ဖြစ်တဲ့အတွက် လိုအပ်လို့ အကူအညီတောင်းခံရင် UNESCO က သူ့ရဲ့ရန်ပုံငွေအပြင် အခြားအလှူရှင် နိုင်ငံတွေဆီကလည်း နည်းပညာရပ်တွေနဲ့ ပူးပေါင်းကူညီမှုကို ရှာပေးနိုင်ပါတယ်။ ဒါ့အပြင် ခရီးသွားကဏ္ဍမှာလည်း အဆပေါင်းများစွာ တိုးတက်လာမှာဖြစ်တဲ့အပြင် ပြည်တွင်းဘုရားဖူးတွေလည်း တိုးတက်လာမှာပါ။ ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ အခြေခံအဆောက်အအုံတွေလည်း ကောင်းမွန်အောင် လုပ်ကြရမှာ ဖြစ်တဲ့အတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားတဲ့အပေါ်မှာ ရရှိလာမယ့် အကျိုးအမြတ်တွေက အများကြီး ရှိလာမှာပါ။

**မေး။ ။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားတဲ့ ပုဂံဒေသ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ချက်တွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်အဓိက ပြောချင်တာကတော့ ပုဂံဒေသရဲ့ ထူးခြားထင်ရှားတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေဟာ အခုဆို ကမ္ဘာက အသိအမှတ်ပြုရတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ ဖြစ်လာပါပြီ။ ဒါကို ရေရှည်တည်တံ့အောင်လည်း ဆက်လက်ထိန်းသိမ်းရမှာပါ။ ဒီလိုထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ဌာနတစ်ခုတည်း မဆောင်ရွက်နိုင်ပါဘူး။ ကမ္ဘာ့အနှံ့အပြားမှာရှိတဲ့ ရှေးဟောင်းအမွေအနှစ်တွေကိုလည်း သက်ဆိုင်ရာအစိုးရရယ်၊ ဒေသခံပြည်သူတွေရယ်၊ ဒေသတွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေ အားလုံးပူးပေါင်းဆောင်ရွက်ရတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့် ပုဂံအတွက် တင်သွင်းတဲ့ စီမံခန့်ခွဲရေး အစီအစဉ်မှာရော၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ထုတ်ပြန်တဲ့ ယဉ်ကျေးမှုအမွေအနှစ် ဒေသတွေ၊ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအသစ်မှာရော တရားဝင်ထည့်သွင်းဖော်ပြထားတာက ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်နိုင်ဖို့ ထည့်သွင်းထားပါတယ်။ ပုဂံဒေသရဲ့ယဉ်ကျေးမှု အမွေအနှစ် အဆင့်အတန်းသတ်မှတ်ချက်တည်တံ့ခိုင်မြဲဖို့အတွက် ကျွန်တော်တို့ ဌာနနဲ့အတူ ဒေသခံတွေနဲ့ ဒေသတွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေ ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြပါစို့လို့ ပြောကြားလိုပါတယ်။ ပြည်သူတွေကို အသိပေးချင်တာက အလွန်သိမ်မွေ့တဲ့ ထိန်းသိမ်းရေးလုပ်ငန်းဖြစ်တဲ့အတွက် သိမ်မွေ့ညင်သာသလို ဘယ်လိုမှ ပြန်လည်အစားထိုးလို့မရတဲ့အရာ ဖြစ်ပါတယ်။ ဒါကြောင့် စနစ်တကျလေးနဲ့ သေသေချာချာ စဉ်းစားသုံးသပ်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ။

**“ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့အတွက် ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ရည် စံနှုန်းခြောက်ချက်ရှိပါတယ်။ အဲဒီအချက်ထဲက တစ်ချက်ကိုက်ညီတာနဲ့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဖြစ်ပါတယ်။ ကျွန်တော်တို့က စံနှုန်းသုံးချက်နဲ့တင်ပြပြီး ကိုက်ညီတဲ့အတွက် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ဇူလိုင်လ ၆ ရက်နေ့က သတ်မှတ်ကြေညာခြင်းခံခဲ့ရတာပါ”**



# ဇူလိုင်လ ၂၃ ရက်နေ့မတိုင်ခင် တက္ကသိုလ်၊ ကောလိပ် ၂၃ ခုကို မပေးပို့နိုင်ခဲ့ဘူးဆိုရင် နောက်ကျမှရောက်လာတဲ့ လျှောက်လွှာတွေကို အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်) ကို တိုက်ရိုက်ပေးပို့ လျှောက်ထားရမှာဖြစ်ပါတယ်

**ဒေါက်တာမြတ်သန္တာ**

## ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ စကားဝိုင်းကျင်းပ

**၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာစကားဝိုင်းတွင် ဆေးတက္ကသိုလ်-၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခချုပ်များကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုး၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေး၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည် -**




*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး ။ ။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ တည်နေရာကိုထည့်ပြီး လျှောက်ထားခွင့်ရှိသလား ဒါမှမဟုတ် တက်ရောက်ခွင့်ရှိသလား၊ ဒါကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာသန်းသန်းဝင်း** ။ ။ တည်နေရာအပေါ်မှာ လျှောက်ထားခြင်းနဲ့ ပတ်သက်လို့ နှစ်မျိုးရှိတယ်။ ပထမအသုတ်ရွေးတဲ့ တက္ကသိုလ်ထဲမှာပါတဲ့ သီးခြားရွေးချယ်တဲ့ တက္ကသိုလ် ၁၄ ကျောင်းကတော့ တစ်နိုင်ငံလုံးက စာစစ်ဌာနတွေက အောင်တဲ့ကျောင်းသားအားလုံး တက်ရောက်ခွင့်ရှိပါတယ်။ ဒါကြောင့် လျှောက်ထားခွင့်ရှိတယ်။ နမူနာအားဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်ကို တက်ချင်တယ်ဆိုရင် ရန်ကုန်နည်းပညာတက္ကသိုလ်ဆိုပြီး လျှောက်လို့ရတယ်။ မန္တလေးနည်းပညာတက္ကသိုလ်ကို တက်ချင်တယ်ဆိုရင် မန္တလေးနည်းပညာတက္ကသိုလ်ဆိုပြီး တည်နေရာလေးပြောပြီး လျှောက်လို့ရတယ်။

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေအပိုင်းကျတော့ ဝိဇ္ဇာသိပ္ပံမှာ သင်ကြားတဲ့ ဘာသာရပ်ကိုပဲ ဖော်ပြပြီး လျှောက်ဖို့လိုတယ်။ ဘယ်တက္ကသိုလ်ကို တက်ရောက်ခွင့်ပေးမလဲဆိုရင် ဥပမာ-မြစ်ကြီးနားစာစစ်ဌာနက အောင်ခဲ့တယ်ဆိုရင် မြစ်ကြီးနားတက္ကသိုလ်ပဲ ဝင်ခွင့်ပေးမှာဖြစ်တဲ့အတွက်ကြောင့် သူဖြေဆိုအောင်မြင်ခဲ့တဲ့ စာစစ်ဌာနအပေါ် မူတည်ပြီးတော့ တက္ကသိုလ်တွေကို တက်ရောက်ခွင့်ပေးမှာပါ။

**အစီအစဉ်မှူး ။ ။ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားတဲ့အခါမှာ သင်တန်းရွေးချယ်မှုကတ်ပြားမှာ ဖြည့်စွက်ဖို့ ဆရာမကြီးအနေနဲ့ ဘာတွေများမှာချင်ပါသလဲ။**

**ဒေါက်တာသန်းသန်းဝင်း** ။ ။ ရွေးချယ်မှုကတ်ပြားရဲ့အပေါ်ပိုင်းမှာ ကျောင်းသားရဲ့ အချက်အလက်တွေ ဖြည့်ရမှာ ဖြစ်ပါတယ်။ ရွေးချယ်မှုကတ်ပြားအပေါ်ပိုင်းမှာ စုစုပေါင်းရမှတ်ဆိုတဲ့ နေရာရှိပါတယ်။ စာမေးပွဲမှာ အောင်ခဲ့တဲ့အမှတ်ကို မှန်မှန်ကန်ကန် ဖြည့်ဖို့လိုပါတယ်။ ဒီအမှတ်ကို ကြည့်ပြီး ရွေးချယ်ရေးမှာ သုံးရမှာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့မှာက စိစစ်တဲ့အဖွဲ့ ရှိပါတယ်။ စစ်ပေမယ့်လည်း တကယ်ဖြည့်ရမယ့်အမှတ်ကိုတော့ မှန်မှန်ကန်ကန်ဖြည့်ဖို့ လိုတယ်။

ဒ့ါအပြင် ကျောင်းသားရဲ့ အချက်အလက်တွေဖြစ်တဲ့ အမည်၊ အဖအမည်၊ အမိအမည်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့တဲ့ ခုံနံပါတ်၊ ခုနှစ်ကတော့ ၂၀၁၉ လို့ ဖော်ပြပေးရပါမယ်။ စာစစ်ဌာနက ဘယ်စာစစ်ဌာနက အောင်သလဲစတဲ့ အဓိကအချက်အလက်တွေကို ပြည့်ပြည့်စုံစုံဖော်ပြဖို့ လိုပါတယ်။ ဖြည့်တဲ့အချက်အလက်တွေက တက္ကသိုလ်ဝင်စာမေးပွဲဖြေဖို့ Form တင်ထားတဲ့ Exam Form ပါ အချက်အလက်တွေနဲ့ တူဖို့တော့ လိုပါတယ်။ ကွဲပြားခဲ့ရင် ရွေးချယ်တဲ့အခါမှာ ဘာကြောင့်ကွဲလွဲနေသလဲဆိုတာ ဆက်သွယ်မေးမြန်းပြီး လုပ်ရတဲ့အခါ နှောင့်နှေးမှုဖြစ်ပေါ်လာနိုင်တဲ့အတွက် တူအောင်ဖြည့်ပေးဖို့လိုကြောင်း မှာချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာမကြီးအနေနဲ့ သီးခြားဝင်ခွင့်ရွေးချယ်ရာမှာ ဆေးနဲ့ ဆေးပညာ နီးနွယ်တက္ကသိုလ်တွေမှာ တက္ကသိုလ်ဘယ်နှစ်ခုရှိသလဲ။ ဘာတွေပါဝင်သလဲဆိုတာ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာမြတ်သန္တာ** ။ ။ အဲဒီအုပ်စုမှာ တက္ကသိုလ် ၁၅ ခုရှိပါတယ်။ ဆေးတက္ကသိုလ် ငါးခု၊ ရန်ကုန်မှာ ဆေးတက္ကသိုလ် (၁) နဲ့ (၂) နှစ်ကျောင်း၊ မန္တလေး၊ မကွေး၊ တောင်ကြီး၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နှစ်ခု၊ သူနာပြုတက္ကသိုလ် နှစ်ခု၊ ဆေးဝါးတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် နှစ်ခု၊ ရန်ကုန် တစ်ခု၊ မန္တလေး တစ်ခုပါ။ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) နဲ့ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တို့ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ အဲဒီကျောင်းတွေကို ဝင်ခွင့်လျှောက်ချင်တယ်ဆိုရင် ဘယ်နေရာတွေမှာ လျှောက်ရမလဲ၊ ဘယ်လိုလျှောက်ရမလဲဆိုတာ ဆရာမကြီး ပြောပြပေးပါဦး။**

**ဒေါက်တာမြတ်သန္တာ** ။ ။ အဲဒီတက္ကသိုလ်တွေကို ဝင်ခွင့်လျှောက်ချင်တယ်ဆိုရင် ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် ဒေသအသီးသီးမှာ လျှောက်လွှာစာအိတ်တွေ ပေးပို့နိုင်တဲ့၊ လက်ခံတဲ့တက္ကသိုလ်၊ ကောလိပ် ၂၃ ခု ရှိပါတယ်။ မြစ်ကြီးနား တက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ဟားခါးကောလိပ်၊ မုံရွာတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်ဒီဂရီကောလိပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်တို့ ဖြစ်ပါတယ်။

တက္ကသိုလ်တွေက လျှောက်လွှာတွေကို လက်ခံပြီးသွားရင် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်) ကို ပေးပို့ရမှာဖြစ်ပြီး ဆေးနဲ့ ဆေးပညာနီးနွယ်အုပ်စုတွေက တာဝန်ပေးထားတဲ့သူတွေက စိစစ်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ဒုတိယပိုင်းအနေနဲ့ လျှောက်လွှာတွေကို ဘယ်လိုဖြည့်ရမလဲ၊ လျှောက်လွှာစာအိတ်ပေါ်မှာ ဘယ်လိုအမှတ်ခြစ်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတွေကို ဖြည့်ရမှာ အခြားတက္ကသိုလ်တွေ ဖြည့်သလိုပါပဲ။ တက္ကသိုလ်ဝင်ခွင့် စာအိတ်ထဲမှာပါရမယ့် စာရွက်စာတမ်းတွေကလည်း အကုန်အတူတူပါပဲ။ ဝင်ခွင့်လျှောက်လွှာ၊ အမှတ်စာရင်း၊ ရမှတ်စာရင်း အကုန်လုံး သေသေချာချာဖြည့်သွားရမှာ ဖြစ်ပါတယ်။ သင်တန်းရွေးချယ်မှုကတ်ပြားမှာလည်း ပေးထားတဲ့ ဦးစားပေးတက္ကသိုလ်အလိုက် တက်ချင်တဲ့ တက္ကသိုလ်တွေကို အကွက်တွေ အားလုံး ၂၂ ကွက်စလုံးကို ရမှတ်အပေါ်အခြေခံပြီးတော့ ဖြည့်ဖို့ အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ ဒီ ၂၂ ကွက်ထဲမှာမပါတဲ့ တက္ကသိုလ်ကို တက်ချင်လို့ မရပါဘူး။ စဉ်းစားမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီ ၂၂ ကွက်စလုံးကို ဖြည့်ရမှာ ဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ လျှောက်လွှာစာအိတ်ပေါ်မှာ ဘယ်လိုဖြည့်ရမလဲ၊ ကိုယ်ဦးစားပေးလျှောက်ချင်တဲ့ တက္ကသိုလ်ဘေးနားမှာ ရှိတဲ့အကွက်ကို ခြစ်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဘာသတိပြုရမလဲဆိုတော့ သတ်မှတ်ရက်အတွင်းဆိုတာကို ထပ်ခါတလဲလဲ ပြောထားပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့မတိုင်ခင် တက္ကသိုလ်၊ ကောလိပ် ၂၃ ခုကို မပေးပို့နိုင်ခဲ့ဘူးဆိုရင် နောက်ကျမှ ရောက်လာတဲ့လျှောက်လွှာတွေကို ခုနက တက္ကသိုလ် ၂၃ ခုကို ပေးပို့လျှောက်ထားလို့ မရပါဘူး။ အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်) ကို တိုက်ရိုက်ပေးပို့ လျှောက်ထားရမှာဖြစ်ပါတယ်။

ဒီလိုလျှောက်ထားတဲ့အခါမှာလည်း ဆေးနဲ့ဆေးနီးနွယ်အုပ်စုတွေက သီးခြားဝင်ခွင့်ရတဲ့ တက္ကသိုလ်တွေကို ရွေးတဲ့နေရာမှာ ပထမအသုတ်ကို ရွေးတဲ့အထဲမှာ ပါမှာဖြစ်တဲ့အတွက် ကိုယ့်ရဲ့ လျှောက်လွှာနောက်ကျပြီးမှ ရောက်လာမယ်ဆိုရင်၊ ရွေးချယ်တဲ့ လုပ်ငန်းစဉ်တွေ ပြီးသွားခဲ့ပြီဆိုရင် ကိုယ်ဦးစားပေးတက်ချင်တဲ့ တက္ကသိုလ်ရဲ့အမှတ်စာရင်းထဲမှာ ဝင်ရင်တောင်မှ ရွေးပြီးသွားပြီဖြစ်တဲ့အတွက်၊ လက်ခံနိုင်မယ့်ဦးရေ ပြည့်သွားပြီဖြစ်တဲ့အတွက်ကြောင့် ထပ်ပြီးတော့ လက်ခံနိုင်မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့်မို့ သတ်မှတ်ရက်အတွင်းမှာ လျှောက်ဖို့အရေးကြီးတယ်ဆိုတာ ထပ်ပြီးပြောလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဝင်ခွင့်လျှောက်တဲ့အခါမှာ ဆေးနှင့် ဆေးပညာနီးနွယ်အုပ်စုထဲက တက္ကသိုလ်တစ်ခုခုကို ဒုတိယဦးစားပေးအနေနဲ့ လျှောက်ထားမိတဲ့အခါ ဘယ်လိုများဖြစ်နိုင်ပါသလဲ။**

**ဒေါက်တာမြတ်သန္တာ** ။ ။ သီးခြားဝင်ခွင့်ရွေးချယ်မယ့် ၂၉ ကျောင်းကတော့ သူတို့ကျောင်းကို လျှောက်တဲ့ ဦးစားပေး (၁) လျှောက်လွှာတွေကို အမှတ်အများဆုံးကနေစပြီးတော့ အရေအတွက်ပြည့်တဲ့အထိ ရွေးချယ်သွားမှာဖြစ်ပါတယ်။ ရွေးချယ်သွားပြီးတဲ့အခါကျရင် ဒီ ၂၉ ကျောင်းနဲ့ တာဝန်ရှိဦးစီးဌာနတွေက အကုန်လုံးပြန်ထိုင်ကြပြီး ရွေးချယ်ထားမှုအခြေအနေကို စိစစ်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့မှ ဦးစားပေး (၁) မရလို့ ကျန်ခဲ့တဲ့ လျှောက်လွှာတွေကို ဦးစားပေး (၂) ဘာတွေလျှောက်ထားသလဲ၊ အဲဒီဦးစားပေး (၂) ကျောင်းတွေရဲ့ ဝင်ခွင့်အမှတ်ထဲ မီသလားကြည့်ပါမယ်။ မီတယ်ဆိုရင်တော့ ထည့်သွင်းစဉ်းစားပေးမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆေးနှင့် နီးနွယ်တက္ကသိုလ်တခုခုကို လျှောက်တဲ့အခါမှာ နာမည်ကို တန်းပြီးတပ်ရမလား၊ ဥပမာ- သူနာပြုတက္ကသိုလ် ရန်ကုန်၊ ဆေးတက္ကသိုလ် (၁) နာမည်တပ်တဲ့အခါ ဘယ်လိုတပ်ရမလဲဆိုတာ ရှင်းပြပေးပါ။**

**ဒေါက်တာမြတ်သန္တာ** ။ ။ အဲဒါ တန်းပြီးတပ်ဖို့မလိုပါဘူး။ ဝင်ခွင့်လမ်းညွှန် စာမျက်နှာ ၉၆၊ ဥပမာ (၇) မှာ ဖော်ပြထားပါတယ်။ အဲဒီမှာလည်း ဆေးတက္ကသိုလ်တွေ လျှောက်ချင်တယ်ဆိုရင် ဆေးတက္ကသိုလ်တွေ၊ သူနာပြုတက္ကသိုလ်ဆိုလည်း သူနာပြုတက္ကသိုလ်တွေ တစ်ကွက်ထဲမှာ ဖြည့်လိုက်ရုံပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆေးတက္ကသိုလ် (၁) ကို တက်ရမှာလား၊ (၂) လား၊ မန္တလေးလား၊ မကွေးလားဆိုတာ အဲဒီကျောင်းသားက ဘယ်စာစစ်ဌာနမှာ ဖြေတာလဲအပေါ်မှာ မူတည်ပါတယ်။ ဘယ်စာစစ်ဌာနကဖြေရင် ဘယ်တက္ကသိုလ်တက်ရမယ်ဆိုတာ သတ်မှတ်ထားတာရှိပါတယ်။ ဒါပေမယ့် တစ်ခါတလေကျတော့လည်း ကျောင်းက လက်ခံနိုင်တဲ့ဦးရေ လျှောက်ထားတဲ့ ကျောင်းသားအရေအတွက်ပေါ် မူတည်ပြီး အနည်းအကျဉ်း ပြောင်းလဲတာရှိပါတယ်။

အဲဒီအခါကျရင် သက်ဆိုင်ရာတက္ကသိုလ်နဲ့ ဦးစီးဌာနအကြီးအကဲတွေ ဝိုင်းပြီးတော့ ညှိနှိုင်းဖြေရှင်းကြတာမျိုးလေးတွေ လုပ်ပါတယ်။ တစ်ကွက်တည်းပဲ ဆေးတက္ကသိုလ်တွေရယ်လို့ ဖြည့်လိုက်တဲ့အခါကျတော့ ဖြည့်ရတဲ့အကွက်လည်း သက်သာပါတယ်။

**အစီအစဉ်မှူး ။ ။ ဦးစားပေးတက္ကသိုလ် ရွေးချယ်လျှောက်တဲ့အခါမှာ တက္ကသိုလ်ဝင်ခွင့်အမှတ်ပေါ် ကြည့်ပြီး ဝင်နိုင်/မဝင်နိုင်လားဆိုတာ ဘယ်လိုသိနိုင်မလဲ ရှင်းပြပေးပါဦး။**

**ဒေါက်တာမြတ်သန္တာ** ။ ။ အဲဒါတပ်အပ်မပြောနိုင်ပါဘူး၊ ချင့်ချိန်ရပါတယ်။ အရင်နှစ်တုန်းက အမှတ်၊ အရင့်အရင်နှစ်တုန်းက အမှတ် ယောကျ်ားလေး အနိမ့်ဆုံးအမှတ်က ဘယ်လောက်လဲ၊ မိန်းကလေးအနိမ့်ဆုံးအမှတ်က ဘယ်လောက်လဲ၊ ယောကျ်ား၊ မိန်းမ Ratio ဒါတွေအားလုံး ချင့်ချိန်ရပါတယ်။ ဒါတွေ တင်မကဘူး။ ဒီနှစ်မှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ အမှတ်အနေအထား၊ သူတို့ရဲ့ ဦးစားပေးလျှောက်ထားမှု အနေအထားပေါ်မှာလည်း မူတည်ပါတယ်။ လျှောက်တဲ့အခါမျိုးမှာ ကိုယ်လျှောက်ချင်တဲ့ တက္ကသိုလ်က မနှစ်တုန်းက ဒီအမှတ်ဆိုရင် ဝင်တယ်။ ဒီနှစ် ကိုယ်ရတဲ့အမှတ်ကလည်း ဒီလောက်အမှတ်ရှိတဲ့အခါ ကျိန်းသေပေါက်တွက်ပြီးတော့ ဒီတက္ကသိုလ်တစ်ခုတည်းပဲ လျှောက်တော့မယ်။ ဝင်မှာပဲဆိုပြီးတော့ စွန့်စားတာမျိုး မလုပ်သင့်ပါဘူး။

*စာမျက်နှာ ၁၁ သို့*

# မြန်မာ-တရုတ် ကုန်စည်ပြပွဲဖြစ်မြောက်ရေး ညှိနှိုင်းစည်းဝေး

**လားရှိုး ဇူလိုင် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းရုံး ခန်းမ၌ ယမန်နေ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက လားရှိုး၌ မြန်မာ-တရုတ်ကုန်စည်ပြပွဲ ဖြစ်မြောက်ရေး အခမ်းအနားတွင် အမှာစကား ပြောကြားရာ၌ ရှမ်းပြည်နယ်မြောက်ပိုင်း၌ ကုန်သွယ်ရေးဇုန်ကြီးသုံးခု တည်ရှိနေကြောင်း၊ ကုန်သွယ်ရေးဇုန်နှင့် အနီးဆုံး လားရှိုးမြို့သည် အချက်အချာကျသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်လျက်ရှိနေကြောင်း၊ မူဆယ်၊ ရွှေလီမြို့တို့၌ နှစ်နိုင်ငံကုန်စည်ပြပွဲများ ကျင်းပနေသကဲ့သို့ လင်ချန်းမှလားရှိုးမြို့တွင် မြန်မာ-တရုတ် ကုန်စည်ပြပွဲ လာရောက်ကျင်းပချိန် ရှမ်းပြည်နယ်မှ အဆင့်မီကုန်စည်များကို ပါဝင်ပြသနိုင်ရန်အတွက် လုပ်ငန်းရှင်များကို တိုက်တွန်းပါကြောင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းမှ လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို ပြသနိုင်ရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က လင်ချန်း-ချင်းရွှေဟော်-လားရှိုးမှ ကုန်သွယ်မှုစင်တာ ဖြစ်ပေါ်လာပါကလည်း ရှမ်းမြောက်အနေဖြင့် Exports ကုန်စည်များသည် အရည်အသွေးပြည့်မီသော နိုင်ငံတကာစံနှုန်းကို လိုက်မီသည့်ကုန်ပစ္စည်းများထုတ်လုပ်နိုင်သည့် နည်းစနစ်များ ရရှိလုပ်ကိုင်ရန် လိုအပ်ကြောင်း၊ တစ်ဦးတစ်ယောက်စနစ်မဟုတ်တော့ဘဲ အဖွဲ့အစည်းများဖြင့် လုပ်ကိုင်ဆောင်ရွက်မှသာ အောင်မြင်မှု အကျိုးကို ခံစားရမည့်အခွင့်အရေးများရှိကြောင်း၊ အဖွဲ့အစည်းဖြင့် လုပ်ကိုင်မှုကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ စီးပွားရေးလုပ်ငန်းများကိုပြည်သူများကသာ ဆောင်ရွက်ကြပြီး အစိုးရအနေဖြင့် ထိန်းကျောင်းလမ်းညွှန်ခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ လုပ်ထုံးလုပ်နည်းများ မြန်ဆန်စေရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာကြသော ရှမ်းမြောက်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်လုပ်ငန်းရှင်များကလည်းကား ကုန်တန်ချိန်လျှော့ချခြင်း ကိစ္စရပ်များ၊ ပရိဘောဂပစ္စည်းလုပ်ငန်းများမှ သယ်ဆောင်ရာ၌ ခက်ခဲမှုကိစ္စရပ်များ၊ လက်ဖက်လုပ်ငန်းများ အခက်အခဲဖြစ်နေသည့် အခြေအနေများမှ ကြုံတွေ့ရသည်များကို လုပ်ငန်းရှင်များက တင်ပြကြရာ ဒုတိယဝန်ကြီးက ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ချက်ချင်းဖြေကြားဆောင်ရွက်ပေးခဲ့ပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကာ ကုန်စည်ပြပွဲ ကျင်းပမည့်နေရာကို ကြည့်ရှုသည်။

လင်ချန်း- ချင်းရွှေဟော်- လားရှိုး ကုန်သွယ်မှုလမ်းပိုင်း ဖြစ်ပေါ်လာပါက တစ်နာရီ မိုင် ၁၀၀ ပြေးဆွဲနိုင်သည့် လျှပ်စစ်အမြန်ရထားဖြစ်ပေါ်လာပြီး ကွမ်းလုံဒေသ၌ ကုန်ကဲ့ကွင်းနှစ်ခုထားရှိရန် စီစဉ်လျက်ရှိကြောင်း ကွမ်းလုံကြိုးတံတားသစ်ကို ဆောက်လုပ်နိုင်ရန်အတွက်လည်း နှစ်နိုင်ငံမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း၊ တံတားတည်ဆောက်ပါက ခန့်မှန်းကြာမြင့်ချိန် နှစ်နှစ်သတ်မှတ်ထားကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများမှ မလွတ်ကင်းသော မြေယာများကိုလည်း သတ်မှတ်ချက်အလိုက် လျော်ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**



လားရှိုး၌ မြန်မာ-တရုတ် ကုန်စည်ပြပွဲ ဖြစ်မြောက်ရေး အခမ်းအနား ကျင်းပစဉ်။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေး

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိမိတို့လုပ်ငန်းများတွင် စနစ်တကျအကျိုးရှိစေရန်အတွက် ရည်ရွယ်၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့် ရေသတ္တဝါမွေးမြူရေးကျင့်စဉ် ပညာပေးဟောပြောပွဲကို ယမန်နေ့က ဒိုနွယ်ကျေးရွာအုပ်စု ရဲဒိကျေးရွာ၌ ကျင်းပသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ရွေးချယ်ဟောပြောခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာတစ်ရွာ ရွေးချယ်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသလို ကျေးလက်နေတောင်သူများ ခေတ်ကာလနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးများတွင် ယခင်ကနည်းစနစ်များထက် ပိုမိုအကျိုးဖြစ်ထွန်းသည့် နည်းစနစ်များပေါ်ထွန်းလျက်ရှိသကဲ့သို့ စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများအား အစဉ်အမြဲ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် နည်းလမ်းပေါင်းစုံဖြင့် မသမာသူများက ကျေးလက်နေပြည်သူများကို လိမ်ညာလှည့်ဖြားလျက်ရှိကြောင်း၊ မကြာသေးမီက တယ်လီဖုန်းဆက်၍ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမှ လယ်ဝိုင်းကြီးကျေးရွာနှင့် ရေလဲဗမာကျေးရွာတို့မှ တောင်သူနှစ်ဦးထံ ငွေလိမ်ညာတောင်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ထူးဆန်းသည့်အကြောင်းအရာများနှင့် ပတ်သက်မှုရှိလာပါက အယုံမလွယ်ကြရန်နှင့် နီးစပ်သောသက်ဆိုင်ရာအဖွဲ့အစည်းများထံ ဆက်သွယ်အကူအညီတောင်းနိုင်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မာမာမြင့်က ပြောသည်။

ဟောပြောပွဲတွင် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းပြုလုပ်သည့်ကျေးရွာများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်ပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် မွေးမြူရေးဆိုင်ရာကျင့်စဉ်များနှင့်ငါးမွေးမြူရေးဆိုင်ရာ အခြေခံနည်းစနစ်များအား မွေးမြူရေးလုပ်ကိုင်သူများ သိထားသင့်သည့်အချက်များကို ဟောပြောပို့ချကြသည်။

အဆိုပါဟောပြောပွဲများကို ယခုလအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းများအား ရွေးချယ်ဟောပြောခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာတစ်ရွာအား ရွေးချယ်ဟောပြောခြင်းတို့ကို မြို့နယ်အတွင်းရှိ ကျောက်ခဲအင်းကျေးရွာ၊ ကူနှစ်လုံးဆည်စုကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ဆည်စုကျေးရွာတို့တွင် လေးကြိမ် ကျင်းပဆောင်ရွက်ရန်စီစဉ်ထားကြောင်း သိရသည်။

**ရဲရဲ (ပျဉ်းမနား)**

*စာမျက်နှာ ၁၀ မှ*

အမှတ်တွေက အပြောင်းအလဲရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ မနှစ်တုန်းက ဒီတက္ကသိုလ် ဒီလောက်အမှတ်မှဝင်တယ် တက်ချင်ရဲ့သားနဲ့ မဝင်နိုင်တော့ပါဘူးဆိုပြီး အားလျှော့ပြီး မလျှောက်မိတာမျိုးလည်း မလုပ်သင့်ပါဘူး။ လျှောက်တဲ့အခါမှာ အားလုံးကို ချင့်ချိန်ပြီးလျှောက်ဖို့ အရေးကြီးပါတယ်။

**အစီအစဉ်မှူး ။ ။ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်တစ်ခုခုမှာ လျှောက်ထားတဲ့အခါမှာဆိုရင် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို ဖတ်ဖို့လိုလား၊ မလိုဘူးလား ရှင်းပြပေးစေချင်ပါတယ်။**

**ဒေါက်တာမြတ်သန္တာ ။** ။ ဆေးနှင့် ဆေးပညာနီးနွယ်မှမဟုတ်ပါဘူး။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်လို့ ပြောထားကတည်းက တက္ကသိုလ်ဝင်မယ့် ကျောင်းသား၊ ကျောင်းသူတိုင်းက ဦးစားပေးတက္ကသိုလ်တွေ မလျှောက်ခင်မှာ ဖတ်ကိုဖတ်ရမှာပါ။ ဘာလို့လဲဆိုတော့ ကိုယ်ဦးစားပေးလျှောက်ချင်တဲ့ တက္ကသိုလ်တစ်ခုရဲ့အနေအထား၊ သူ့ရဲ့လိုအပ်ချက်တွေ၊ ပြီးတော့ သင်တန်းကာလဘယ်လောက်လဲ၊ ဘာဘွဲ့ရမှာလဲ၊ ကျား၊ မ Ratio စသဖြင့် ဒါတွေအကုန်ပါပါတယ်။ ဒါ့အပြင် တခြားတက္ကသိုလ်တွေ အကြောင်းလည်း အများကြီးပါပါတယ်။ တချို့တက္ကသိုလ်တွေဆိုရင် အနိမ့်ဆုံးအမှတ်က ဘယ်လောက်ဆိုပြီး သတ်မှတ်ထားတာတွေ ရှိနေပါတယ်။ အဲဒီအတွက်ကြောင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို မဖတ်ဘဲနဲ့တော့ ဒီလျှောက်လွှာတွေကို မဖြည့်သင့်ဘူးလို့ ပြောလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဝင်ခွင့်ပြုစာရင်း ကြေညာပြီးတော့မှ တခြားတက္ကသိုလ်ကို ပြောင်းချင်တယ်ဆိုရင်ရော ဘယ်လိုများလုပ်လို့ရမလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဒေါက်တာမြတ်သန္တာ ။ ။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ရဲ့စာမျက်နှာ (၁၀၆-၁၀၇) မှာ အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်တစ်ခုကနေ တစ်ခုပြောင်းချင်ရင် ဘာတွေ ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ ရေးထားပါတယ်။ သာမန်အားဖြင့် တက္ကသိုလ်ပြောင်းရွှေ့ခြင်းကို ခွင့်မပြုပါဘူး။ ဒါပေမယ့် ကိုယ်ပြောင်းချင်တဲ့ တက္ကသိုလ်ရဲ့အမှတ်ကို မီတယ်ဆိုရင်တော့ ဝင်ခွင့်ရတဲ့တက္ကသိုလ်ကနေတစ်ဆင့် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်) ကို လျှောက်ပြီးတဲ့အခါကျတော့ ပြောင်းဖို့ကြိုးစားကြည့်နိုင်ပါတယ်။ ဘာဖြစ်လို့ သာမန်အားဖြင့် လက်မခံနိုင်ဘူးလဲဆိုရင် အကုန်လုံးရွေးပြီးသွားပြီ။ သတ်မှတ်ထားတဲ့ ဦးရေပြည့်တဲ့အထိ ရွေးသွားတယ်ဆိုတဲ့အခါကျတော့ အမှတ်ထဲကို ဝင်တယ်ဆိုရင်တောင်မှ လက်ခံနိုင်တဲ့ဦးရေပြည့်သွားပြီဆိုရင် လက်မခံတော့ပါဘူး။

ဆေးတက္ကသိုလ်တွေဆိုရင် လက်ခံတဲ့ဦးရေက ၁၂၀၀ ၊ သူနာပြုတက္ကသိုလ်တွေဆိုရင် ၅၀၀ စသဖြင့် သတ်မှတ်ထားတာရှိပါတယ်။ တကယ်လို့များ ပြောင်းရွှေ့ခွင့်ရသွားပြီဆိုရင်တော့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က နေရာချထားပေးထားတဲ့ တက္ကသိုလ်မှာပဲ သင်တန်းပြီးဆုံးအောင် တက်သွားရမှာဖြစ်ပါတယ်။ ဆေးနှင့် ဆေးပညာနီးနွယ်အုပ်စုအနေနဲ့ ကျောင်းပြောင်းတာတို့ အပ်နှံတာတို့ကို ၂၉ ရက် နိုဝင်ဘာလ ၂၀၁၉ နောက်ဆုံးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စတွေအားလုံးကို ၂၉ ရက် နိုဝင်ဘာလ ၂၀၁၉ မတိုင်ခင်မှာ အပြီးတိုင်ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ တကယ်လို့ ဆေးနီးနွယ်အုပ်စုက ဝိဇ္ဇာ၊ သိပ္ပံ နေ့သင်တန်းတွေကို တက်ချင်တယ်ဆိုရင်တော့ ၁၃ ရက် ဒီဇင်ဘာလ ၂၀၁၉ အထိ လျှောက်လွှာတွေကို ပေးပို့နိုင်တယ်။ အဝေးသင်ဆိုရင်တော့ ၃၁ ရက် ဇန်နဝါရီလ ၂၀၂၀ အထိ အချိန်ရပါတယ်။

**အစီအစဉ်မှူး ။ ။ အင်ဂျင်နီယာ၊ ဗိသုကာ နည်းပညာဝါသနာပါတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် ဒီနိုင်ငံမှာ ဘယ်တက္ကသိုလ်တွေရှိတယ်၊ အဲဒီထဲကမှ သီးခြား ဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်တွေက ဘယ်တက္ကသိုလ်တွေဆိုတာရယ်၊ နောက်ပြီး တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပေးမယ့် တက္ကသိုလ်တွေက ဘယ်တက္ကသိုလ်တွေရှိလဲဆိုတာ ဆရာကြီးက ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာမြင့်သိန်း ။** ။ ဒီနှစ်မှာ သီးခြားဝင်ခွင့် ရွေးချယ်မယ့် တက္ကသိုလ်ပေါင်း ၁၄ ကျောင်း ရှိပါတယ်။ အဲဒီ ၁၄ ကျောင်းထဲမှာ အင်ဂျင်နီယာနှင့် ဗိသုကာနည်းပညာ ဝါသနာပါတဲ့ ကျောင်းသားတွေ တက်နိုင်တဲ့ ကျောင်းငါးကျောင်းပါတယ်။ အဲဒီ ငါးကျောင်းကတော့ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)တို့ ဖြစ်ပါတယ်။ အဲဒီ ငါးကျောင်းကတော့ သီးခြားဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်တွေ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့်တက္ကသိုလ်တွေကတော့ အားလုံး ၂၈ ကျောင်းရှိပါတယ်။ အဲဒီ ၂၈ ကျောင်းကတော့ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (သန်လျင်)၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ နည်းပညာတက္ကသိုလ် (ပုသိမ်)၊ နည်းပညာတက္ကသိုလ် (မအူပင်)၊ နည်းပညာတက္ကသိုလ် (ဟသ်ာတ)၊ နည်းပညာတက္ကသိုလ် (မော်လမြိုင်)၊ နည်းပညာတက္ကသိုလ် (ထားဝယ်)၊ နည်းပညာတက္ကသိုလ်(မြိတ်)၊ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ နည်းပညာတက္ကသိုလ် (ရမည်းသင်း)၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ)၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၊ နည်းပညာတက္ကသိုလ် (မုံရွာ)၊ နည်းပညာတက္ကသိုလ် (စစ်ကိုင်း)၊ နည်းပညာတက္ကသိုလ် (ကလေး)၊ နည်းပညာတက္ကသိုလ် (လားရှိုး)၊ နည်းပညာတက္ကသိုလ် (တောင်ကြီး)၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)၊ နည်းပညာတက္ကသိုလ် (ပင်လုံ)၊ နည်းပညာ တက္ကသိုလ် (မြစ်ကြီးနား)၊ နည်းပညာတက္ကသိုလ် (လွိုင်ကော်)၊ နည်းပညာတက္ကသိုလ် (ဗန်းမော်)၊ နည်းပညာတက္ကသိုလ်(စစ်တွေ)၊ နည်းပညာတက္ကသိုလ် (မကွေး)၊ နည်းပညာတက္ကသိုလ် (ပခုက္ကူ) နဲ့ နည်းပညာတက္ကသိုလ် (ဘားအံ)တို့ ဖြစ်ပါတယ်။ အဲဒီ ၂၈ ကျောင်းကတော့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့်တက္ကသိုလ်များအုပ်စု ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဘယ်အုပ်စုတွေက ဘယ်ကို လိပ်မူပြီး လျှောက်လွှာတွေကို ဘယ်လို ပေးပို့ပေးရမလဲဆိုတာကို ဆက်ပြီးရှင်းပြပေးပါဦး။**

**ဒေါက်တာမြင့်သိန်း ။** ။ သီးခြားဝင်ခွင့်ရွေးချယ်မယ့် နည်းပညာတက္ကသိုလ်ငါးကျောင်းကိုတော့ သက်ဆိုင်ရာတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ဆီကို တိုက်ရိုက်ပေးပို့ရမှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ရန်ကုန်နည်းပညာတက္ကသိုလ်ကို ပထမဦးစားပေးလျှောက်ထားမယ်ဆိုရင် ပါမောက္ခချုပ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်ကို လိပ်မူပြီးပေးပို့နိုင်ပါတယ်။ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို ဦးစားပေးလျှောက်ထားမယ်ဆိုရင်တော့ ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို လိပ်မူပေးပို့ရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဦးစားပေးရွေးချယ်တဲ့အခါမှာ စိတ်ကြိုက် ဘယ်လိုရွေးချယ်ခွင့်ရှိသလဲဆိုတာ ရှင်းပြပေးပါဦး။**

**ဒေါက်တာမြင့်သိန်း ။** ။ ဦးစားပေးအနေနဲ့ သင်ယူလိုသူ ကျောင်းသားရဲ့ ဆန္ဒအတိုင်း လျှောက်လို့ရပါတယ်။ သီးခြားဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်တွေကို လျှောက်တဲ့အခါမှာ ပါမောက္ခချုပ်၊ သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်ဆီကို ပေးပို့ပြီး လျှောက်ထားရပါမယ်။ လျှောက်ထားတဲ့အခါမှာ ဦးစားပေးအစီအစဉ်ကို ပြည့်အောင်ဖြည့်ပြီး လျှောက်ထားဖို့ လိုပါလိမ့်မယ်။ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့ကနေပြီး ရွေးချယ်မယ့် နည်းပညာတက္ကသိုလ် ၂၈ ကျောင်းကို လျှောက်ထားမယ်ဆိုရင်တော့ နည်းပညာတက္ကသိုလ်ရဲ့နောက်မှာ စောစောက တင်ပြသွားတဲ့ နာမည်လေးတွေ ထည့်ပြီးတော့ လျှောက်ထားဖို့ လိုပါတယ်။

**အစီအစဉ်မှူး ။ ။ ကွန်ပျူတာပညာရပ်နှင့် သတင်းအချက်အလက်နည်းပညာတွေနဲ့ဆိုင်တဲ့ ဘွဲ့အမျိုးအစားတွေကိုသာ ချီးမြှင့်ပေးတဲ့ IT Specialize တက္ကသိုလ်တွေကို ပထမဦးစားပေး လျှောက်ထားချင်တယ်ဆိုရင် ဘယ်လိုလျှောက်ထားရမလဲ ဆရာမကြီးက ဆွေးနွေးပေးပါ။**

**ဒေါက်တာစောစန္ဒာအေး ။** ။ IT Specialize သတင်းအချက်အလက်နည်းပညာနဲ့ ကွန်ပျူတာဘာသာရပ်တွေကို လေ့လာသင်ကြားလိုတဲ့ ကျောင်းသား ကျောင်းသူတွေဟာ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ကွန်ပျူတာတက္ကသိုလ်တွေကို ပေးပို့လျှောက်ထားနိုင်ပါတယ်။ အဲဒီထဲမှာမှ သီးခြားတိုက်ရိုက်လျှောက်ထားတဲ့ တက္ကသိုလ် သုံးခုရှိပါတယ်။ အဲဒါတွေကတော့ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်မှာရှိတဲ့ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (UCSY)၊ လှိုင်မြို့နယ် ပါရမီလမ်းပေါ်ရှိတဲ့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (UIT)၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှာရှိတဲ့ မန္တလေးကွန်ပျူတာတက္ကသိုလ် (UCSM) အဲဒီတက္ကသိုလ် သုံးခုကတော့ သီးခြားတိုက်ရိုက်လျှောက်ထားရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်သုံးခုကို ပထမဦးစားပေးအနေနဲ့ လျှောက်ထားလိုသူတွေက တက္ကသိုလ်ဝင်ခွင့်စာအိတ်ပေါ်မှာ အဲဒီတက္ကသိုလ်အမည်ကို အမှန်ခြစ်ပြီး အဲဒီတက္ကသိုလ်တွေကို လူကိုယ်တိုင် ဒါမှမဟုတ် စာတိုက်ကပေးပို့ရမှာ ဖြစ်ပါတယ်။

တခြားကွန်ပျူတာတက္ကသိုလ်တွေကို လျှောက်ထားလိုတဲ့ ကျောင်းသား ကျောင်းသူတွေကတော့ ကိုယ်လျှောက်ထားလိုတဲ့ တက္ကသိုလ်ဝင်စာအိတ်ပေါ်မှာ ကွန်ပျူတာတက္ကသိုလ်တွေဆိုတာကို အမှန်ခြစ်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တက္ကသိုလ်ဝင်ခွင့်လက်ခံတဲ့ တက္ကသိုလ်တွေမှာ ပေးပို့လျှောက်ထားလို့ရပါတယ်။ အဲဒီလို လျှောက်ထားတဲ့အခါမှာ သတင်းအချက်အလက်နည်းပညာနဲ့ ကွန်ပျူတာဘာသာရပ်ကို သင်ကြားလိုတဲ့ ကျောင်းသား၊ ကျောင်းသူတွေဟာ ဝင်ခွင့်လျှောက်လွှာမှာ ကိုယ်တက်လိုတဲ့ ကျောင်းတွေကို ပထမဦးစားပေးတက္ကသိုလ်တွေအလိုက်၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး စသည်ဖြင့် အစဉ်အလိုက် ဖြည့်စွက်ထားဖို့ လိုပါတယ်။

တကယ်လို့သာ ပထမဦးစားပေးတက္ကသိုလ်ကို မရခဲ့ဘူးဆိုရင် ဒုတိယဦးစားပေး လျှောက်ထားတဲ့ IT Specialize တက္ကသိုလ်တက်ခွင့်ရဖို့ အဆင့်ဆင့်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် လျှောက်လွှာမှာရေးတဲ့အခါ ဥပမာအားဖြင့် ပထမဦးစားပေး သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ပြီးရင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)၊ ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)၊ ကွန်ပျူတာတက္ကသိုလ် (မအူပင်) အစရှိသဖြင့် တက်လိုတဲ့ ဦးစားပေးအစီအစဉ်အလိုက် သေချာရေးပြီး လျှောက်ထားဖို့ လိုအပ်ပါတယ်။

**သတင်းအဖွဲ့**

*(ဆက်လက်ဖော်ပြပါမည်)*

# မိုးသည်းထန်ပြီး မြစ်ရေမြင့်တက် ရေကြီးရေလျှံမှုများကြောင့် ပြည်သူများ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရ

## မြစ်ကြီးနား

ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်အထက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်လာသဖြင့် ယမန်နေ့ညမှစတင်၍ မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာအထက်သို့ ရောက်ရှိခဲ့ပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့တွင် လူနေအိမ်များသို့ ရေများ ထပ်မံဝင်ရောက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနား-ဝိုင်းမော်သွားလမ်းပေါ်တွင် နန့်မြစ်ခချောင်းမှတစ်ဆင့် မြစ်ရေဝင်ရောက်ကာ လမ်းရေကျော်မှုအခြေအနေနှင့် ဝိုင်းမော်မြို့ပေါ် ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုကြောင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ရေဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ မိသားစု များအတွက် ခေါက်ဆွဲခြောက်များနှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကချင်ပြည်နယ် ဆော့လော်မြို့နယ်အတွင်း ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်းများ ချောင်းရေတိုက်စားမှု၊ မြေပြိုမှုများကြောင့် လမ်းပိတ်ဆို့ခြင်းနှင့် တံတားများ မျောပါပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ကြောင်း သိရသည်။



မြစ်ကြီးနားမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ကြစဉ်။
ဓာတ်ပုံ- မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့

ဆော့လော်မြို့နယ်အတွင်း ရေကြီးမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ဆော့လော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခေါ်မာဝူက "မိုးက မေခမြစ်အခြမ်းမှာ ပိုပြီး ရွာတာဆိုတော့ မိုးရေကြောင့် ရေကြီး မြေပြိုပြီး လမ်းအားလုံး ပိတ်သွားတယ်လို့ ပြောလို့ရတယ်။ လန်ဆယ်ရွာက ရေထိန်းနံရံ ပေ ၃၀၀၀ တစ်ခု၊ ပေ ၂၀၀၀ တစ်ခုကတော့ တော်တော်များများ ရေတိုက်စားသွားတယ်။ မြေထိန်းနံရံရှိတော့ လူတွေ ဘေးအန္တရာယ်ကနေ လွတ်သွားပါတယ်။ ဟန်းကောကျေးရွာ အုပ်စုမှာလည်း မနှစ်က စိုက်ပျိုးမြေဖော်ထုတ်ဖို့ ဘတ်ဂျက် ဧက ၇၀၀ ရခဲ့တာ ဧက ၂၀၀ က ရေထဲပါသွားတယ်"ဟု ပြောကြားသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆော့လော်မြို့နယ်အတွင်း လခမ်ကျေးရွာအုပ်စု၊ မောင်လော်ကျေးရွာနှင့် ဆမ်ဇင်ရွာကြားလမ်းတွင် အမြင့် ပေ ၂၀ ခန့် မြေပြိုခြင်း၊ ဆမ်ဇင်ကျေးရွာအောက် လမ်းမပေါ်တွင် အမြင့် ၈ ပေ၊ အရှည် ၁၀ ပေခန့် ကျောက်တုံးများပြိုကျခြင်း၊ မောင်လော်နှင့် ဆမ်ဇင်ရွာကြား မရှမ်ချောင်းရေတိုက်စားမှုကြောင့် အမြင့်ပေ ၆၀ ခန့် မြေပြိုမှုများကြောင့် လမ်းများပိတ်ဆို့ခဲ့သည်။ ယော်ဂျော်ကျေးရွာအုပ်စုတွင် ချောင်းရေကြီးမှုကြောင့် ဆတ်ကောက်ကျေးရွာအနီး ဆတ်ကောက်ချောင်းကူး သစ်လုံးတံတား ၈၅ ပေ၊ ချောင်လော် ကျေးရွာအနီး ဇွန်ဗျင်ချောင်းကူးသစ်တုံးတံတား ပေ ၆၀ ၊ ယော်ဂျော်ကျေးရွာအနီး ဂျီမောချောင်းကူး သစ်တုံးတံတား ၃၅ ပေနှင့် ရောင်ငေါ်ကျေးရွာအနီးရှိ ချီမွန်ချောင်းကူး သစ်တုံးတံတား ပေ ၆၀ ၊ လောက်လောင်ကျေးရွာအနီး ခမျော ချောင်းကူးသစ်တုံးတံတား ၅ ပေတို့သည် ချောင်းရေဖြင့် မျောပါပျက်စီးခဲ့သည်။

အလားတူ ဟန်းကောကျေးရွာအုပ်စု ချော်မွန်ကျေးရွာတွင် လမ်းမြေပြိုကျမှုကြောင့် ရှောက်ကော စိုက်ခင်း တစ်ဧကပျက်စီးခဲ့ခြင်းနှင့် မြို့မရပ်ကွက်နှင့် ကျီရှင်းကျေးရွာကြား မြေပြိုကျမှု လေးနေရာ၊ အောက်ဆော့လော်နှင့် ကျီးရှင်ရွာကြားတွင် အမြင့် ၁၅ ပေခန့် မြေပြိုခဲ့ခြင်းနှင့် ချောင်းရေတိုက်စားမှုကြောင့် မြေပြိုလမ်းပိတ်ခြင်းများဖြစ်ပွားခဲ့ပြီး မန်ဗျော့ကျေးရွာအုပ်စု၊ ဘမ်ခမ်၊ မန်ဗျော့နှင့် ငါမောဇပ် ကျေးရွာများတွင် ချောင်းရေလျှံမှုကြောင့် အခြေခံပညာမူလတန်းလွန်ကျောင်းကို ပိတ်ထားခဲ့ရသည်။

ဆော့လော်မြို့နယ်အတွင်း မြေပြိုလမ်းပိတ်ဆို့မှုနှင့် သစ်တုံးတံတားများ ချောင်းရေမျောပါပျက်စီးမှုများကြောင့် လူနှင့်ဆိုင်ကယ်များ သွားလာနိုင်ရေး မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းလုပ်အားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဆင်ဘိုဒေသ၌ မြစ်ရေမြင့်တက်လာပြီး ရေကြီးရေလျှံမှုကြောင့် ဆင်ဘိုမြို့ အောင်ချမ်းသာရပ်ကွက်အတွင်း အိမ်ထောင်စု ငါးစု၊ အောင်မင်္ဂလာရပ်ကွက်အတွင်း အိမ်ထောင်စု ၃၀၊ ရေနားပင်လုံကျေးရွာအုပ်စု မံဖွားကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၇ စုနှင့် တာဟိုးနားကျေးရွာအတွင်းရှိအိမ်ထောင်စု ၁၇ စုတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဘုန်းကြီးကျောင်းများနှင့် ဆွေမျိုးနေအိမ်တို့တွင် ခေတ္တပြောင်းရွှေ့နေရာချထားပေးကြောင်းနှင့် ရေနားပင်လုံကျေးရွာအုပ်စု၊ မြင်သာကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာအုပ်စု၊ တာဟိုးနားကျေးရွာအုပ်စုတို့ရှိ အခြေခံပညာကျောင်းများကို ခေတ္တပိတ်ထားရကြောင်း သိရှိရသည်။

ဇူလိုင် ၁၂ ရက်တွင် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)တို့ပူးပေါင်းကာ မြစ်ကြီးနားမြို့ရှိ မြို့သစ်ကြီးရပ်ကွက်၊ ကြက်ပေါင်ခြံရပ်ကွက်၊ ခေမာသီရိရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ ရွှေညောင်ပင်ရပ်ကွက်တို့ရှိ ရေဘေးသင့် အိမ်ထောင်စုတစ်စုလျှင် စောင်နှစ်ထည်၊ ဖျာ နှစ်ချပ်၊ ခြင်ထောင် နှစ်လုံးနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၂၂၄ စုကို လည်းကောင်း၊ လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် လူဦးရေ ၅၅၁ ဦးကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုများပြားလာခြင်းနှင့်အတူ မြစ်ရေတက်ခြင်းကြောင့် ဇူလိုင် ၈ ရက်မှစတင်ကာ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ ရေဘေးသင့် အိမ်ထောင်စုပေါင်း ၉၅၀၃ စုကို ရေဘေးလွတ်ရာကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သော အကူ



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

အညီ အထောက်အပံ့ပစ္စည်းများ ပေးအပ်ခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**မျိုးမြင့်စိုး(ပြည်နယ်ပြန်/ဆက်)**

## ရွှေကူ

ရွှေကူမြို့အနောက်ဘက် ခြောက်ဖာလုံခန့်အကွာ အမှတ်(၄) ရပ်ကွက် မြို့မအရပ်ရှိ ဦးအောင်ကျော်ဦး၊ ဒေါ်ကြွေ၊ ဒေါ်လှသိန်း၊ ဦးမျိုးတင့်ဆွေတို့၏ နေအိမ်ရှေ့ကမ်းပါးမှာ ဇူလိုင် ၁၃ ရက်က ဧရာဝတီမြစ်ရေကြီးသဖြင့် ကမ်းပါးများတိုက်စားပြိုကျမှုဖြစ်ခဲ့သည်။ အဆိုပါကမ်းပါးပြိုကျမှုကို ရွှေကူမြို့နယ်စခန်းမှူး ဒုရဲမှူးဟန်မွေ့ဦးစီး တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်ပြည်သူများပူးပေါင်းမှုဖြင့် ဝါးဖြင့်ရေကာတန်းပြုလုပ်ခြင်း၊ မြေဖို့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## တနိုင်း

တနိုင်းမြို့နယ်၌ မိုးဆက်လက်ရွာသွန်းလျက်ရှိသဖြင့် ဒူးကောင်းရပ်ကွက် အောင်စိုးမိုးကျေးရွာအပိုင်း မိုင်းခွန်ကျေးရွာအုပ်စု ရေနံကုန်းကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာများရှိ လူနေအိမ်များတွင် ရေဝင်ရောက်မှု ပိုမိုများပြားလာသဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်ရန်အတွက် ကယ်ဆယ်ရေးစခန်းများကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် တနိုင်းမြို့ ပုန်ခုန်းရပ်ကွက်ရှိ လမ်းဦးစီးဌာန(ရိပ်သာ)၊ မုန်ဒိန်ရပ်ကွက်ရှိ မြို့မဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၁၅၁ ဦး၊ သာယာရွှေပြည်ဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ခုနစ်စု လူဦးရေ ၃၂ ဦးနှင့် ပုန်ခုန်းရပ်ကွက်ရှိ အထက(၁) စာသင်ကျောင်းတွင် အိမ်ထောင်စု ၃၆ စု လူဦးရေ ၁၂၈ ဦးတို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ တနိုင်း-မိုင်းခွန်လမ်း မိုင်တိုင်အမှတ်(KM-5 နှင့် 9)အကြား ရေအနက် သုံးပေခွဲခန့် လမ်းရေကျော်လျက်ရှိသည့်အတွက် သွားလာရေး ယာယီပြတ်တောက်လျက်ရှိပြီး ရေကြီးမှုကြောင့် တနိုင်းမြို့နယ် အမက- အေးသုခကျောင်း၊ အမက-ဒရိန်ကောင်ရာကျောင်း၊ အမက- ဂျိုဆာဒီး၊ အမက- မိုင်းခွန်နှင့် မူလွန် မုန်ဒိန်ကျောင်းများ စုစုပေါင်းစာသင်ကျောင်း ငါးကျောင်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက် )**

## မင်းတပ်

မင်းတပ်ခရိုင် ပလက်ဝမြို့နယ်တွင် ယမန်နေ့ ညနေ ၆ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပရာကျေးရွာအုပ်စုနှင့် မတူပီမြို့နယ် လိုင်လင်းပီမြို့တို့ကို ဆက်သွယ်ထားသည့် ပေ ၃၅၀ အရှည်ရှိ ပါရာ-မီးချောင်း ကြိုးတံတားမှာ မီးချောင်းရေကြီးမှုကြောင့် မျောပါပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ယနေ့နံနက်ပိုင်းမှစ၍ လေးမြို့မြစ်ရေမှာ စိုးရိမ်ရေမှတ်ထက် ကျော်လွန်လာပြီး ရန်ကုန်-စစ်တွေ ကားလမ်း၊ မြောက်ဦး-မင်းပြား လမ်းပိုင်းကြားတွင်ရှိသော မြောင်းဘွေကျေးရွာနှင့် နန်းကျားကျေးရွာအနီးတစ်ဝိုက်တွင် ရေကျော်လျက်ရှိသည်။ မြောက်ဦးမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများဖြစ်သော စင်းဘောကိုင်းစစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်း၊ မြတန်ဆောင်း စစ်ဘေးရှောင်စခန်းနှင့်တိန်ညို စစ်ဘေးရှောင်စခန်းများ ရေနစ်မြုပ်မှုကြောင့် စခန်းရှိပြည်သူများကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် မြောက်ဦးမြို့ပေါ်ရှိ မြေနိမ့်ရပ်ကွက်များဖြစ်သော ကန်ချော်စုရပ်ကွက်၊ အလယ်ဈေးရပ်ကွက်၊ မြေနိမ့်ပိုင်းကျေးရွာများဖြစ်သော မြောင်းဘွေ၊ နန်းကျားရွာနှင့် ဇေယျဝတီကျေးရွာများ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ အလားတူ မင်းပြားမြို့နယ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လေးမြို့မြစ်ရေမှာ စိုးရိမ်ရေအမှတ်သို့ ကျော်လွန်လာပြီး မြို့ပေါ်မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော မင်းဘာကြီး၊ ဥက္ကာပုံ၊ ဦးစိုးတင့်ရပ်ကွက်နှင့် ကျွန်းညိုရပ်ကွက်များ ရေနစ်မြုပ်ခဲ့ပြီး ဖုံသာချောင်းနှင့် ပန်းမြောင်းကြီးချောင်းများတွင် တောင်ကျရေများဆင်းလာမှုကြောင့် မြေနိမ့်ပိုင်းကျေးရွာများဖြစ်သော ခွဆုံ၊ ပြင်ယောင်၊ ကုလားမတောင်၊ ပွဲရပ်ကံဆိပ်ရွာနှင့် မင်းကန်းဆိပ်ကျေးရွာများတွင် ရေကြီးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက် )**

## ကသာ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် လူဦးရေ ၁၀၀ ခန့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်း တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ခန္တီးမြို့နယ်တွင် အိမ်ထောင်စု ၁၃ စု လူဦးရေ ၄၄ ဦး၊ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကသာမြို့တွင် အိမ်ထောင်စု ကိုးစု လူဦးရေ ၅၅ ဦး ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစဝ်လီဖရန့်က ပြောသည်။

ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အဆိုပါမြစ်ဘေးအနားနေထိုင်ကြသည့် အများပြည်သူများ သတိပြုနိုင်ရန်အတွက် ဗီနိုင်းပိုစတာများ စိုက်ထူ၍ သတိပေးနှိုးဆော်ခြင်း၊ မြစ်များအတွင်း ခုတ်မောင်းနေသော ရေယာဉ်များပေါ်တွင် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**လှုအောင်(ကသာ)**



မြောက်ဦးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် နေအိမ်များအတွင်း ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

# လွိုင်ကော်မြို့နယ်၌ မူးယစ်ဆေးဝါး ICE ဂရမ် ၅၀၀၀၀၀၊ ကတ်တမင်း ဂရမ် ၆၄၉၀၀၀၊ ကဖင်း ဂရမ် ၁၁၅၀၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့က ဇူလိုင် ၁၂ ရက် နံနက် ၄ နာရီခွဲတွင် လွိုင်ကော်မြို့နယ် လင်ဖုံလေးရွာလမ်းခွဲအနီး၌ နန့်စန်-မိုးနဲ-ဆီဆိုင်-လွိုင်ကော် လမ်းအတိုင်း စိုင်းအောင်ကျော်မိုး အနောက်ရပ်ကွက် မိုင်းပန်မြို့နေသူအပါ ယာဉ်မောင်း ယာဉ်နောက်လိုက် အမျိုးသားခြောက်ဦး မောင်းနှင်လိုက်ပါလာသော ဒေါင်ဖန်း ထရပ်ယာဉ် သုံးစီးကို ဖမ်းဆီးစစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ် သုံးစီး၏ ကိုယ်ထည်အံဝှက်များအတွင်း ဆာလာအိတ်များဖြင့် ထည့်လျက် အိုက်စ်ဂရမ် ၅၀၀၀၀၀၊ ကတ်တမင်း ဂရမ် ၆၄၉၀၀၀၊ ကဖင်း ဂရမ် ၁၁၅၀၀၀၀ (ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း တစ်သိန်းခြောက်သောင်းကျော်)အား သိမ်းဆည်းရမိခဲ့သဖြင့် လွိုင်ကော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ကွင်းဆက်များ ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



ဖမ်းဆီးရမိသည့်ယာဉ်နှင့် လက်ဖက်ခြောက်အိတ်များဖြင့် ထည့်သွင်းထုပ်ပိုးထားသည့် မူးယစ်ဆေးဝါးများ။

**သတင်းစဉ်**

# မကွေးနှင့် ရတနာပုံအသင်း တစ်မှတ်စီခွဲယူ

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ မကွေးနှင့် ရတနာပုံအသင်း သရေကျပြီး ရောဝတီနှင့် ရခိုင်အသင်း နိုင်ပွဲဆက်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသည့် မကွေးအသင်းသည် အမှတ်ရရန် ရုန်းကန်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးပြန်ပေးလိုက်ရသောကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မကွေးအသင်းက ပထမပိုင်းတွင် ပိုဖိကစားကာ ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ၃၅ မိနစ်တွင် မကွေးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဇင်မင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်း ၇၇ မိနစ်တွင် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့ပြီး ဝင်းနိုင်ထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ချေပဂိုး မရမီ ပယ်နယ်တီကန်ခွင့်ရသော်လည်း ဝင်းနိုင်စိုး၏ ကန်သွင်းမှု ဂိုးမဝင်ခဲ့၍ နစ်နာခဲ့ရသည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ဒဂုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ပွဲအစ ၂ မိနစ်တွင် နန္ဒလင်းကျော်ချစ် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် အဝေးကွင်း၌ နိုင်ပွဲဆက်ခဲ့ပြီး ၅၄ မိနစ်တွင် ဆင်မြူရယ်သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၁၆) ဒုတိယနေ့ကို ဇူလိုင် ၁၄ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် စစ်ကိုင်းအသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❑ *ကျောဖုံးမှ*

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် စင်ကာပူလက်ရွေးစင်အသင်းထက် ကစားပုံရော တစ်ဦးချင်းစွမ်းဆောင်ရည်ပါ အသာရခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးဘောလုံးတွင် ခြေစွမ်းအရ သာမန်သာရှိသည့် စင်ကာပူအမျိုးသမီးအသင်းသည် မြန်မာအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒဏ်ရာနှင့် နေမကောင်းဖြစ်နေသည့် ကစားသမားများရှိနေသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး စန်းသော်သော်၊ လင်းမြင့်မိုရ်၊ ဆွေမာအောင်၊ ပုံပုံ့ပြည့်မောင်၊ ဇွန်ယုယဦးတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ၁၆ မိနစ်တွင် ဂိုးစရခဲ့ပြီး မိုးမိုးသန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကသာ ပွဲကိုစိုးမိုးနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် ဆွေမာအောင်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ပွဲကိုဆက်လက်ထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ဂိုးများ ထပ်မံရရှိခဲ့သည်။ စင်ကာပူအသင်းသည် မြန်မာအသင်း တိုက်စစ်ကို ဖျက်ထုတ်ရင်းဖြင့်သာ အချိန်ကုန်ဆုံးခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှု ပြုလုပ်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ၄၆ မိနစ်တွင် လင်းမြင့်မိုရ်၊ မိနစ် ၅၀ တွင် သဇင်အောင်နှင့် မိနစ် ၇၀ တွင် စန်းသော်သော်တို့က သွင်းယူခဲ့သည်။ စန်းသော်သော်သွင်းယူသည့် နောက်ဆုံးဂိုးမှာ ပြိုင်ဘက်နောက်ခံလူများကို ကျော်ဖြတ်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ဇူလိုင် ၁ ရက်မှစ၍ ပဏာမကစားသမား ၃၁ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**ညီမြတ်သော်တာ**

# မြန်မာ့ရုပ်မြင်သံကြား

၁၄-၇-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၂)**
- ၈း၃၅ - "ရှေးဟောင်းယဉ်ကျေးမှု အမွေပုဂံမြေ"
- ၉း၃၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၂၅ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေး အန္တရာယ်အသိပညာပေး အစီအစဉ်)
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သော မိန့်ခွန်း(၃)**
- ၁၂း၃၅ - This Week's Special Interest
- ၁၂း၅၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "ဖြေနိုင်ပေါင်" (ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ-ပြည့်စုံ)

**ညပိုင်း**

- ၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Yangon United FC Vs Zwekapin United FC)
- ၁၇း၅၀ - သက်ငယ်မုဒိမ်း ကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
- ၁၉း၁၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ**
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်း(၁)**
- "အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည် (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်)နှင့် တွေ့ဆုံမေးမြန်းခန်း"
- ဆယ့်နှစ်လရာသီအငြိမ့်သဘင် "ဝါဆိုလ"(ဝါဆိုပွဲ) (မင်းသမီး-ဝင်းသပြေထွန်း၊ လူရွှင်တော်-သီးလေးသီးအဖွဲ့)

# အင်းစိန်နှင့် လှိုင်သာယာမြို့နယ်တို့အတွင်း ဆိုင်ကယ်နှင့် ဖုန်းခိုးယူသူသုံးဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၃**

မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင်လပထမပတ်က အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက် ပြင်စည်မင်းသားကြီးလမ်း အကောင်းစားလက်ဖက်ရည်ဆိုင်ရှေ့မှ လမ်းလျှောက်လာသော မင်းနွယ်ထွန်း(ခ)ဗိုက်ပူ၊ သက်နိုင်ဦး (ခ) အုန်းစိန်နှင့် စောဘွဲ့မှူး(ခ)လုအေးတို့ သုံးဦးကို တွေ့ရှိသဖြင့် စောဘွဲ့မှူး(ခ) လုအေး ကိုင်ဆောင်ထားသော ZTE ဖုန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ မပြောပြနိုင်သဖြင့် ဖမ်းဆီးခဲ့သည်။ ၎င်းအား ဆက်လက်စစ်မေးရာ ၎င်းတို့သုံးဦးသည် အဆိုပါဖုန်းကို ဇွန်လအတွင်းက အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက် ဘူတာနောက်ကျော (ကျူးကျော်တဲ) အတွင်းမှ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူသုံးဦးကို အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိမရှိ စစ်ဆေးခဲ့ရာ မေလအတွင်းက အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက် ရွာလယ်လမ်းရှိ နေအိမ်တစ်အိမ် အတွင်းမှ Redmi 6A ဖုန်းတစ်လုံး၊ တည်းကုန်းရပ်ကွက် ဘိုခြံကားမှတ်တိုင်အနီးရပ်ထားသော SUMBO-125 ဆိုင်ကယ်တစ်စီး၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်ဆေးရုံဝင်းအတွင်း ရပ်ထားသော ZENIZ-125 ဆိုင်ကယ်တစ်စီး၊ ဈေးကုန်းအနောက်ရပ်ကွက်၊ လှိုင်မြစ်လမ်းဘေးတွင် ရပ်ထားသော New Asia CZI-125 ဆိုင်ကယ်တစ်စီး၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက် ပီမိုးနင်းလမ်းမဘေးတွင် ရပ်ထားသော Super AMBO ဆိုင်ကယ်တစ်စီး၊ (၇)ရပ်ကွက် အောင်မင်းခေါင်လမ်းရှိ နေအိမ်တစ်အိမ်အတွင်းမှ JLM-110 ဆိုင်ကယ်တစ်စီး၊ ဇွန်လအတွင်း အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက် ဘူတာနောက်ကျော (ကျူးကျော်တဲ)အတွင်းမှ Huawei G-730 ဖုန်းတစ်လုံး၊ အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းမဘေး ဈေးဆိုင်အတွင်းမှ Huawei ဖုန်းတစ်လုံး၊ ရွာမအရှေ့ရပ်ကွက် လက်ဖက်ရည်ဆိုင်အတွင်း၌ အားသွင်းထားသော Vivo ဖုန်းတစ်လုံး၊ တည်းကုန်းလမ်းဆုံအနီး လက်ဖက်ရည်ဆိုင်အတွင်း၌ အားသွင်းထားသော Huawei ဖုန်းတစ်လုံး၊ စဉ့်ငူရပ်ကွက် ဘူတာရုံလမ်းဘေးတွင် ရပ်ထားသော CANDA-125 ဆိုင်ကယ်တစ်စီး၊ အောင်ဆန်းရပ်ကွက် ရွာသစ်(၁) လမ်းဘေးတွင် ရပ်ထားသော Smash-110 ဆိုင်ကယ်တစ်စီး၊ လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဖိုးရာဇာလမ်းဘေးတွင် ရပ်ထားသော KENBO-110 ဆိုင်ကယ်တစ်စီး၊ (၁၆) ရပ်ကွက် ဦးပုညလမ်းရှိ နေအိမ်တစ်အိမ်အတွင်းမှ ZONGSHEN ဆိုင်ကယ်တစ်စီး၊ (၆)ရပ်ကွက် ကျန်စစ်သားလမ်းရှိ နေအိမ်တစ်အိမ်အတွင်းမှ KENBO-110 ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပါဆုံးသက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူး လွန်သူ မင်းနွယ်ထွန်း(ခ)ဗိုက်ပူပါ သုံးဦးအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့မရဲစခန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# တိုင်းဒေသကြီးနှင့် ပြည်နယ် လေးခုတွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ ဇူလိုင် ၈ ရက်မှ ၁၁ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် နယ်မြေတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပဲခူး-ဖောင်ကြီး ကြီးလေးကြီးလမ်း ကြို့ကုန်းလမ်းခွဲ၌ တရားမဝင်သစ်ခွဲသား ၈ ဒသမ ၆၁၃ တန်ကို မော်တော်ယာဉ်တစ်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရွှေကျီးနားရေဆိပ်အနီး၌ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၀၈၈ တန်ကို သုံးဘီးဆိုင်ကယ်တစ်စီး၊ ပဲ့ထောင်စက်လှေတစ်စင်းအတူ ပြစ်မှုကျူးလွန်သူသုံးဦး၊ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းဆတ်မြို့နယ် ဆိုက်ခေါင်မြို့ဝင်ဂိတ်၌ တရားမဝင်သစ်ခွဲသား ၀ ဒသမ ၄၃ တန်ကို မော်တော်ယာဉ်တစ်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် ကြိုးပြင် (IX)၌ တရားမဝင်သစ် ၈ ဒသမ ၁၄၁၈ တန်ကို မော်တော်ယာဉ်တစ်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ရွှေကျင်ကြိုးဝိုင်းအတွင်း၌ တရားမဝင်သစ် ၉ ဒသမ ၁၈၁ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး အိုးဘိုတောင်တံတားအနီးနှင့် DENKO ဆီဆိုင်ရှေ့ရှိ မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားမဝင်ပိတောက်ခွဲသား ၁ ဒသမ ၈၆၁ တန်နှင့် ဖောင်းပြင်မြို့နယ် လမ်းလေးခွကျေးရွာအနီး၌ တရားမဝင် သစ် ၆ ဒသမ ၀၉၂ တန်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်မျိုး**

# မင်းတုန်း၌ စက်လှေတိမ်းမှောက်၍ ပျောက်ဆုံးနေသူ လေးဦးအနက်တစ်ဦးကို သေဆုံးလျက်တွေ့ရှိ

**မင်းတုန်း ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့တွင် ယမန်နေ့က ကူးတို့စက်လှေတိမ်းမှောက်၍ မင်းတုန်းချောင်းရေဖြင့် မျောပါသွားသည့် ကျောင်းသူလေးဦးအနက် တစ်ဦးကို ယနေ့နံနက် ၁၀ နာရီတွင် ကင်းပုန်ကိုင်းကျေးရွာအနီး၌ သေဆုံးလျက် တွေ့ရှိခဲ့သည်။

ရေစီးဖြင့်မျောပါသွားသူများအား တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးတို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ချောင်းရိုးတစ်လျှောက် စက်လှေငါးစင်းဖြင့် ရှာဖွေလျက်ရှိသည်။

အဆိုပါ ကူးတို့စက်လှေတိမ်းမှောက်မှုနှင့် ပတ်သက်၍ စက်လှေမောင်းနှင်သူ ဇာနည်အောင်အား မင်းတုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ချင်းကလေး(မင်းတုန်း)**

# ပင်လယ်ကွေ့ဒေသ သင်္ဘောလမ်းကြောင်း လုံခြုံရေးအတွက် နိုင်ငံတကာစစ်ရေးမဟာမိတ်ဖွဲ့စည်းရန် အမေရိကန်ကြေညာ

**ဝါရှင်တန် ဇူလိုင် ၁၃**

ပင်လယ်ကွေ့ဒေသ သင်္ဘောလမ်းကြောင်း လုံခြုံရေးအတွက် နိုင်ငံပေါင်းစုံ ပါဝင်သည့် စစ်ရေးမဟာမိတ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် အစီအစဉ်ရှိကြောင်း အမေရိကန်အစိုးရက မကြာသေးမီက ကြေညာလိုက်သည်။

လွန်ခဲ့သည့်လက ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရမှုနှင့် အမေရိကန် ဒရုန်းယာဉ်ပစ်ချခံရပြီးနောက်ပိုင်းတွင် အမေရိကန်က ယခုလိုကြေညာလိုက်ခြင်းဖြစ်သည်။

အမေရိကန်က ယခုလို နိုင်ငံပေါင်းစုံပါဝင်သည့် စစ်ရေးမဟာမိတ်ဖွဲ့မှုအား ဟော်မုဇ်ရေလက်ကြားအရေး တင်းမာမှုကြောင့် ကမ္ဘာ့လောင်စာရရှိရေးအပေါ် ထိခိုက်လာမည်ကို စိုးရိမ်နေသည့်နိုင်ငံများနှင့် ယင်းရေလက်ကြားကို အသုံးပြုသွားလာသူများက ကြိုဆိုလိုက်ကြောင်း သိရသည်။

ဟော်မုဇ်နှင့် အိုမန်ပင်လယ်ကွေ့လို မဟာဗျူဟာကျသည့် ရေလမ်းကြောင်းများတွင် ယခုလို လုံခြုံရေးပြဿနာများ ရှိလာပါက သင်္ဘောပိုင်ရှင်များက ယင်းနေရာကို မဖြတ်သန်းချင်ကြောင်း၊ ထို့ကြောင့် သင်္ဘောသွားလာမှုနှင့် ကုန်စည်တင်ပို့မှု လျော့ချသွားနိုင်ကြောင်း၊ အကျိုးရလဒ်အားဖြင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်နိုင်ကြောင်း ကိုပင်ဟေဂင်အခြေစိုက် ကမ္ဘာ့အကြီးဆုံး သင်္ဘောသွားလာရေးအသင်းကြီး (ဘင်ကို)၏ ရေကြောင်းလုံခြုံရေးတာဝန်ရှိသူ ဂျာကော့ဗ်လာဆန်က ပြောသည်။

မကြာသေးမီက ရေနံတင်သင်္ဘော တိုက်ခိုက်ခံရမှုကြောင့် နိုင်ငံပေါင်း ၁၇ နိုင်ငံ သွယ်ဝိုက်၍သော်လည်းကောင်း တိုက်ရိုက်သော်လည်းကောင်း ထိခိုက်နစ်နာခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံပေါင်းစုံ စစ်ရေးမဟာမိတ်ဖွဲ့လိုက်ခြင်းဖြင့် နောက်နောင် အလားတူ သင်္ဘောတိုက်ခိုက်ခံရမှုမှ ကာကွယ်နိုင်မည်ဖြစ်သလို အီရန် သို့မဟုတ် ၎င်း၏သြဇာခံများကို နောင်ယခုကဲ့သို့ မလုပ်နိုင်အောင် ဟန့်တားနိုင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဘရင်ရန်ဟွတ်ခ်က ပြောသည်။

ဟော်မုဇ်ရေလက်ကြားကို ဖြတ်သွားသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုန်သွယ်မှုပမာဏသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၅၄ ဘီလီယံရှိကြောင်း လန်ဒန်အခြေစိုက် ဆုံးရှုံးနိုင်ခြေကြိုတင်တွက်ဆသည့် အတိုင်ပင်ခံအဖွဲ့မှ ဆူကီဘတ်ရှီက ပြောသည်။ သို့သော်လည်း သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အေအက်ဖ်ပီ**



အမေရိကန်ဖျက်သင်္ဘော ယူအက်စ်အက်စ်ဘော်လ်ကယ်လ်လေးကို တွေ့ရစဉ်။

# နီပေါ နိုင်ငံတကာလေဆိပ်ကို ရှစ်နာရီကြာ အရေးပေါ် ပိတ်ခဲ့ရ

**ခတ္တမန္ဒူ ဇူလိုင် ၁၃**

နီပေါနိုင်ငံ၏ တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်သည့် ခတ္တမန္ဒူမြို့ရှိ ထရီဗူဗန် နိုင်ငံတကာလေဆိပ်အား ယမန်နေ့က ရှစ်နာရီကြာ အရေးပေါ် ပိတ်ထားခဲ့ရကြောင်း သိရသည်။

ခတ္တမန္ဒူအခြေစိုက် ပုဂ္ဂလိက လေကြောင်းလိုင်းတစ်ခုဖြစ်သော ရက်တီ လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ယင်းလေဆိပ်သို့ ဆင်းသက်စဉ် ပြေးလမ်းချော်မှုဖြစ်ပွားပြီးနောက် ယင်းကဲ့သို့ ပိတ်လိုက်ရခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်သည် နီပေါနိုင်ငံအနောက်ပိုင်းရှိ နီပေါဂွန့်ဂျ်မြို့မှ ပျံသန်းလာခြင်းဖြစ်ပြီး လေယာဉ်ပေါ်တွင် ကလေးနှစ်ဦးအပါအဝင် ခရီးသည် ၆၆ ဦးနှင့် လေယာဉ်ဝန်ထမ်းသုံးဦးတို့ လိုက်ပါလာသည်။



ရက်တီလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

လေယာဉ်ပြေးလမ်းချော်မှုဖြစ်ပွားခဲ့သော်လည်း လေယာဉ်ပေါ်လိုက်ပါလာသူအားလုံး ဘေးအန္တရာယ်ကင်းကြောင်းသိရပြီး လေကြောင်းပျံသန်းမှုများ ရှစ်နာရီပိတ်ခဲ့ရကာ နောက်ပိုင်းတွင် ပုံမှန်ပြန်လည်စတင်ခဲ့သည်။

ရက်တီ လေကြောင်းလိုင်းမှ ထုတ်ပြန်သော ကြေညာချက်တွင် ပြေးလမ်းချော်မှုဖြစ်ပွားခဲ့သော လေယာဉ်ကို လေယာဉ်ပြေးလမ်းကြောင်းမှ ဖယ်ရှားခဲ့ပြီး လေဆိပ်ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ရှစ်နာရီကြာ လေဆိပ်ပိတ်ထားစဉ်အတွင်း ဆင်းသက်မည့် လေယာဉ်များအားလုံး အခြားလေဆိပ်များသို့ ပြောင်းလဲဆင်းသက်ခဲ့ပြီး လေဆိပ်မှ ထွက်ခွာမည့် လေယာဉ်ခရီးစဉ်များအားလုံးကိုလည်း ရပ်ဆိုင်းထားခဲ့ကြောင်းနှင့် လေကြောင်းကုမ္ပဏီများအတွက် ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကုန်သွယ်ရေးထိန်းချုပ်မှုအပေါ် ဂျပန်နိုင်ငံ၏ အကြောင်းပြချက် တောင်ကိုရီးယား လက်မခံ

**တိုကျို ဇူလိုင် ၁၃**

အိမ်နီးချင်းတိုင်းပြည်ဖြစ်သည့် တောင်ကိုရီးယားနိုင်ငံအပေါ် ဂျပန်နိုင်ငံက ပို့ကုန်ပစ္စည်းအချို့တွင် ထိန်းချုပ်ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။

ယင်းသို့ ထိန်းချုပ်မှုများအပေါ် ဂျပန်နိုင်ငံ၏ အကြောင်းပြချက်ကို တောင်ကိုရီးယားအရာရှိကြီးများက လက်မခံခဲ့ပေ။ ထို့အပြင် တစ်လအတွင်း နောက်ထပ်ဆွေးနွေးမှုများ ပြုလုပ်သွားရန် တောင်းဆိုခဲ့သည်။

တောင်ကိုရီးယားအရာရှိများက တိုကျိုမြို့မှ မထွက်ခွာမီ ဇူလိုင် ၁၂ ရက်က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲမှာ ငါးနာရီမျှ ကြာမြင့်ခဲ့ကြောင်း သတင်းထောက်များကို ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်မှုလျော့ရဲလာခြင်းကို အဖြေရှာရန် ဇူလိုင် ၁၂ ရက်က ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ဂျပန်ကုန်သွယ် ရေးဝန်ကြီးဌာန အရာရှိများက ပြောသည်။

ဂျပန်နိုင်ငံမှ ကုန်သွယ်မှု တင်းကျပ်လိုက်သည့် ပစ္စည်းသုံးမျိုးမှာ စစ်ဘက်တွင်လည်း အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံဘက်မှ ရှင်းလင်းမှုများကို လက်မခံနိုင်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောသည်။

တောင်ကိုရီးယားဘက်မှ ယခုထက်ပိုသည့် အသေးစိတ်ရှင်းလင်းမှုများ လိုချင်ကြောင်း ဇူလိုင် ၂၄ ရက်တွင် နောက်တစ်ကြိမ် ဆွေးနွေးမှုပြုလုပ်ရန် တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဆိုမာလီနိုင်ငံရှိ ဟိုတယ်တစ်ခုတွင် အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ၂၆ ဦး သေဆုံး

**မိုဂါဒစ်ရှူး ဇူလိုင် ၁၃**

ဆိုမာလီနိုင်ငံတောင်ပိုင်း နာမည်ကြီး ဟိုတယ်တစ်ခုတွင် အယ်ရှာဘတ် စစ်သွေးကြွအချို့၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် နိုင်ငံခြားသားများ အပါအဝင် လူပေါင်း ၂၆ ဦး သေဆုံးခဲ့ပြီး ၅၆ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသတွင်း ထိပ်တန်းခေါင်းဆောင်တစ်ဦးက ဇူလိုင် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ဆိုမာလီနိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်သည့် ကစ်မာယိုမြို့ရှိ မက်ဒီနာဟိုတယ်အတွင်းသို့ အသေခံ ဗုံးခွဲသမားတစ်ဦးက မော်တော်ယာဉ်ဖြင့် ဝင်ရောက်ခဲ့သည်။

ထို့နောက် လက်နက်ကြီးများ ကိုင်ဆောင်လာသော သေနတ်သမားများသည် ဟိုတယ်အတွင်းသို့ ဝင်ရောက်လာပြီး မြင်မြင်သမျှ ပစ်ခတ်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါ စီးနင်းတိုက်ခိုက်မှုမှာ ၁၂ နာရီကြာမြင့်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွတို့ အပြင်းအထန် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ဇူလိုင် ၁၂ ရက်က တိုက်ခိုက်မှုမှာ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းမှ အဆုံးသတ်ခဲ့သည်ဟု သိရသည်။

သေဆုံးသူ ၂၆ ဦးတွင် ကင်ညာနိုင်ငံသားသုံးဦး၊ တန်ဇန်နီးယားနိုင်ငံသားသုံးဦး၊ အမေရိကန်နှစ်ဦး၊ ဗြိတိန်တစ်ဦး၊ ကနေဒါတစ်ဦးတို့ ပါဝင်သည်ဟု ဂျာဘလန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပြောရေးဆိုခွင့်ရှိသူ အာမက် မိုဟမ်မက် အစ္စလာမ် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

တရုတ်နိုင်ငံသားနှစ်ဦးမှာလည်း ဒဏ်ရာရရှိသူများထဲတွင် ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါနေရာကို အပြည့်အဝ ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ပြီး နောက်ဆုံးကျန်ရှိနေသည့် အကြမ်းဖက်သမားမှာလည်း ပစ်သတ်ခံလိုက်ရကြောင်း လုံခြုံရေးအရာရှိတစ်ဦးဖြစ်သူ မိုဟာမက် အဗ္ဗဒီဝီလီက ပြောသည်။

သေနတ်သမားမှာ လေးဦးဖြစ်သည်ဟု အာဏာပိုင်များက ယုံကြည်နေပြီး မျက်မြင်သက်သေတစ်ဦးက သေနတ်သမားများတွင် ဆိုမာလီလုံခြုံရေးတပ်ဖွဲ့ယူနီဖောင်းဝတ်ဆင်ထားသူလည်း ပါဝင်ကြောင်း ပြောပြခဲ့သည်။

အယ်ခိုင်ဒါအုပ်စုနှင့် ဆက်သွယ်မှုရှိသည့် အယ်ရှာဘတ်အုပ်စုသည် အဆိုပါ တိုက်ခိုက်မှုမှာ ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ဆိုမာလီမြို့ကြီးများကို တစ်ချိန်က ထိန်းချုပ်ခဲ့သည့် အယ်ရှာဘတ် တိုက်ခိုက်ရေးသမားများအား တွေ့ရစဉ်။

# အီရန်ရေနံတင်သင်္ဘောမှ အမှုထမ်းများကို ဂျီဘရော်လ်တာရဲများ ပြန်လွှတ်ပေး

**တီဟီရန် ဇူလိုင် ၁၃**

ဗြိတိန်ပိုင်နယ်မြေဖြစ်သည့် ဂျီဘရော်လ်တာတွင် ဖမ်းဆီးခံထားရသည့် အီရန်ရေနံတင်သင်္ဘောမှ သင်္ဘောအမှုထမ်းလေးဦးကို အာမခံဖြင့် လွှတ်ပေးလိုက်သည်ဟု သိရသည်။

ဂျီဘရော်လ်တာ အာဏာပိုင်များနှင့် ဗြိတိန်တော်ဝင်ရေတပ်တို့က ဖမ်းဆီးထားသည့် ရေနံတင်သင်္ဘောသည် ဥရောပသမဂ္ဂ၏ ပိတ်ဆို့ထားမှုများကို ချိုးဖောက်ပြီး ဆီးရီးယားသို့ ရေနံတင်ပို့သည်ဟု သံသယရှိသည့်အတွက် ဖမ်းဆီးခံထားရခြင်းဖြစ်သည်။

ယခုသီတင်းပတ်အစောပိုင်းတွင် သင်္ဘောအမှုထမ်းလေးဦးကို ဖမ်းဆီးထားပြီး သင်္ဘောပေါ်မှ ကွန်ပျူတာများနှင့် အချက်အလက်များကိုသိမ်းယူခဲ့သည်။

ဇူလိုင် ၁၂ ရက်တွင် သင်္ဘောအမှုထမ်းများကို တရားစွဲဆိုခြင်းမရှိဘဲ အာမခံဖြင့် လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ရဲများကပြောသည်။ သင်္ဘောကိုမူ စုံစမ်းစစ်ဆေးစရာများ ရှိနေသေးသည့်အတွက် ဆက်လက်ထိန်းသိမ်းထားသည်ဟု သိရသည်။

အီရန်ရေနံတင်သင်္ဘောအသိမ်းခံရသည့်အတွက် ဗြိတိန်အစိုးရနှင့် အီရန်တို့ကြား ဆက်ဆံရေးတင်းမာလာခဲ့သည်။ ဇူလိုင် ၁၁ ရက်ကလည်း ဟော်မုဇ်ရေလက်ကြားအနီးတွင် အီရန်သင်္ဘောများသည် ဗြိတိန်ရေနံတင်သင်္ဘောကို ပိတ်ဆို့ရန် ကြိုးပမ်းခဲ့သည်ဟု ဗြိတိန်အစိုးရကပြောသည်။ အီရန်ကမူ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ငြင်းဆိုခဲ့သည်။ ဗြိတိန်သည် ဟော်မုဇ်ရေလက်ကြားသို့ ဒုတိယမြောက် စစ်သင်္ဘော စေလွှတ်ခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်အကြောင်း တစေ့တစောင်း

ဆောင်းပါး - သန်းထိုက်၊ ဓာတ်ပုံ - သစ္စာ

**မြန်မာပြည်တစ်ဝန်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူတို့အနေနဲ့ မိမိတို့အနာဂတ်ထွန်းလင်းတောက်ပရန် တက္ကသိုလ်များအသီးသီးမှာ ပညာသင်ကြားခွင့်ရရှိမည်ဖြစ်ရာ မိမိတို့စိတ်ဝင်စားရာဘာသာရပ်များအလိုက် သင်ကြားနိုင်ရန် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်က အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်(NMDC) နဲ့ မိတ်ဆက်ပေးလိုပါတယ်။**

ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်အနီး ဗိုလ်တထောင်ဘုရားလမ်း၊ ကုန်သည်လမ်းတို့ပေါ်မှာရှိတဲ့ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်ဟာ အဆင့်မြင့်ပညာများကို သင်ကြားပေးနေတဲ့ကျောင်းဖြစ်ပါတယ်။ အထူးပြုဘာသာရပ်လေးခုကို သတ်မှတ်စံနှုန်းနဲ့အညီ ကျောင်းသား ကျောင်းသူများတက်ရောက်နိုင်တဲ့အပြင် တက္ကသိုလ်ဝင်တန်းအောင်မြင်ရုံနဲ့ သက်မွေးဝမ်းကျောင်းပညာရပ်များကို လပိုင်းအတွင်း တတ်မြောက်နိုင်တဲ့ အခွင့်အရေးကိုလည်း ယခုကျောင်းမှာ သင်ကြားပေးနေတဲ့အတွက် သက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအနေနဲ့ အထောက်အကူဖြစ်စေပြီး ဘာသာရပ်လေးမျိုးကို သင်ကြားပေးတာကြောင့် ကျောင်းသား ကျောင်းသူတို့အနေနဲ့ ကျောင်းပြီးသည်နှင့် အလုပ်အကိုင်အခွင့်အလမ်း ၇၂ ရာခိုင်နှုန်းရရှိတာကြောင့် ကျောင်းသူများ အထူးစိတ်ဝင်စားတဲ့ကျောင်းဆိုရင်လည်း မမှားပါဘူး။ ကျန်သည့် ၂၈ ရာခိုင်နှုန်းသော ကျောင်းသား ကျောင်းသူတို့မှာ ပြည်တွင်း ပြည်ပမှာ ဘွဲ့လွန်သင်တန်းများကို ဆက်လက်တက်ရောက်ကြတဲ့အတွက် ဖြစ်ပါတယ်။ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှာ တက်ရောက်သင်ကြားမယ်ဆိုရင် အောက်ပါအချက်များကို သိရှိစေလိုပါတယ်။



အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် အဆောက်အအုံကို တွေ့ရစဉ်။

**ဝင်ခွင့်လျှောက်ထားနိုင်မည့် အမှတ်များ**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှာ တက်ရောက်ရန် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၏ အနိမ့်ဆုံးအမှတ်များမှာ Bechelor of Business Management နှင့် English for Professional Purposes ဘာသာတို့အတွက် အမှတ် ၄၄၀ အထက်၊ Tourism and Hospitality Management နဲ့ Journalism ဘာသာရပ်အတွက် အမှတ် ၄၃၀ အထက် ရရှိထားတဲ့ ကျောင်းသား ကျောင်းသူများ ဝင်ခွင့်ကိုလျှောက်ထားနိုင်ပါတယ်။ ယခုနှစ်မှာ ပထမဆုံးအကြိမ်အဖြစ် အွန်လိုင်းကနေ လျှောက်ထားနိုင်သလို ကျောင်းကို တိုက်ရိုက်လာပြီး လျှောက်တဲ့ ကျောင်းသား ကျောင်းသူတို့အနေနဲ့ကျောင်းက စီမံဆောင်ရွက်ပေးထားတဲ့ ကွန်ပျူတာမှာ ကိုယ်တိုင်ကျောင်းဝင်ခွင့်ကို လျှောက်ထားရမှာ ဖြစ်ပါတယ်။

**အထောက်အပံ့ကောင်းများရရှိ**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ၂၀၁၉ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများသာ လျှောက်ထားနိုင်ပြီး ကျောင်းသား ကျောင်းသူများအနေနဲ့ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ ဗိုလ်တထောင်မြို့နယ် အမှတ်(၂၇၃/၂၇၉)၊ ကုန်သည်လမ်းမှာရှိတဲ့ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ကျောင်းသားရေးရာဌာနမှာ ဝင်ခွင့်လျှောက်ထားနိုင်ပြီးတော့ ဘွဲ့ကြိုဘာသာရပ်လေးခုကို ဤကျောင်းကြီးမှ ဘယ်လိုသင်ကြားပေးနေကြောင်းကို ထဲထဲဝင်ဝင်သိရှိလေ့လာလိုလျှင် ဩဂုတ်လပထမပတ်မှာ ဆရာ ဆရာမများနဲ့ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်ရောက်နေတဲ့ စီနီယာကျောင်းသား ကျောင်းသူတို့က ရှင်းလင်းပြောကြားမယ့် အစီအစဉ်လည်း ရှိပါတယ်။ လာရောက်လေ့လာပြီး မိမိနှစ်သက်ရာဘာသာကို ရွေးချယ်ဖို့ အထောက်အပံ့ကောင်းများကိုရရှိစေမှာပါ။

**ဘွဲ့ကြိုအထူးပြုဘာသာရပ်များ**

အထူးပြုဘာသာရပ်များအနေနဲ့ Business Management ဘာသာရပ်၊ English for Professional Purposes ဘာသာရပ်၊ Tourism and Hospitality Management ဘာသာရပ်၊ Journalism ဘာသာရပ်တို့ဖြစ်ပါတယ်။ ထိုဘာသာရပ်များအားလုံးကို တက္ကသိုလ်နေ့သင်တန်းများအတိုင်း အချိန်ပြည့်တက်ရောက်သင်ယူရမှာဖြစ်ပြီးတော့ စာတွေ့၊ လက်တွေ့ကို သင်ထောက်ကူပစ္စည်းစုံလင်စွာနဲ့ သင်ယူလေ့လာရမှာဖြစ်ပါတယ်။ သင်ကြားတဲ့အခါမှ Power Point နဲ့ သင်ကြားပြသပြီးတော့ စာသင်ချိန်တစ်ချိန်ပြီးလို့ နောက်တစ်ချိန်မှာ ပထမသင်ကြားခဲ့မှုကို ပြန်လည်ဆန်းစစ်သုံးသပ်လေ့ကျင့်သင်ကြားမှုကြောင့် တစ်နှစ်ထက်တစ်နှစ် သင်ကြားမှုရဲ့ထူးခြားတိုးတက်မှုကို ကျောင်းသား ကျောင်းသူများကိုယ်တိုင် လက်တွေ့သိရှိနိုင်ကြပါတယ်။

**လက်ခံပေးမည့်ဦးရေ**

Business Management ဘာသာရပ်အတွက် ၁၅၀၊ English for Professional Purposes ဘာသာရပ်အတွက် ၅၀၊ Tourism and Hospitality Management ဘာသာရပ်အတွက် ၁၅၀၊ Journalism ဘာသာရပ်အတွက် ၅၀ တို့ကို ကျောင်းသားဦးရေ သတ်မှတ်ချက်အတိုင်း တက်ရောက်သင်ကြားနိုင်မှာဖြစ်ပြီး EPP ဘာသာရပ်ကိုတော့ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ပင်လုံဆောင်မှာ သင်ကြားရမှာ ဖြစ်ပါတယ်။ နယ်မှ ကျောင်းသား ကျောင်းသူတို့အတွက် အဆောင်နေထိုင်မှုကိုလည်း စီမံဆောင်ရွက်ပေးထားပါတယ်။ NMDC ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၁၆၀၀ ခန့်ပညာသင်ကြားလျက်ရှိပြီး အထူးပြုဘာသာရပ်လေးခုအတွက် လေးနှစ်တက်ရောက်ရမှာ ဖြစ်ပါတယ်။

**အပ်နှင်းသောဘွဲ့**

ပညာသင်နှစ်တစ်နှစ်လျှင် Semester နှစ်ခုတက်ရောက်ရမှာဖြစ်ပြီး စုစုပေါင်း Semester ရှစ်ခု တက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့အပ်နှင်းတာဖြစ်ပါတယ်။ အပ်နှင်းသောဘွဲ့များက BBMဘွဲ့၊ BA(EPP)ဘွဲ့၊ BTHM ဘွဲ့၊ BA (Journalism)ဘွဲ့များကို ရရှိမှာဖြစ်ပါတယ်။

**ဒီပလိုမာ**

Diploma in Tourism Studies and Management ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်းကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် တစ်နှစ်တစ်ကြိမ် ကြော်ငြာခေါ်ယူလျက်ရှိပြီးတော့ သင်တန်းချိန်ကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇ နာရီမှ ၉ နာရီအထိ တက်ရောက်သင်ကြားရမှာ ဖြစ်ပါတယ်။ သင်တန်းကာလဟာ ကိုးလပါ။

> **“၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ၂၀၁၉ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများသာ လျှောက်ထားနိုင်ပြီး ကျောင်းသား ကျောင်းသူများအနေနဲ့ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ ဗိုလ်တထောင်မြို့နယ် အမှတ်(၂၇၃/၂၇၉)၊ ကုန်သည်လမ်းမှာရှိတဲ့ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းသားရေးရာဌာနမှာ ဝင်ခွင့်လျှောက်ထားနိုင်”**

**အချိန်ပိုင်းသင်တန်း**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်အနေနဲ့ ကျောင်းသား ကျောင်းသူတို့ကို အချိန်ပိုင်းသင်တန်းများခေါ်ယူပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်လျက်ရှိပါတယ်။ အချိန်ပိုင်းသင်တန်း အမှတ်စဉ်(၂)ကို ဇွန် ၁၁ ရက်ကစပြီး ဖွင့်လှစ်ပို့ချလျက် ရှိပါတယ်။ Certificate in Business Management (CBM)၊ Certificate in Mass Communication (CMC)၊ Certificate in Tourism Management (CTM)၊ Cartificate in Business English Level 1,2 (1.CBE,2.CBE) စတဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်အလိုက် သုံးလစီ တက်ရောက်ရမှာဖြစ်ပြီး တစ်နှစ်မှာ အချိန်ပိုင်းသင်တန်းကို နှစ်ကြိမ် ခေါ်ယူသင်ကြားပေးလျက်ရှိပါတယ်။

**အကြံပြု**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှာ တက်ရောက်ပညာသင်ကြားလိုတဲ့ ကျောင်းသား ကျောင်းသူတို့ကို ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်တင်တင်ထွေးက ယခုလိုအကြံပြုထားပါတယ်။

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှာ ဘယ်လိုပညာရပ်တွေ သင်ကြားပေးနေတယ်ဆိုတာကို NMDC Facebook မှာ ဝင်ရောက်ကြည့်ရှုလို့လည်း ရပါတယ်။ ဒီကျောင်းမှာတက်မယ်ဆိုရင် အမှတ်က အရေးကြီးပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်အောင် ကြိုးစားခဲ့ရတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ရမှတ်ကို အလေးထားတာကြောင့်ဝင်ခွင့်စာမေးပွဲ၊ နှုတ်ဖြေစာမေးပွဲမရှိဘဲ ရမှတ်နဲ့တိုက်ရိုက်လျှောက်ထားနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ပြီးတော့ ဒီနှစ်ကစပြီး On-line Application နဲ့လျှောက်ထားနိုင်ပါပြီ။ တစ်ဆက်တည်းကျောင်းမှာလည်း ဝင်ခွင့်ကို တိုက်ရိုက်လျှောက်ထားနိုင်အောင် ဆောင်ရွက်ပေးထားပြီးတော့ ကျောင်းသား ကျောင်းသူတွေကို စီမံပေးထားတဲ့ ကွန်ပျူတာမှာ ကိုယ်တိုင်ဝင်ခွင့်လျှောက်လွှာကို တင်ရမှာပါ။

ကျောင်းမှာသင်ကြားနေတဲ့ ဘာသာရပ်တွေအကြောင်းနဲ့ ဘွဲ့ရပြီးသွားရင် ဘာတွေ ဆက်လုပ်နိုင်မလဲဆိုတာကိုသိဖို့ ဇူလိုင်လကုန် ဒါမှမဟုတ် ဩဂုတ်လဆန်းမှာ ဆရာ ဆရာမတွေနဲ့ ဘွဲ့ရပြီး ကျောင်းသား ကျောင်းသူတွေက အသိပေးရှင်းလင်းမယ့်ပွဲလည်း လုပ်ဆောင်ဖို့ရှိတာကြောင့် ဝင်ခွင့်လျှောက်မယ့် ကျောင်းသား ကျောင်းသူတွေကိုယ်တိုင် လာရောက်လေ့လာလို့ရပါတယ်။ မိမိတို့သားသမီးတွေ ဘယ်လိုပညာရပ်ကို စိတ်ပါဝင်စားပြီး သင်ယူချင်လိုတယ်ဆိုတာကို အဲဒီလိုပွဲမှာ တွေ့မြင်သိရှိခွင့်ရမှာပါ။ သင်ကြားရေးပိုင်းမှာလည်း Power Point နဲ့ သီအိုရီပိုင်းကိုသင်ကြားပြီးတော့ အဲဒီသီအိုရီလက်တွေ့ ဘယ်လိုသုံးလို့ရတယ်ဆိုတဲ့ အုပ်စုလိုက် လုပ်ဆောင်လေ့ကျင့်ရပါတယ်။ တတိယနှစ်မှာ လုပ်ငန်းခွင်သဘာဝကို သိမြင်အောင် နှစ်လကနေ ခြောက်လ ကွင်းဆင်းလေ့လာပြီး ကျောင်းကို ပြန်ဝင်ရပါတယ်။ လက်တွေ့လုပ်ငန်းခွင်မှာ ကြုံတွေ့ရတဲ့ လုပ်ငန်းခွင်ပြဿနာ တစေ့တစောင်းသိရှိပြီး လိုအပ်ချက်တွေကိုလည်း သိမြင်လာစေမှာပါ။ နောက်ဆုံးနှစ်မှာ Case to Concept ကို သင်ကြားပေးပါတယ်။ သင်ကြားမယ့် ဘာသာရပ်အကြောင်းအရာကို ကျောင်းသားတွေနဲ့ ဆွေးနွေးမှုအရင်ပြုလုပ်ပြီး ဖြစ်ပေါ်လာတဲ့ပြဿနာကို အဖြေရှာတတ်အောင် ရှင်းလင်းထောက်ပြပြီး ဒါဟာဘယ်လိုသီအိုရီဆိုတာကို သင်ကြားပေးပါတယ်။ စာမေးပွဲပေါ်မှာ အကဲဖြတ်တာမဟုတ်ဘဲ ကျောင်းသား ကျောင်းသူတွေ လက်တွေ့လုပ်ဆောင်ချက်တွေပေါ်မှာပဲ အကဲဖြတ်ပါတယ်။ ကျောင်းသားတွေအားလုံး ပါဝင်ဆွေးနွေးတတ်ရမယ်၊ ပူးပေါင်းဆောင်ရွက်တတ်ရမယ်၊ တစ်ဦးချင်းလိုက်၊ အဖွဲ့လိုက် တင်ပြဆွေးနွေးတတ်အောင် သင်ကြားပေးပြီးတော့ အဲ့ဒီအတွက်လည်း အမှတ်ပေးပါတယ်။

ဆရာ ဆရာမ ၅၀ နဲ့ သင်ကြားပေးရာမှာ ပြင်ပတက္ကသိုလ်က ဆရာ ဆရာမတွေ၊ စီးပွားရေးပညာရှင်တွေ၊ နိုင်ငံခြားတက္ကသိုလ်တွေမှာ သင်ကြားခဲ့တဲ့ဆရာ ဆရာမတွေလည်း အချိန်ပိုင်းသင်ကြားပေးတာလည်းရှိတာကြောင့် ကလေးတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းဟာ ပိုပြီးလမ်းပွင့်စေပါတယ်။ လူငယ်တွေရဲ့ တွေးခေါ်မှု၊ လုပ်ဆောင်မှု၊ ပါဝင်မှုဟာ အရေးကြီးတာကြောင့် ဒီကျောင်းမှာ လူငယ်တွေကိုပဲ ဦးဆောင်ပြီး လုပ်ဆောင်စေပါတယ်။ ဝင်ခွင့်လျှောက်မယ့် ကျောင်းသား ကျောင်းသူအပေါင်း မိမိတို့စိတ်ပါဝင်စားရာ၊ ဝါသနာပါရာဘာသာရပ်အလိုက် ရွေးချယ်သင်ကြားဆည်းပူးနိုင်ကြပါစေ၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိကြပါစေ၊ တိုင်းပြည်အတွက် အထောက်အပံ့ကောင်းများကိုဖော်ဆောင်နိုင်ကြပါစေလို့ ပြောကြားလိုပါတယ်။

သက်ဆိုင်ရာတက္ကသိုလ်များဖြစ်တဲ့ သင်းပျံ့မွှေးကြိုင် ပန်းမျိုးစုံလှိုင်သင်းနေတဲ့ ဥယျာဉ်ကြီးမှာ လာရောက်နားခိုကြတဲ့ ရောင်စုံလိပ်ပြာများပမာ နားခိုကြမယ့် ကျောင်းသား ကျောင်းသူတို့အနေနဲ့ မိမိတို့ဘဝအနာဂတ်ပန်းခင်းသောလမ်းလို သင်းပျံ့လှပ၍ တိုင်းပြည်အနာဂတ်ကို အကျိုးပြုစေမည့်ပညာရပ်များ လေ့လာဆည်းပူးသင်ကြားနိုင်စေရန် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်အကြောင်းကို ဖော်ပြလိုက်ရပါတယ်။ ပွင့်သောပန်းတိုင်းမွှေးပျံ့သင်းကြိုင်ကြပါစေ....။ ။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၃-၇-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၀၅ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၄ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၉၅ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ · ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၁၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# မီတာခတိုးမြှင့်မှုကြောင့် ဆန်ဈေးနှုန်းတိုးမြှင့်ခြင်းမရှိနိုင်ဟု ဆန်စက်လုပ်ငန်းရှင်များအသင်း ပြောကြား

**ရန်ကုန် ဇူလိုင် ၁၃**

မီတာခတိုးမြှင့်မှုကြောင့် ပြည်တွင်းစားသုံးသော ဆန်ဈေးနှုန်း ထူးခြားစွာတက်ခြင်းမရှိဘဲ ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၀၀ မှ ၅၀၀ ခန့်သာ တက်နိုင်၍ ဆန်စက်ပိုင်ရှင်များနှင့် စားသုံးသူများ မီတာခတိုးမြှင့်ခြင်းကြောင့် ထိခိုက်နိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

"ပြည်တွင်းစားသုံးဆန်က မီတာခကြောင့် ဈေးတက်သွားတာ မရှိနိုင်ဘူး။ အနည်းငယ်ပဲ ရှိနိုင်မယ်။ ဆန်တစ်အိတ်ကို ငွေကျပ် ၂၀၀ ကနေ ၅၀၀ ခန့်ပဲ တက်နိုင်မယ်။ ၂၄ ပြည်မှာ ဆန် တစ်ပြည်ကို ၂၀ ကျပ်နီးပါးပဲ တက်နိုင်တယ်။ မီတာခတက်လို့ ဆန်တစ်အိတ်ကို ငွေကျပ် ၂၀၀၀ မှ ၃၀၀၀ တက်မယ်ဆိုရင် အဲ့ဒါ သေချာတယ် ဝိသမလောဘပဲ။ မီတာခတက်သွားတဲ့ ဈေးနှုန်းက ဆန်တစ်အိတ် ငွေကျပ် ၃၀၀ ထက်ကို မပိုနိုင်ဘူးလို့ ပြောလို့ရတယ်။ ဆန်ဈေးနှုန်းအတက်၊ အကျဟာ ဈေးကွက်နဲ့ပဲဆိုင်တယ်။ မီတာခနဲ့ မဆိုင်ဘူးလို့မြင်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးနေလင်းဇင်က ပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ဆန်စပါးကို နိုင်ငံခြားဈေးကွက်နှင့် ပြည်တွင်းဈေးကွက်ဟူ၍ ကုန်စည်စီးဆင်းလျက်ရှိပြီး ပြည်တွင်းဈေးကွက်သည် ပုံမှန်အားဖြင့် ဇူလိုင်လမှ စက်တင်ဘာလအထိ ဈေးနှုန်းတက်လေ့ရှိရာ ထိုအချိန်၌ ပြည်ပဈေးကွက်မှာလည်း ပြည်တွင်းဈေးကွက်နှင့်အညီ ဈေးတက်တတ်ကြောင်း၊ ပြီးခဲ့သော နှစ်ပတ်မှစ၍ ဆန်ဈေးအနည်းငယ်တက်လာလျက်ရှိရာ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ရွှေဘိုဆန်များ ဇူလိုင်လတွင် ပေါ်လာပါက ယခုတက်နေသော ဆန်ဈေးနှုန်း ပြန်ကျသွားမည်ဖြစ်ပြီး ထိုသို့ ကျဆင်းသွားခြင်းမှာလည်း မီတာခကြောင့် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။




ဆန်ပွဲရုံ တစ်ခု၌ ဆန်အိတ်များ တင်ပို့နေစဉ်။

အခြေခံစားကုန်ဖြစ်သောဆန်ကို ဆန်စက်တွင် ကြိတ်ပါက စက်ကြိတ်ခနှင့် ပေါင်းယူနိုင်ကာ ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၀၀ နှင့် ၃၀၀ ကြားတက်နိုင်ပြီး ဆန်စက်ကြီးများဖြင့် အသုံးပြု သူများ တစ်လလျှင် ငွေကျပ်သိန်း ၅၀၀ မီတာခ ဆောင်နေသော စက်များအနေဖြင့် ထိခိုက်နိုင်ကြောင်း၊ ယခင် ၁၀၀ တစ်ယူနစ် ငွေကျပ် ၁၀၀ နှုန်းဆောင်နေရာမှ ၁၅၀၊ ၁၈၀ ခန့်တိုးမြှင့်ပေး ဆောင်လျက်ရှိရာ ၄၅ နှင့် ၅၀ ရာခိုင်နှုန်းကြား တိုးမြှင့်သွားပြီး ဆန်စက်အလတ်စားအနေဖြင့် ၂၀ ရာခိုင်နှုန်းနှင့် ဆန်စက်အငယ်စား ၃၀ ရာခိုင်နှုန်း မီတာခတိုးမြှင့်သွားကြောင်း သိရသည်။

"ဆန်စပါး ကြိတ်ခွဲတာတော့ မီတာခအတွက် အခက်အခဲမရှိနိုင်ဘူးထင်တယ်။ လုပ်ငန်းသုံးမီတာတွေ ၁၇ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်း တက်တယ်လို့ပြောတယ်။ ကျွန်တော်တို့ ဆန်ကုန်သည်တွေလည်း မီတာခတက်လို့ ဘာအခက်အခဲမှ မရှိနိုင်ဘူး။ ဆန်တစ်အိတ်ကို ငွေကျပ် ၂၀၀ မှ ၃၀၀ ခန့်ပဲ တက်သွားတာပါ။ ဆန်တစ်ပြည်ကို ၁၀မှ ၁၂ မြင့်သွားတယ်ဆိုတော့ ဆန်ဈေးတက်တယ်လို့ ပြောလို့မရဘူး။ ကုန်ဈေးနှုန်းမသိမသာ တရိပ်ရိပ်တက်လာတာကိုပဲ သတိပြုရမှာပါ။ စက်မှုလုပ်ငန်းသုံးတွေလည်း ထိခိုက်မှုမရှိနိုင်ဘူး။ မနှစ်ထက် ဆန်ဈေးကျတယ်" ဟု ဘုရင့်နောင်ပွဲရုံမှ ok ဆန်ပွဲရုံပိုင်ရှင် ဦးဇော်က ပြောသည်။


ပြည်တွင်းစားသုံးဆန်သည် မီတာခကြောင့် ဈေးနှုန်းသိသာစွာ မြင့်တက်ခြင်းမရှိနိုင်ဘဲ ဆန်စက်ပိုင်ရှင်များ ထိခိုက်မှုမရှိနိုင်သကဲ့သို့ စားသုံးသူများလည်း ထိခိုက်ဖွယ်မရှိနိုင်ကြောင်း၊ အကယ်၍ ထူးခြားစွာမီတာခနှင့် အပြိုင်ဆန်ဈေးတက်လာပါက ဝိသမလောဘကြောင့် ဆန်ဈေးတက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**





ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။





ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# လူကုန်ကူးမှုအကြောင်း ပြည်သူ့စကားဝိုင်း ကျင်းပ

**မင်းတပ် ဇူလိုင် ၁၃**

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ အနောက်ရပ်ကွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူကုန်ကူးမှုအကြောင်း သိကောင်းစရာနှင့် အမျိုးသမီးဘဝလုံခြုံရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်က လူကုန်ကူးမှုအကြောင်းနှင့် အမျိုးသမီးများဘဝ ကာကွယ်နိုင်သည့် ဥပဒေအကြောင်း ဦးဆောင်ဆွေးနွေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စောကလျာက လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လျှော့ချရေးနည်းလမ်းအကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူး အောင်လိန်းကီးက လူကုန်ကူးမှု အမျိုးအစားများ ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝေက အမျိုးသမီးများဘဝ မြှင့်တင်ရေးလုပ်ငန်းများ၊ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ချက်များ ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**ခိုင်ရှိန်း (ပြန်/ဆက်)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

# လောကဝတ် (Etiquette)

## စားသောက်ပွဲမှာ ဆင်ခြင်စရာ

မမမေ

**ကလေးတို့ မေမေတွေ ဖေဖေတွေနဲ့ ဆရာ၊ ဆရာမတွေက ကလေးတို့ အစာစားစဉ်မှာ စနစ်တကျနဲ့ သေသေသပ်သပ် စားသောက်ဖို့ သင်ကြားပေးကြပါတယ်။ အစားကို စားစဉ်မှာ ပလုပ်ပလောင်းနဲ့ စကားတွေ မပြောဖို့။ လှီးဖြတ်ဖဲ့ထွင်စားလို့ရတာတွေကို ကိုက်ဖြတ်မစားဖို့၊ အစာစားတဲ့အခါမှာ 'ပလပ်၊ပလပ်'မမြည်ဖို့နဲ့ ခူးခပ်တဲ့အခါ ဇွန်းသံ၊ ပန်းကန် သံတွေ မကြားအောင်သတိထားဖို့ ဆိုဆုံးမကြတာတွေရှိပါတယ်။**



အခြားသောနိုင်ငံတွေမှာလည်း သူတို့နိုင်ငံအလိုက် အစားအစာစားသုံးရင် လုပ်ဆောင်ဖို့ ကလေးတွေကို လေ့ကျင့်ပေးကြပါတယ်။ မိဘတွေက သူတို့ကလေးတွေကို စနစ်တကျနဲ့ အဆင့်အတန်းမြင့်မြင့် စည်းကမ်းတကျ စားသောက်တတ်အောင် သီးသန့်သင်တန်းလေးတွေပေးပြီး လေ့ကျင့်ပေးကြတာတွေလည်းရှိပါတယ်။ အဲဒီသင်တန်းတွေကြောင့် ကလေးတွေဟာ လူကြီးသေးသေးလေးတွေလို အစားအစာတွေကို စနစ်တကျနဲ့ ကိုင်တွယ်စားသုံးတတ်လာကြတတ်တာမို့ သင်တန်းတွေထဲက အချို့သော အလေ့အထလေးတွေကို ဖော်ပြပေးလိုက်ပါတယ်။

### ဇွန်းကလေးတွေဘယ်လိုထားမလဲ

ဇွန်းကလေးတွေထားပုံကနေ ကလေးတို့ဖော်ပြနိုင်တဲ့ ခံစားမှုလေးတွေရှိပါတယ်။ ဇွန်းနဲ့ခက်ရင်းကို ညီညီညာညာနဲ့ ထမင်းပန်းကန်ပေါ်မှာ အတန်းလိုက်ထားလိုက်မယ်ဆိုရင် ဒါက စားသောက်လို့ ပြီးပြီဆိုတာကို ပြသတာဖြစ်ပါတယ်။ ခက်ရင်းကြားမှာ ဇွန်းကို ညှပ်ပြီး ပန်းကန်ပေါ်တင်ထားမယ်ဆိုရင်တော့ ဒီအစားအစာကို လုံးဝမကြိုက်ဘူးဆိုတဲ့ အကြောင်းပြောတာပါ။ တကယ်လို့ စားနေရင်း မပြီးသေးဘဲ တစ်နေရာကို ထသွားတယ်ဆိုရင် မပြီးသေးကြောင်းပြဖို့ ဇွန်းနဲ့ခက်ရင်းကို ထိပ်တိုက်ထိထားပြီး ချထားရမှာပါ။ နောက်တစ်ပန်းကန် တောင်းချင်ရင်တော့ ဇွန်းကို ပန်းကန်နဲ့ကန့်လန့်ဖြတ်ထားပြီး ခက်ရင်းကိုတော့ ပုံမှန်အတိုင်း ကိုယ်နဲ့တန်းတန်း ထားလိုက်ရုံနဲ့ စားပွဲတာဝန်ခံက ပန်းကန်အသစ်တစ်ချပ် လာချပေးမှာဖြစ်ပါတယ်။ အစားအသောက်တွေက သိပ်ကောင်းပြီး ကိုယ့်အတွက် အလွန်စားကောင်းနေတယ်ဆိုရင်တော့ ဇွန်းနဲ့ ခက်ရင်းကို အလျားလိုက် အစီအရီ ပန်းကန်ပေါ်တင်ထားလို့ရပါတယ်။ ဒါဆိုရင် ဆိုင်ပိုင်ရှင်နဲ့ ချက်တဲ့စားဖိုမှူးကြီးကပါ ကလေးတို့ကို သိပ်ကို ကျေးဇူးတင်သွားမှာ သေချာပါတယ်။

### အံ့သြတကြီးမပြောမိပါစေနဲ့

"ဘာနံ့ကြီးလဲမေမေ" ဆိုပြီး ကလေးတစ်ဦးက သူ့အမေကို အော်ပြောလိုက်ပါတယ်။ သူ့သူငယ်ချင်းရဲ့ ညစာဖိတ်ကြားမှုကို ကလေးခေါ်သွားမိတဲ့ မေမေခမျာ ကလေးကြောင့် အားနာမိသွားတာပေါ့။ ဒါကြောင့် အစားအစာနဲ့ ပတ်သက်လာရင် မကောင်းတဲ့အကြောင်းတွေကို အော်ဟစ်ပြီးမပြောမိစေဖို့ သတိထားသင့်ပါတယ်။ စေတနာထားပြီး ချက်ပြုတ်ထားပေမယ့် ကလေးတို့က အားလုံးကို မကြိုက်နိုင်ဘူးလေ။ ကိုယ်ကြိုက်တဲ့အစားတွေကို မြင်ရင် "ကောင်းလိုက်တာမေမေ" "မွှေးနေတာပဲနော်" လို့ ပြောရင် ချက်တဲ့သူကြားသွားတဲ့အခါ အမောပြေစေနိုင်ပေမယ့် "မကောင်းဘူး။ မကြိုက်ဘူး။ မစားဘူး" လို့ ပြောလိုက်မိမယ်ဆိုရင် ကျွေးမိတဲ့သူခမျာ စိတ်မကောင်းဖြစ်သွားနိုင်ပြီး ကိုယ့်ကိုလည်း အချစ်ပေါ့သွားနိုင်ပါတယ်ကလေးတို့ရေ။

### ယဉ်ကျေးစွာတုံ့ပြန်

"ဟုတ်ကဲ့ သမီးဗိုက်ဝသွားပါပြီ" လို့ ပြောရမယ့်အစား ဆိုးတဲ့ကလေးတွေဟာ "တော်ပြီမစားချင်တော့ဘူး" လို့ ပြောတတ်ပါတယ်။ စေတနာနဲ့ ထပ်ပြီးထည့်ဖို့ ဆော်သြတဲ့သူကို မယဉ်ကျေးတော့ဘူးပေါ့။ ဒါကြောင့် ကိုယ်မစားချင်တဲ့ အစားတွေကို ကျွေးခဲ့မယ်ဆိုရင် ပြုံးချိုတဲ့ မျက်နှာလေးနဲ့ ငြင်းပယ်ပါလို့ သတိပေးပါရစေ။ ထပ်ပြီး လိုချင်တာဖြစ်ဖြစ်၊ ကလေးတို့နဲ့ ဝေးနေတဲ့ ဟင်းခွက်တွေကို စားချင်တဲ့အခါဖြစ်ဖြစ် အနားမှာရှိတဲ့ မေမေ၊ ဖေဖေနဲ့ ရင်းနှီးသူတွေကနေတစ်ဆင့် လိုချင်တဲ့အကြောင်း တိုးတိုးနဲ့ ရှင်းရှင်းလင်းလင်းသိသွားအောင် ပြောပြသင့်ပါတယ်။ နောက်တစ်ခုက အချို့ကလေးတွေဟာ အစားမစားခင်မှာ လူကြီးတွေအရင် ဟင်းခွက်တွေကို နှိုက်တတ်ကြတာကိုလည်း ကလေးတို့ကတော့ မလုပ်ကြဖို့ တိုက်တွန်းပါရစေ။ မတော်တဆဖြစ်ဖြစ် ဇွန်းတို့၊ တူတို့ လွတ်ကျသွားခဲ့မယ်ဆိုရင်တော့ စားပွဲတစ်ခုလုံးကို သိမ်းကျုံးကြည့်ပြီး ပြုံးပြုံးလေးနဲ့ တောင်းပန်စကားဆိုလိုက်ပါနော်။ သိပ်မကြာစေရဘူး။ ကလေးတို့အတွက် ဇွန်းအသစ်၊ တူအသစ်တွေ ထပ်လာပေးမှာ အသေအချာမို့ ခဏလေးသာ စောင့်ပေးလိုက်ပါလို့ မမမေက အကြံပြုချင်ပါတယ်။ ။

# သိမှတ်စရာအဖြာဖြာ (General Knowledge)

## ရ ရထားကြီး ပျော်ပျော်စီး

ကေ - ဂျူဝယ်လ်

**ရထားကြီးတွေကို ကလေးတို့မြင်ဖူး၊ စီးဖူးကြမှာပေါ့။ ဂျုန်းဂျုန်းဂျက်ဂျက်ဆိုတဲ့ ရထားကြီးမောင်းတဲ့အသံရယ်၊ ဘော်ဘူဘော်ဆိုတဲ့ ရထားကြီးရဲ့ ဥသြဆွဲသံတွေရယ်က တော်တော်လေး စိတ်ဝင်စားစရာကောင်းသလို တလှုပ်လှုပ်နဲ့ သွားနေတဲ့ ရထားကြီးကိုစီးရတာကလည်း အတော်လေးပျော်စရာကောင်းပါတယ်။ ဟိုးရှေးရှေးတုန်းကတော့ ရထားဆိုတာ မြင်းတွေကနေ ရှေ့ကဆွဲပေးတဲ့ လှည်းကြီးတစ်စီးဖြစ်ပြီး လူတွေနဲ့ ကုန်စည်တွေကို တင်ဆောင်ထားလို့ တစ်မြို့ကနေ နောက်တစ်မြို့၊ တစ်နေရာကနေ နောက်တစ်နေရာဆီ သွားကြတာပါ။ အဲဒါကိုတော့ ရထားလုံးလို့ခေါ်တာပေါ့။**



၁၈၀၇ ခုနှစ်က ဝေလနယ်တောင်ပိုင်း ဆွမ်ဆီး-အွိုင်စတာမောက် ရထားလမ်းပိုင်း၌ အသုံးပြုခဲ့သော မြင်းဖြင့်ဆွဲသည့်ရထား။

ရထားကို ရှေးနှစ်ပေါင်းကိုးထောင်ကျော်ကတည်းကစပြီး အသုံးပြုခဲ့ကြတယ်လို့ ဆိုပါတယ်။ သွားလာရေးနဲ့ စစ်ပွဲတွေမှာ အသုံးပြုခဲ့ကြတာဖြစ်တယ်။ ၁၆၀၀ ပြည့်နောက်ပိုင်းမှာ မြင်းတွေ တပ်ထားတဲ့ ရထားလုံးတွေ အတော်လေးကို ခေတ်စားလာခဲ့ပါတယ်။ ထူးထူးခြားခြားကတော့ ၁၆၃၁ ခုနှစ်မှာ လန်ဒန်နဲ့ ဒိုဗာမြို့မိုင် ၆၀ ခရီးကို သုံးရက်အတွင်း မြင်းရထားနဲ့ ရောက်တဲ့အကြောင်း မှတ်တမ်း ဖော်ပြထားတာရှိပါသတဲ့။ ၁၈၀၇ ခုနှစ်မှာ ဗြိတိန်က ဝေလနယ်တောင်ပိုင်းမှာ သံလမ်းခင်းပြီး မြင်းနဲ့ဆွဲတဲ့ရထားလုပ်ငန်း စတင်ပေါ်ပေါက်လာပါတယ်။ ဆွမ်ဆီးကနေ အွိုင်စတာမောက်အထိ ငါးမိုင်ခွဲလောက်ရှည်လျားတဲ့ ရထားလမ်းမှာ ဘူတာခုနစ်ခုရှိပါသတဲ့။ မြင်းနဲ့ဆွဲတဲ့ရထားမို့လို့ ဂျုန်းဂျုန်းဂျက်ဂျက် အသံ ထွက်မှာတော့မဟုတ်ဘူးပေါ့။

အဲဒီလို မြင်းတွေကဆွဲပြီး သွားကြရတဲ့ ရထားတွေကနေ ရေနွေးငွေ့ အင်ဂျင်ကို အသုံးပြုတဲ့ရထားတွေ ၁၉ ရာစုမှာ ပေါ်ပေါက်လာခဲ့ပါတော့တယ်။ အဲဒါတွေကိုတော့ သံမြင်းလို့ ခေါ်ခဲ့ကြဖူးပါတယ်။ မြန်မာနိုင်ငံမှာတော့ ရန်ကုန်မြို့နဲ့ ပြည်မြို့ပြေးဆွဲတဲ့ရထားဟာ ၁၈၇၇ ခုနှစ် မေ ၁ ရက်မှာ စတင်ခုတ်မောင်းခဲ့တာဖြစ်တဲ့အတွက် ယနေ့အထိဆိုရင် နှစ်ပေါင်း ၁၄၂ နှစ်ရှိခဲ့ပါပြီ။ ကမ္ဘာ့ ပထမဆုံး ရေနွေးငွေ့အင်ဂျင်ရထားခရီးစဉ်ကတော့ ၁၈၂၅ ခုနှစ်မှာ ပြေးဆွဲတဲ့ ဗြိတိန်က ဒါလင်တန်နဲ့ စတော့တန်ခရီးစဉ်ဖြစ်ပါတယ်။ ရထားကြီးတွေရဲ့ သမိုင်းကိုကြည့်ရင် ရေနွေးငွေ့သုံးပြီး မောင်းတဲ့ရထားတွေ၊ မြို့တွင်းသုံး ဓာတ်ရထားတွေ၊ ခရီးဝေးသွားနိုင်တဲ့ ဒီဇယ်အင်ဂျင်နဲ့ ခုတ်မောင်းတဲ့ရထားတွေ အဆင့်ဆင့်ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့မှာတော့ ရေနွေးငွေ့ ရထားစက်ခေါင်းတွေကို အပန်းဖြေဖို့အတွက် ငှားရမ်းစီးနင်းနေကြသေးတာလည်း ရှိပါတယ်။



၁၈၇၇ ခုနှစ် မေ ၁ ရက်မှ စတင်ခုတ်မောင်းခဲ့သည့် ရန်ကုန်-ပြည် ရထား။

ရထားမောင်းလို့ရဖို့အတွက် ရထားလမ်းတွေဟာလည်း အမျိုးအစားတွေ ကွဲပြားပါတယ်။ ကျည်ဆန်ရထားလမ်းတွေ၊ သံလိုက်အားသုံးတဲ့ ရထားလမ်းတွေနဲ့ တောင်ဆင်းရထားလမ်းတွေစသည်ဖြင့် လမ်းအမျိုးမျိုးကို ရထားမောင်းနှင်နိုင်ဖို့ တည်ဆောက်ထားကြရပါတယ်။ အခုအချိန်မှာတော့ ရထားအမျိုးအစားတွေ အများကြီးရှိလာခဲ့ပါပြီ။ မြေအောက်ရထားတွေကလည်း မြေအောက်လိုဏ်ခေါင်းတွေထဲမှာ လျှပ်စစ်အားကို အသုံးပြုပြီး မောင်းနှင်နေကြပါတယ်။ ကားလမ်းတွေပိတ်နေတဲ့ အချိန်မှာ မြေအောက်ရထားတွေဟာ လူတွေ တစ်နေရာကနေတစ်နေရာကို သွားလာဖို့ အတော်လေးကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်ပဲပေါ့။ သူတို့ကိုတော့ လျှပ်စစ်အားနဲ့ မောင်းနှင်ပြီး ကီလိုမီတာ ၅၀၀ အောက်ခရီးတွေကို အဓိက အသွားများကြပါတယ်။ မြို့ထဲမှာတော့ မြေအောက် လိုဏ်ခေါင်းတွေထဲကနေ သွားကြတာများပြီး မြို့ပြင်မှာတော့ မိုးပျံလမ်းတွေကနေ သွားတာလည်း ရှိပါတယ်။



ခေတ်မီမြန်နှုန်းမြင့် ရထားတစ်စင်း။


လျှပ်စစ်စွမ်းအင်သုံး ရထားတွေ မောင်းနှင်တဲ့အတွက် လမ်းကွေ့တွေမှာလည်း ခရီးသည်တွေကို သက်သောင့်သက်သာနဲ့ စီးနင်းလိုက်ပါစေနိုင်ပါတယ်။ လျှပ်စစ်စွမ်းအင်သုံး ရထားတွေဟာ သံလိုက်တွန်းကန်အားကို အသုံးပြုထားပါတယ်။ တရုတ်နိုင်ငံမှာတော့ လက်ရှိ အမြန်ဆုံး လျှပ်စစ်ရထားကို ပြေးဆွဲနေပြီး တစ်နာရီကို ၂၆၄ မိုင်နှုန်းအထိ မောင်းနှင်နိုင်ပါတယ်။


Sky Train လို့ခေါ်တဲ့ မိုးပျံရထား (ကောင်းကင်ရထား)တွေကလည်း ခရီးသွားလာမှုကို အတော်လေး အထောက်အကူပေးနေပြီး အိမ်နီးချင်းနိုင်ငံတွေမှာလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါတယ်။ လျှပ်စစ်ရထားတွေဟာ စီးနင်းရတာ မြန်ဆန်ပြီး သက်သောင့်သက်သာရှိပေမယ့် တည်ဆောက်ဖို့အတွက် အရင်းအနှီးတွေများတာကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက်တော့ ချက်ချင်းတပ်ဆင်မောင်းနှင်ဖို့ မလွယ်ကူပါဘူး။ တို့တစ်တွေနေတဲ့ မြန်မာနိုင်ငံမှာလည်း ကောင်းကင်ရထားကြီးတွေ၊ မြေအောက်ရထားကြီးတွေ၊ ကျည်ဆန်ရထားကြီးတွေ အနာဂတ်ကာလမှာ ပေါ်ထွက်လာမှာပါ။ အခုတော့ ဒီဇယ်ရထားကြီးတွေကိုပဲ တို့တစ်တွေ စီးကြတာပေါ့။


## ရင်သွေးရုပ်ပုံလွှာ



ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသည့် အာဇာနည်နေ့ အထိမ်းအမှတ် စိတ်ကြိုက်ပန်းချီပြိုင်ပွဲဝင် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများ။
(သန်းလွင်ဦး ပြန်/ဆက်)








ကာတွန်း
စမ်းချောင်းကိုကိုအောင်









# ကြိမ်နှုန်း ရုပ်ရှင်ဇာတ်ကားတွင် ထပ်ဆင့်အကယ်ဒမီ အိန္ဒြာကျော်ဇင်ကို ၁၉ ရာစု အမျိုးသမီးအသွင်ဖြင့် မြင်ရမည်



YS ရုပ်ရှင်ထုတ်လုပ်ရေး၏ ပထမဆုံး ရိုက်ကူးတင်ဆက်မှုဖြစ်သည့် ကြိမ်နှုန်းဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာခန့်ထည် ရိုက်ကူးပုံဖော်၍ အဓိက သရုပ်ဆောင်များအဖြစ် အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် အနုပညာရှင် လူငယ်များ ပါဝင်သရုပ်ဆောင်ထားကြကာ ထိုဇာတ်ကားတွင် အိန္ဒြာကျော်ဇင်ကို ၁၉ ရာစုမှ အမျိုးသမီးတစ်ဦး အသွင်ဖြင့် မြင်တွေ့ရမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒြာကျော်ဇင်က "ဒီဇာတ်ကားမျိုး အူဝဲ တစ်ခါမှ မရိုက်ခဲ့ဖူးပါဘူး၊ အူဝဲက အဲဒီကားမှာ ၁၉ ရာစုက အမျိုးသမီးတစ်ယောက်ပုံစံပေါ့၊ ပြီးတော့ ကွယ်လွန်ပြီး ဒီဘက်ခေတ်ရောက်တော့ မကောင်းဆိုးရွား ဝိညာဉ်အဖြစ်နဲ့ သရုပ်ဆောင်ထားတာပါ၊ ဒီကားမှာ ထူးခြားမှုတစ်ခုတော့ ခံစားရတယ်၊ ဒါပေမယ့် ကိုယ့်စိတ်က ဖြစ်နေတာလည်း ပါမှာပေါ့နော်၊ ကိုယ်ရိုက်တဲ့ ဇာတ်အပေါ်မှာ ခံစားနေတဲ့ စိတ်ကြောင့်လည်း ပါပါတယ်၊ လေတိုးတဲ့အခါမှာတောင် စိတ်က ချောက်ချားတာပါ၊ ဒီကားက ရိုက်တဲ့အခါမှာလည်း ညဘက်တွေချည်းပဲလေ၊ ပြီးတော့ ပြင်ဦးလွင်ဆို ခဏခဏရောက်ဖူးတယ်၊ အဲဒီမှာရုပ်ရှင်ရိုက်တဲ့အိမ်ပေါ့နော်၊ အရင်ကတော့ အင်္ဂလိပ် လက်ထက်က အိမ်ပေါ့၊ အခု ဟိုတယ်၊ သူ့အနောက်မှာ နောက်ထပ်အိမ်တစ်လုံး ရှိနေတယ်ဆိုတာ အရင်တစ်ခါမှ မတွေ့မိဘူး"ဟု ပြောသည်။

ဇာတ်ကားတွင် ပါဝင်ရိုက်ကူးဖြစ်ပုံနှင့် ပတ်သက်၍လည်း အိန္ဒြာကျော်ဇင်က "ဒီဇာတ်ကားလေး စရိုက်မယ်ဆိုတော့ ထုတ်လုပ်သူတွေက အူဝဲကို ဇာတ်လေးလာပြကြတယ်၊ လာပြတဲ့အခါ အူဝဲဖတ်ကြည့်တော့ စိတ်ဝင်စားတာနဲ့ လက်ခံဖြစ်ခဲ့ပါတယ်၊ နောက် ရိုက်တဲ့နေရာမှာလည်း ဒါရိုက်တာက ခြောက်လလောက် ကြိုပြီး သရုပ်ဆောင်သစ်လေးတွေကို ရှေ့မှာ သေချာသင်ပေးထားတာမျိုးတွေရှိတော့ ဇာတ်ကားစရိုက်တဲ့ အခါမှာ လုံးဝ အဆင်ပြေပါတယ်၊ အူဝဲတို့ မခိုင်ကြီးတို့ရဲ့ ဇာတ်ဝင်ခန်းက နည်းတယ်ဆိုပေမယ့် ကိုယ်ရတဲ့နေရာလေးမှာ အကောင်းဆုံး ကြိုးစားထားကြပါတယ်၊ အဓိကကတော့ လူငယ်လူသစ်တွေကို နေရာပေးတဲ့ ကားလေးတစ်ကားဆိုလည်း မှန်ပါတယ်"ဟု အိန္ဒြာကျော်ဇင်က ပြောသည်။

အဆိုပါ ဇာတ်ကားသည် ၁၉ ရာစု ကိုလိုနီခေတ်ဦးကို အခြေခံထားပြီး ဖြစ်ပေါ်လာသော ဖြစ်ရပ်တစ်ခုအကြောင်းကို ရိုက်ကူးထားခြင်းဖြစ်ကာ အိန္ဒြာကျော်ဇင်အနေဖြင့် ထိုဇာတ်ကားအစတွင် ကိုလိုနီခေတ်က မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံစံများကို ဝတ်ဆင်၍ သရုပ်ဆောင်ထားကြောင်း သိရသည်။

ဝိညာဉ်လောကနှင့် သက်ရှိ လူသားလောကတို့ကြား ပတ်သက်ဆက်နွှယ်မှုကို အခြေခံထားသော ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး တစ်ချိန်က ချောမောလှပ၍ ထက်မြက်သော အမျိုးသမီးငယ်လေးတစ်ယောက်သည် ငွေကြေးဉစ္စာ၊ ချမ်းသာကြွယ်ဝမှုနှင့် ဩဇာကြီးမားသူ ဖြစ်ချင်သော စိတ်ကြောင့် စုန်းပညာတတ်မြောက်သော အမျိုးသမီးထံတွင် ကတိပေးကာ သူလိုချင်သော အမျိုးသားကို ရှာဖွေ၍ လက်ဆက်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ကတိပေးထားသည်ကို မေ့နေခဲ့သောကြောင့် စုန်းပညာသည်က နှောင့်ယှက်၍ ထိုအမျိုးသမီးမှာ စိတ်ရိုင်းဝင်ပြီး အိမ်စေများကိုသတ်ကာ မိမိကိုယ်ကို သေကြောင်းကြံခဲ့ကြောင်း၊ ထို့နောက် ယင်းစံအိမ်ကြီး၌ပင် ဝိညာဉ်ဘဝဖြင့် နေထိုင်ကျင်လည်နေခဲ့ရာ ခေတ်စနစ်များ ပြောင်းလဲခဲ့ပြီး ယခုခေတ်တွင် ကျောင်းသားလူငယ်များ ထိုအိမ်ကြီးသို့ မထင်မှတ်ဘဲ ရောက်လာရာမှစ၍ စံအိမ်ကို စောင့်ရှောက်နေသည့် ဝိညာဉ်အမျိုးသမီးနှင့် လူငယ်လေးများ၏ကြားက ချောက်ချားဖွယ် ဖြစ်ရပ်များကို ကြိမ်နှုန်း ဇာတ်ကားတွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# K- Pop အစီအစဉ်များကို တစ်စုတစ်စည်းတည်းကြည့်ရမည့် တီဗွီအစီအစဉ် မိတ်ဆက်



Fortune TV မှ စီစဉ်တင်ဆက်ပြသမည့် The Show Program မိတ်ဆက်ပွဲကို ဇူလိုင် ၉ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ပြုလုပ်ခဲ့ပြီး ထိုအစီအစဉ်သစ်တွင် နာမည်ကြီး ကိုရီးယား အနုပညာရှင်များ၊ ဂီတပညာရှင်များ၏ K-Pop Music များကို တစ်စုတစ်စည်းတည်း သီးသန့် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအစီအစဉ်ကို ကိုရီးယားနိုင်ငံ၏ နာမည်ကြီး အစီအစဉ်များကို တင်ဆက်နေသည့် SBS Media Net Entertainment နှင့် Fortune TV တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်သည်။ Fortune TV ရုပ်သံလိုင်း၏ CEO ဖြစ်သူ ဦးမြဟန်က "ကျွန်တော်တို့အနေနဲ့ အခုလို ပူးပေါင်းရတဲ့ အဓိကအကြောင်းကတော့ ကျွန်တော်တို့နိုင်ငံမှာရှိ တဲ့ K-Pop Music ကို ကြိုက်ကြသူတွေအတွက် တစ်နေ့တာ ပင်ပန်းထားသမျှတွေကို ဒီအစီအစဉ်လေးကြည့်ပြီး အပန်းပြေစေနိုင်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့ Fortune TV အနေနဲ့ တခြား ဗဟုသုတရစေမယ့် အစီအစဉ်ကောင်းများကိုလည်း ထပ်မံထုတ်လွှင့်ဖို့ရှိပါတယ်၊ The Show အစီအစဉ်ကို အချိန်ပြည့် တိုက်ရိုက်ထုတ်လွှင့်မှာပါ၊ ကျွန်တော်တို့ ဒီအစီအစဉ်ပြီးရင် ထပ်ဆင့်အနေနဲ့ Song Music ဆိုတဲ့ အစီအစဉ်အသစ်တစ်ခုကိုလည်း ထပ်လုပ်သွားဖို့ ပြင်ဆင်နေပါတယ်၊ ဒီအစီအစဉ်မှာတော့ မြန်မာနိုင်ငံမှာရှိတဲ့ မူလတန်းကျောင်းသား ကလေးငယ်တွေကို ကိုရီးယားနိုင်ငံက Hip Hop Music အဖွဲ့တွေက ဂီတပညာတွေ သင်ကြားပေးမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်"ဟု ပြောသည်။

အဆိုပါ The Show အစီအစဉ်ကို ဩဂုတ် ၆ ရက်မှ စတင်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး အပတ်စဉ် အင်္ဂါနေ့တိုင်း ပြသမည်ဖြစ်ကြောင်း၊ ကိုရီယားနိုင်ငံ၌ တိုက်ရိုက်ထုတ်လွှင့်သည့်အချိန် ညနေ ၆ နာရီခွဲအချိန်နှင့် တစ်ပြေးညီ Fortune TV မှလည်း ညနေ ၃ နာရီခွဲတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း၊ အဆိုပါ အစီအစဉ်သည် အာရှတိုက်ရှိ နိုင်ငံ ၁၈ နိုင်ငံတွင် ထုတ်လွှင့်ပြသနေသည့် အစီအစဉ်ဖြစ်ကာ Fortune TV အနေဖြင့် ၁၉ နိုင်ငံမြောက် ပြသခွင့်ရသော ရုပ်သံလိုင်းဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# Monsoon Special Online Art Sale အမည်ဖြင့် ပန်းချီပြပွဲကြီး ကျင်းပမည်

နာမည်ကျော်ပန်းချီဆရာ ၃၁ ဦးအပြင် ဆရာဦးဝင်းဖေ၏ လက်ရာ ပန်းချီကားများ ပါဝင်သော Monsoon Special Online Art Sale အမည်ဖြင့် ပန်းချီပြပွဲကို ဇူလိုင် တတိယပတ်မှ စတင်ပြီး စက်တင်ဘာလကုန်အထိ ရန်ကုန်မြို့အလုံလမ်းနှင့်ပြည်လမ်းထောင့်ရှိ Yangon Gallery Art ပြခန်း၌ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကို ကျွန်တော် နှစ်စဉ် ပါဝင်ဖြစ်ပါတယ်၊ ကျွန်တော် ရေဆေးပန်းချီရေးတာ သိပ်တော့မကြာသေးပါဘူး၊ ပန်းချီပညာနဲ့ လုပ်ကိုင်လာတာကတော့ ၁၉၇၃ ခုနှစ်ကတည်းက ပန်းချီလောကထဲကို ရောက်ခဲ့ပါတယ်၊ ဦးနန်းမွေ့ ဦးဆောင်တဲ့ တက္ကသိုလ် ကျောင်းသား ကျောင်းသူများရဲ့ ပန်းချီပြပွဲကြီးကို ၁၉၇၃ မှာ လုပ်ကြတာကနေစပြီး ကျွန်တော် ပန်းချီလောကထဲကို ရောက်ခဲ့တာပါ၊ အဲဒီကတည်းက ကျွန်တော် ပန်းချီပြပွဲတွေ နှစ်စဉ်ပြုလုပ် ပြသခဲ့ပါတယ်၊ ပန်းချီမပြတဲ့ နှစ်ဆိုတာ မရှိသလောက်ပါပဲ၊ ကျွန်တော် အသက် ၂၅ နှစ်သားလောက်ကတည်းကစပြီး ရေးခဲ့တာပါ၊ အခု ဒီ Monsoon Special ပြပွဲကြီးကလည်း ခြောက်ကြိမ်မြောက်ပြပွဲပါ၊ ပန်းချီဆရာတွေ အများကြီး ပါဝင်မှာပါ"ဟု ပန်းချီဆရာ ဦးဝင်းဖေက ပြောသည်။




ယခုပြပွဲတွင် ပြသသွားမည့် လက်ရာများနှင့် ပတ်သက်၍လည်း ဦးဝင်းဖေက "ကျွန်တော့်အနေနဲ့ ဒီပွဲမှာ ရေဆေးနဲ့ရေးဆွဲထားတဲ့ အိုးတွေကို အဓိကထား ပြသသွားမှာပါ၊ အိုးအမျိုးမျိုးရဲ့ ပုံသဏ္ဍာန်တွေကို ရေးတာဖြစ်ပြီး ကျွန်တော်တို့တိုင်းပြည်မှာရှိတဲ့ ရှေးကျတဲ့ မြေအိုးပုံစံတွေ၊ နောက် ဥရောပမှာရှိတဲ့ အိုးတွေ၊ နောက် နိုင်ငံပေါင်း ၁၀ နိုင်ငံမှာရှိတဲ့ မြေအိုး၊ ဖန်အိုး ၊ ကြွေအိုး ၁၀၀ ကျော်ရဲ့ ဒီဇိုင်းတွေ ပါဝင်ပါတယ်၊ အီရန်၊ ဂျာမနီ၊ ပြင်သစ်၊ အိုင်ယာလန်၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ တရုတ်နဲ့ ဂျပန်နိုင်ငံတွေပေါ့နော်၊ အိုးတွေက လူတွေရဲ့ရှေးအကျဆုံး အသုံးအဆောင်ပစ္စည်းတွေထဲက တစ်ခုမို့ တန်ဖိုးထားစေချင်တဲ့ စိတ်နဲ့ ရေးဆွဲပြသသွားမှာပါ၊ ကျွန်တော့်ရဲ့ပန်းချီတွေကို ကြည့်တဲ့အခါ ဒီအိုးလေးတွေကို လူတွေက အမြတ်တနိုး တန်ဖိုးထားချစ်တတ်လာကြမယ်ထင်ပါတယ်"ဟု ဆက်ပြောသည်။

**ကိုလင်း**

# 'ခေါ်သံ' ရုပ်ရှင်ဇာတ်ကားကြီး စတင်ရိုက်ကူးရန် ကန်တော့ပွဲပေးသည့် အခမ်းအနားကျင်းပ

ဘိုဘို ရုပ်ရှင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်၍ ဒါရိုက်တာ မေဘရဏီနှင့် စိုးမိုးမင်းတို့ ရိုက်ကူးပုံဖော်မည့် ခေါ်သံ ရုပ်ရှင်ဇာတ်ကားကြီးကို ဇူလိုင် ၁၂ ရက်တွင် စတင်ရိုက်ကူးနေပြီဖြစ်ကာ သရုပ်ဆောင်များအနေဖြင့် အကယ်ဒမီ ကျော်ကျော်ဗိုလ်၊ အကယ်ဒမီ ထွန်းထွန်း၊ ရဲတိုက်၊ ရဲရင့်အောင်၊ အောင်မြင့်မြတ်၊ အိချောပို၊ ရွှေအိမ်စည်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း၊ ဇာတ်လမ်းအမျိုးအစားအနေဖြင့် ဟာသနှင့် ကြောက်လန့်စရာ ပေါင်းစပ်ထားသည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။ ထိုရုပ်ရှင်ကားအတွက် ကန်တော့ပွဲပေးသည့် အခမ်းအနားကို ဇူလိုင် ၉ ရက်က ရွှေတိဂုံဘုရား၌ ကျင်းပခဲ့ပြီး ပါဝင်သော သရုပ်ဆောင်များ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**ကျော်ကျော်ဗိုလ်**

ဒီဇာတ်ကားက ကာရိုက်တာနည်းပြီးတော့ တင်ပြမှုကောင်းတဲ့ဇာတ်ကားမျိုး မဟုတ်ပေမယ့် သရဲကားဖြစ်တဲ့အတွက် သရုပ်ဆောင်များလေ ပိုမြိုင်လေပေါ့။ ပရိသတ်ကြည့်လို့ကောင်းမယ့် ဇာတ်ကားတစ်ကားလို့တော့ ပြောလို့ရပါတယ်။

**ခင်လှိုင်**

ကျွန်တော်က ဇာတ်ကားတိုင်းမှာ ဆံပင်စည်းရင်စည်း၊ မစည်းရင် ကတုံးဆံပင်နဲ့ အတွေ့များတယ်ပေါ့နော်။ ဒါပေမယ့် ဒီဇာတ်ကားမှာတော့ ဆံပင်ပုံစံတစ်မျိုးလုပ်ဖို့ စီစဉ် ထားပါတယ်။ ရယ်စရာကောင်းတဲ့ပုံစံပေါ့နော်။ အဲဒီလို ကာရိုက်တာဖြစ်အောင် လုပ်ရမှာပါ။

**အိချောပို**

ဒီဇာတ်ကားထဲမှာ အိချောက ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် ကောင်မလေး စံပယ်ဆိုတဲ့ နေရာက သရုပ်ဆောင်ရမှာပါ။ ဒီဇာတ်ကားရဲ့ ထူးခြားချက်ကတော့ အတွဲဆန်းတဲ့ မင်းသား မင်းသမီးတွေ ပါတယ်ပေါ့နော်၊ ပရိသတ်ရှေ့မှာ တခါမှ မတွဲဖူးတဲ့ မင်းသား မင်းသမီးတွေပေါ့၊ ပြီးတော့ ဒီဇာတ်ကားမှာ အဝတ်အစားဆိုရင်လည်း တစ်ကားလုံးကို တစ်စုံလောက်နဲ့တောင် ပြီးရင် ပြီးသွားမှာ။

**အောင်မြင့်မြတ်**

ဒီဇာတ်ကားထဲမှာ ကျွန်တော်တို့က သူငယ်ချင်းငါးယောက်ပေါ့နော်။ တစ်ယောက်တစ်မျိုးစီ ဆိုးကြတယ်။ အဲဒီ အထဲမှာ ကျွန်တော်က တစ်ယောက်ပေါ့။ ဒါက သရဲကားဆိုပေမယ့် ဟာသလေးတွေလည်း ပါတယ်။ ဒါပေမယ့် ကျွန်တော့် ကာရိုက်တာမှာတော့ ဟာသ မပါသလောက်ပဲ။ အဲဒါကြောင့်လည်း ရိုက်ဖြစ်တာပါ။ ကျွန်တော်က ဟာသအပိုင်းကို အားနည်းတယ်လေ။ အခုဟာကတော့ ကိုယ်နဲ့လိုက်တဲ့ ကာရိုက်တာလေးလည်းဖြစ်နေလို့ပါ။

**ကိုလင်း**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**(က) ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | တီဘီနှင့် ရင်ခေါင်းရောဂါကုပညာဒီပလိုမာ Dip.Med.Sc (TB & Chest Diseases) | ၁ နှစ် |
| (၂) | ကာလသားရောဂါနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါပညာဒီပလိုမာ Dip.Med.Sc (STD and HIV infections) | ။ |
| (၃) | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ Dip.Med.Sc (Clinical Pharmacology) | ။ |
| (၄) | သွေးသွင်းကုသခြင်းဆိုင်ရာဆေးပညာဒီပလိုမာ Dip.Med.Sc (Transfusion Medicine) | ။ |

**(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) M.Med.Sc (Anatomy) | ၂ နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) M.Med.Sc (Physiology) | ။ |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဇီဝဓာတုဗေဒ) M.Med.Sc (Biochemistry) | ။ |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) M.Med.Sc (Pharmacology) | ။ |
| (၅) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ) M.Med.Sc (Preventive & Tropical Medicine) | ။ |
| (၆) | ဆေးပညာမဟာသိပ္ပံ(အဏုဇီဝဗေဒ) M.Med.Sc (Microbiology) | ။ |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) M.Med.Sc (Pathology) | ၃ နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) M.Med.Sc (Medical Jurisprudence) | ။ |
| (၉) | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဆေးပညာ) M.Med.Sc (Medical Oncology) | ။ |
| (၁၀) | ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ) M.Med.Sc (Radiation Oncology) | ။ |
| (၁၁) | ဆေးပညာမဟာသိပ္ပံ (အဏုမြူရောင်ခြည်ဆေးပညာ) M.Med.Sc (Nuclear Medicine) | ။ |
| (၁၂) | ဆေးပညာမဟာသိပ္ပံ (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ) M.Med.Sc (Otorhinolaryngology Head & Neck Surgery) | ။ |
| (၁၃) | ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ) M.Med.Sc (Anaesthesiology) | ။ |
| (၁၄) | ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) M.Med.Sc (Rehabilitation Medicine) | ။ |
| (၁၅) | ဆေးပညာမဟာသိပ္ပံ (အရေပြားရောဂါပညာ) M.Med.Sc (Dermatology) | ။ |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ) M.Med.Sc (Ophthalmology) | ။ |
| (၁၇) | ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ) M.Med.Sc (Mental Health) | ။ |
| (၁၈) | ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှုဆေးပညာ) M.Med.Sc (Emergency Medicine) | ။ |
| (၁၉) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) M.Med.Sc (Internal Medicine) | ။ |
| (၂၀) | ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) M.Med.Sc (Surgery) | ။ |
| (၂၁) | ဆေးပညာမဟာသိပ္ပံ (သားဖွားမီးယပ်ပညာ) M.Med.Sc (Obstetrics & Gynaecology) | ။ |
| (၂၂) | ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) M.Med.Sc (Paediatrics) | ။ |
| (၂၃) | ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ)။ M.Med.Sc (Thoracic Surgery) | ။ |
| (၂၄) | ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) M.Med.Sc (Paediatric Surgery) | ၃ နှစ် |
| (၂၅) | ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) M.Med.Sc (Plastic Surgery) | ။ |
| (၂၆) | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ) M.Med.Sc (Neuro Surgery) | ။ |
| (၂၇) | ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) M.Med.Sc (Urology) | ။ |
| (၂၈) | ဆေးပညာမဟာသိပ္ပံ (ဓာတ်မှန်ပညာ) M.Med.Sc (Radiology) | ၄ နှစ် |
| (၂၉) | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) M.Med.Sc (Orthopaedics) | ။ |
| (၃၀) | ဆေးပညာမဟာသိပ္ပံ(နှလုံးနှင့် သွေးကြောခွဲစိတ်ပညာ) M.Med.Sc (Cardiovascular Surgery) | ။ |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဒီလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်ရက်မှစ၍ ခွင့်ရက်မပါ လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့ရက်မှစ၍ ခွင့်ရက်မပါ လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(မှတ်ချက်-ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာနှင့် ဥပဒေရေးရာဆေးပညာ မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။)

(င) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) **ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်း**အတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) **သွေးသွင်းကုသခြင်းဆိုင်ရာ ဆေးပညာဒီလိုပမာသင်တန်း**အတွက် ဆေးပညာဘွဲ့ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ)ဘွဲ့ ရရှိထားသူများဖြစ်ရမည်။

(ဇ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၃-၈-၂၀၁၉ ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၇-၉-၂၀၁၉ရက် (သောကြာနေ့)ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ၁၀၀၀ဝိ/-(ကျပ်တစ်ထောင်တိတိ)ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ငွေစာရင်းအမှတ် MD-၀၁၀၀၃၅သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ်၊ ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး၊ တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကိုပေးလျော်ရမည်။

၁၀။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့် ကြိုတင်ကြေညာပါမည်။ လျာထားဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ်မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း ၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၀ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်)ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် Website http://www.um1ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ပြင်ပဆရာဝန်များအတွက်ဘွဲ့လွန်ဒီပလိုမာသင်တန်းများ
# ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင်ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ Dip.Med.Sc(Family Medicine) | ၁ နှစ် |
| (၂) | အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာ Dip.Med.Sc(Primary Emergency Care) | ၁ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်းအတွက် လက်ရှိတရားဝင် ဆမ သက်တမ်း(၂)နှစ်ပြည့်ပြီး ဆမ သက်တမ်းတိုးကိုင်ဆောင်ထားသူ၊ အမ်ဘီဘီအက်စ်(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိသူဖြစ်ရမည်။

(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာသင်တန်းအတွက် အသက်သတ်မှတ်ချက်မရှိပါ။

(ဃ) အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာသင်တန်းအတွက် လက်ရှိတရားဝင် ဆမ သက်တမ်း(၂)နှစ်ပြည့်ပြီး ဆမသက်တမ်းတိုးကိုင်ဆောင်ထားသူ၊ အသက်(၅၀)ထက် မကြီးသူ၊ အမ်ဘီဘီအက်စ်(သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိသူဖြစ်ရမည်။

(င) သတ်မှတ်ထားသောသင်တန်းကြေးများကိုပေးသွင်းရမည်။

(စ) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၃-၈-၂၀၁၉ ရက်(သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၇-၉-၂၀၁၉ ရက်(သောကြာနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး၁၀၀၀ဝိ/-(ကျပ်တစ်သောင်းတိတိ)ကို ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ငွေစာရင်းအမှတ် MD-၀၁၀၀၃၅သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့် ကြိုတင်ကြေညာပါမည်။ လျာထားဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ်မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။

၈။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၀ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် Website http://www.um1ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

**အမည်မှန်**

ကျိုင်းတုံခရိုင်၊ တုံတာမြို့၊ ရပ်ကွက်(၃)နေ ဦးလီဂျို ၁၃/ကတန(နိုင်)၁၅၄၀၀၄၏ အမည်မှန်မှာ ဦးလော်ဂျိုဖြစ်ပါကြောင်း။

**ဦးလော်ဂျို**

---

### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းထွေးခမ်း ၁၃/ကသန(နိုင်)၀၂၀၈၈၀၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၄၈၇၈၀၂၂**

---

### အမည်မှန်

ကျိုင်းတုံခရိုင်၊ တုံတာမြို့၊ ရပ်ကွက်(၃)နေ ဦးလော်ဂျို ၁၃/ကတန(နိုင်)၁၅၄၀၀၄၏သမီး မဘူးဆာ ၁၃/တတန(နိုင်)၀၀၅၈၅၂၏ အမည်မှန်မှာ မမီဆာ ဖြစ်ပါကြောင်း။

**မမီဆာ**

---

## အမြန်ဆက်သွယ်ရန်

တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ဆန်ဆိုင်းဈေး၊ အခန်း (E/4)နေ ကျွန်တော် ကိုစည်သူအောင် ၁၃/လလန(နိုင်)၀၅၇၉၀၈၏ဇနီး မဖြူလှဲ့ခိုင် ၁၄/ဘကလ(နိုင်)၃၀၀၈၇၄သည် ကျွန်တော်နှင့်မိသားစုကိစ္စ စကားများရာမှ ၅-၇-၂၀၁၉ရက်တွင် ကျွန်တော်မသိရှိဘဲ နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ ထို့ပြင် ကျွန်တော်၏ဇနီးသည် မဖြူလှဲ့ခိုင်သည် ခင်ပွန်းဖြစ်သူမသိရှိဘဲ ပြင်ပတွင် ငွေကြေးကိစ္စများပေါ်ပေါက်လျက်ရှိရာ ကျွန်တော်နှင့် ထိုငွေကြေးများမှာ မည်သို့မျှပတ်သက်ခြင်း မရှိပါကြောင်းနှင့် အဆိုပါငွေကြေးကိစ္စရပ်များကို မဖြူလှဲ့ခိုင်မှ ကိုယ်တိုင်လာရောက်ရှင်းလင်းပေးရန်နှင့် မိသားစုအား အမြန်ဆက်သွယ်ပေးရန် အကြောင်းကြားပါသည်။

**ကိုစည်သူအောင် ၁၃/လလန(နိုင်)၀၅၇၉၀၈**

---

## ခင်ပွန်းအဖြစ်မှစွန့်လွှတ်ခြင်း

မြဝတီမြို့၊ စိန်ကလေးလမ်း၊ အမှတ် (၅)ရပ်ကွက်နေ ကျွန်မ ဒေါ်ဇင်ဇင်အောင် ၃/မဝတ(နိုင်)၀၁၈၈၀၅၏ခင်ပွန်း ဦးအောင်လင်း(ခ)ဘအို ၃/ကကရ(နိုင်)၀၆၂၆၃၉နှင့် အစ္စလာမ်ဘာသာအရ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း နောက်နောင်ငွေနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဇင်ဇင်အောင်**

---

### ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထကအုတ်ဖို၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်မိုးဟိန်းခန့်၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဇော် ၇/အဖန(နိုင်)၀၇၄၅၂၇ ဖြစ်ပါကြောင်း။ **ဦးတင်မောင်ဇော်**

---

### ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက အုတ်ဖို၊ နဝမတန်း(F)မှ မဇင်ဇင်ထွန်းနှင့် အလက ဘလားကျွဲဇင်း ပဉ္စမတန်းမှ မသီရိဆွေတို့၏ ဖခင်အမည်မှန်မှာ ဦးရင်ထွေး ၇/အဖန(နိုင်)၀၇၂၅၄၁ ဖြစ်ပါကြောင်း။ **ဦးရင်ထွေး**

---

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ငါးပြေမ အထက(ခွဲ)နဝမတန်းမှ မောင်ထက်ဖြိုးအောင်နှင့် ပဉ္စမတန်းမှ မောင်သန့်ဇင်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်မိုးထွေး ၇/ညလပ(နိုင်)၁၁၈၈၀၄ဖြစ်ပါကြောင်း။**ဦးဇော်နိုင်မိုးထွေး**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေလင်းထွန်း ၁၁/စတန(နိုင်)၀၈၂၃၉၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၂၉၆၁၂၈၉**

---

### မိဘအမည်မှန်

မကွေးမြို့နယ်၊ ဖိုလေးလုံး(အထက) တက္ကသိုလ်ဝင်တန်းမှ မဖြူပိုင်း၏ မိဘအမည်မှန်မှာ ဦးထွန်းနိုင် ၈/မကန(နိုင်)၁၃၈၃၇၇ နှင့် ဒေါ်စန်းစန်းကြွယ် ၈/မကန(နိုင်)၂၉၀၅၀၉ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်-ဒေါ်စန်းစန်းကြွယ်**

---

### မိဘအမည်မှန်

မကွေးမြို့နယ်၊ ဖိုလေးလုံး(အထက) နဝမတန်းမှ မကြည်ပြာဝင်း၊ စတုတ္ထတန်းမှ မသွယ်သွယ်ငြိမ်း၊ ပထမတန်းမှ မမနန်းဆုရီတို့၏ မိဘအမည်မှန်မှာ ဦးမောင်ငွေး ၈/မကန(နိုင်)၁၃၈၄၅၆နှင့် ဒေါ်အမာစိန် ၈/မကန(နိုင်)၃၀၀၁၃၈ဖြစ်ပါကြောင်း။

**ဦးမောင်ငွေး-ဒေါ်အမာစိန်**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ မြေကွက်အမှတ် (ဂျီ/၅)၊ ဧရိယာ ၁၃၁သမ၃၁၁၈ကေရှိ ဒေါ်လွင်လွင်စိန် အမည်ပေါက် မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဖူလဟာ(ခ)မောင်ခိုင်ဝင်း ၁၂/ကတတ(ပြု)၀၀၀၁၈၇၄ မှ မြေငှားစာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်သို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် (၄၀)၊ နေပြည်တော်**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးဈေး၊ ရုံအမှတ် (က-၁၂)၊ ဆိုင်ခန်းအမှတ်(၃၅)အား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ အောင်ဇေယျ (၄)လမ်း၊ အိမ်အမှတ် (၂/၄၄၉)နေ ဒေါ်မိုးမိုးခိုင် ၉/လဝန(နိုင်)၁၄၇၂၆၀ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ မြို့သစ်(၂)လမ်း အိမ်အမှတ် (၆/၄၇၀)နေ ဒေါ်ကေခိုင်ဦး ၉/လဝန(နိုင်)၁၉၉၈၉၅သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ဇင်းကျိုက်) ကျောင်းဆဋ္ဌမတန်း(သင်ရိုးဟောင်း)မှ မောင်မျိုးမင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး ၁၀/ပမန(နိုင်)၁၄၄၅၅၀ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဦး**

---

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ)ထန်းပင်ချောင်ကြီးကျောင်း ဆဋ္ဌမတန်း(သင်ရိုးသစ်)မှ မောင်လမင်း၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက် ၁၀/ပမန(နိုင်)၁၂၅၄၄၈ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထိုက်**

---

### မိဘအမည်မှန်

ဘီးလင်းမြို့၊ အထက၊ ဒေါက်ရပ်၊ တက္ကသိုလ်ဝင်တန်းမှ နော်ယမင်းစုလှိုင်၏မိဘအမည်မှန်မှာ ဦးကိုဇော်မင်း ၁၀/ဘလန(နိုင်)၀၉၀၂၂၅နှင့် ဒေါ်လှသိန်း ၁၀/ဘလန(နိုင်)၀၂၇၈၂၆ ဖြစ်ပါကြောင်း။ **ဦးကိုဇော်မင်း-ဒေါ်လှသိန်း**

---

### မိဘအမည်မှန်

ဘီးလင်းမြို့၊ အထက၊ ဒေါက်ရပ်၊ တက္ကသိုလ်ဝင်တန်းမှ စောစည်သူ၏ မိဘအမည်မှန်မှာ စောလင်းနိုင် ၁၀/ဘလန(နိုင်)၀၉၈၃၆၆နှင့် နော်မိဌေး ၁၀/ဘလန(နိုင်)၁၂၇၅၄၁ ဖြစ်ပါကြောင်း။ **စောလင်းနိုင်-နော်မိဌေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန

၁။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေး အစီအစဉ် (Enhanced Integrated Framework-EIF) လုပ်ငန်းစဉ်အောက်ရှိ မြန်မာနိုင်ငံဝန်ဆောင်မှုကဏ္ဍအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ EIF အစီအစဉ်အောက်ရှိ Tier 2 အဆင့်တွင် မြန်မာနိုင်ငံဝန်ဆောင်မှုကုန်သွယ်ရေး မြှင့်တင်ရေးဆိုင်ရာစီမံကိန်း (Myanmar Service Trade Enhancement Project-MSTEP)သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနမှ ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၂ ခုနှစ် ဇွန်လအထိ (၃)နှစ်ကြာ သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ အဆိုပါ Project အတွက် အောက်ပါရာထူးနေရာများအား လျှောက်လွှာခေါ်ယူလိုပါသည်။ သတ်မှတ် အရည်အချင်းနှင့်ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ် အချက်အလက်နှင့်အတူ ၂-၈-၂၀၁၉ ရက်အရောက် နောက်ဆုံးထားပေးပို့လျှောက်ထား နိုင်ပါသည်-

၂။ **ခေါ်ယူမည့်ရာထူးနေရာ အမှတ်စဉ်(၁)**

| စဉ် | ရာထူး | လစ်လပ် |
|---|---|---|
| (က) | နိုင်ငံသားဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် (National Communication Expert) | (၁)နေရာ |

**လိုအပ်သောအရည်အချင်းများ**

(၁) ပြည်တွင်း သို့မဟုတ် နိုင်ငံတကာအဆင့်တွင် သက်ဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှု အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ ဆက်သွယ်ရေးပညာ (သို့) စာနယ်ဇင်းပညာ ဆက်စပ်ဘွဲ့ရရှိသူဖြစ်ရမည်။
(၂) ဒေသတွင်းနှင့် ပြည်တွင်းညှိနှိုင်းမှု၊ ဆက်သွယ်ရေးဆောင်ရွက်ရာတွင် ကျွမ်းကျင်မှု ရှိရမည်။
(၃) စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သူများနှင့်ပေါင်းစပ်လျက် ဆက်သွယ်ရေး မဟာဗျူဟာ အကောင်အထည်ဖော်နိုင်သည့် အတွေ့အကြုံ အခိုင်အမာရှိရမည်။
(၄) ကုန်သွယ်မှု (သို့) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (သို့) ပြည်သူ့ရေးရာကဏ္ဍစီမံခန့်ခွဲမှု အပေါ်တွင် အသိအမြင်ဗဟုသုတရှိရမည်။
(၅) ဆက်စပ်ဌာနများတွင် သင်တန်းပို့ချပေးနိုင်သူဖြစ်ရမည်။
(၆) အချိန်စီမံခန့်ခွဲမှုကောင်းသူဖြစ်ရမည်။
(၇) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။ အသင်းအဖွဲ့နှင့်လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(၈) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(၉) ကွန်ပျူတာနှင့် information Communication & Technology ကျွမ်းကျင်ရမည်။
(၁၀) အင်္ဂလိပ်ဘာသာနှင့် သတင်း၊ ဆောင်းပါး၊ လှုပ်ရှားမှုများကိုရေးသား၍ Website နှင့် အခြား Communication Channel များတွင် အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်သူဖြစ်ရမည်။

၃။ **ခေါ်ယူမည့်ရာထူးနေရာ အမှတ်စဉ်(၂)**

| စဉ် | ရာထူး | လစ်လပ် |
|---|---|---|
| (က) | နိုင်ငံသားအကဲဖြတ်ဆန်းစစ်ခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင် (National Monitoring and Evaluation Expert) | (၁)နေရာ |

**လိုအပ်သောအရည်အချင်းများ**

(၁) စီးပွားရေး (သို့) ဖွံ့ဖြိုးမှု (သို့) ပြည်သူ့ရေးရာဆိုင်ရာဘွဲ့ရရှိရမည်။
(၂) အကဲဖြတ်ဆန်းစစ်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် ချဉ်းကပ်မှုယုတ္တိမှုဘောင်အရ ချဉ်းကပ်မှုအရေအတွက်၊ အရည်အသွေးနှင့် ပါဝင်ဆောင်ရွက်ချဉ်းကပ်မှု စသည် တို့ကို လုပ်ကိုင်ဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
(၃) စီမံကိန်းစီမံခန့်ခွဲမှု၊ စီမံကိန်းလည်ပတ်ပုံနှင့် ပတ်သက်၍ သင်တန်းများပို့ချခြင်းနှင့် စောင့်ကြည့်အကဲဖြတ်သည့် အချက်အလက်များကို သက်ဆိုင်ရာ ပါဝင်သူများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရမည်။
(၄) အလှူရှင်မိတ်ဖက်များ၏ စောင့်ကြည့်အကဲဖြတ်သည့် အလေ့အထများနှင့် ကျွမ်းဝင်မှု ရှိရမည်။
(၅) ဆက်ဆံရေးကောင်းမွန်ရမည်။
(၆) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
(၇) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(၈) ကွန်ပျူတာကျွမ်းကျင်ရမည်။
(၉) အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရမည်။
(၁၀) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူဖြစ်ရမည်။

၄။ **တာဝန်ထမ်းဆောင်ရမည့်နေရာ**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုဦးစီးဌာန၊ ရုံးအမှတ်(၃) နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက ရုံးအမှတ်(၃) ကုန်သွယ်ရေး ဦးစီးဌာန၊ WTO နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် ဆက်နွှယ်နေသော အဖွဲ့ အစည်းများဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၃၁၆၊ ၀၆၇-၄၀၈၂၆၁တို့သို့ဖြစ်စေ၊ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရှာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ် (၂၄၂/၁၅၉)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးလှမြင့် အမည်ပေါက်ပါမစ်မြေကွက်အား ဦးအောင်ကိုလတ် (ဘ)ဦးစိုးအောင် ၉/ပမန(နိုင်) ၁၃၂၆၇၂ မှ ပျဉ်းမနားမြို့ မြို့မြေတိုင်းခွဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက် တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ အိမ်အမှတ် (၄၄)ဗိုလ်ချုပ်လမ်း၊ လမ်းမကြီးရပ်နေ ဦးချစ်သောင်း-(ဒေါ်အုံးမြ)တို့၏ သားဖြစ်သူ မောင်ရန်နိုင်ထွန်း ၁၀/မဒန(နိုင်) ၁၆၄၈၆၉သည် မိဘမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပြီး မိဘမောင်နှမများ၏ ဆုံးမစကားကိုမနာခံခြင်း၊ မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်နေပါသဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် မိဘပိုင်ပစ္စည်းများနှင့် မသက်ဆိုင်တော့ ပါ။ မိဘမောင်နှမများအား အနှောင့်အယှက်များပြုလုပ်ပါက တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဖခင် ဦးချစ်သောင်း ၁၀/မဒန(နိုင်)၀၁၇၉၄၉**

## မဟာစည်သာသနာ့ရိပ်သာ၊ ဟိတေသီအဖွဲ့
## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ဟိတေသီအဖွဲ့၏ (၅၃)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဟိတေသီမဏ္ဍာရုံတော်ကြီး၌ (၁၃၈၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ရက်) ၂၀၁၉ ခုနှစ် ဩဂုတ် ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၀နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်**။ ။အကြံဉာဏ်ပေးစာများ ပေးပို့လိုပါက ၁၇-၈-၂၀၁၉ ရက် (စနေနေ့) နောက်ဆုံးထားပြီး ဟိတေသီအဖွဲ့ အတွင်းရေးမှူးထံ စာဖြင့်ရေးသားပေးပို့ တင်သွင်းရမည်ဖြစ်ပါသည်။
(အဖွဲ့ဝင်တစ်ဦးချင်းထံသို့ သီးခြားဖိတ်စာမပို့ပါ)

**ဟိတေသီအဖွဲ့**
**မဟာစည်သာသနာ့ရိပ်သာ**
**ဖုန်း-၅၅၅၄၇၂**

## မောင်တောမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ
## ဖိတ်ကြားလွှာ

မောင်တောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆို သင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို မဏ္ဍလာကံယုံကျောင်း သာသနာလင်္ကာရ ပရိယတ္တိစာသင်တိုက်၌ စာချ၊ စာသင်သံဃာတော်များအား အောက်ပါ အစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ မောင်တော မြို့နယ်သူ မြို့နယ်သားများ၊ မဏ္ဍလာကံယုံဂေါပကအဖွဲ့နှင့် ဒါယကာ ဒါယိကာမများ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ် ပါသည်။

**နေ့ရက်** - ၁၆-၇-၂၀၁၉ ရက်၊ ဝါဆိုလပြည့်နေ့ (အင်္ဂါနေ့)
**အချိန်** - နံနက် ၉း၀၀ နာရီ
**နေရာ** - မဏ္ဍလာကံယုံကျောင်း၊ ကြားတောရရပ်ကွက်၊ ရေတာရှည်လမ်း၊ ဗဟန်း

**အမှုဆောင်အဖွဲ့**

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

**တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ အေးချမ်းအောင်လမ်း၊ အမှတ် (၇၄/၁၂)နေ**
**ဒေါက်တာဦးလှဝင်း (အရိုးအထူးကုဆရာဝန်ကြီး-ငြိမ်း)-ဒေါ်နီနီဝင်း**
**တို့၏သားကြီး**
**မောင်အောင်ထက်ကောင်း B.E (Electronic) University of Portsmount U.K -**
**နန်းထက်ထက်လှိုင် B.C Tech (Hons) တို့၏အစ်ကို**

### ဒေါက်တာမျိုးမင်းဇော် M.B.,B.S (Mdy)

**လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ(ရပ်စောက်မြို့)**
**နှင့်**
**တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ပိုင်းရပ်၊ စဝ်စံထွန်းလမ်း၊ အမှတ် ၆၈ နေ**
**(ဦးစံရှိန်-ဒေါ်သန်း)၊ ဦးချစ်ဖေ-ဒေါ်မြရွှေတို့၏မြေး**
**ဦးအောင်ထွန်း-ဒေါ်ဝါဝါဦး (New Era Company Ltd.)**
**တို့၏သမီးကြီး**
**မဆုလှလွန်းနွေး (FNI Regional Operation Assistant)၊**
**မဆုလှလွန်းထွေး (Finance Manager Tri Star Hotel) တို့၏အစ်မ**

### ဒေါက်တာကဥ္စန M.B.,B.S (Mdy)

**လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ(ဟိုပုံးမြို့)**

တို့သည် ၂၀-၆-၂၀၁၉ ရက် (ကြာသပတေးနေ့)တွင် တောင်ကြီးမြို့ U.C.T Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာစေ့စပ် ကြောင်းလမ်းခြင်းအခမ်းအနားပြုလုပ်ခဲ့ရာတွင် မင်္ဂလာစကား မြွက်ကြားပေးပါသော လှိုင်ကော်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)၊ ကယားပြည်နယ်အစိုးရအဖွဲ့၊ ဆရာကြီးဦးစိန်ဦးအားလည်းကောင်း၊ ၂၈-၆-၂၀၁၉ ရက် (သောကြာနေ့)၌ ထိမ်းမြားမင်္ဂလာကတိသစ္စာပြု လက်မှတ်ရေးထိုးရာ၌ အသိသက်သေအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာကောင်းငြိမ်းစံနှင့် မနှင်းလှဲ့ဇာဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်ထိမ်းမြားပေးပါသော ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်မေတင့်အားလည်းကောင်း၊ ၃၀-၆-၂၀၁၉ ရက် (တနင်္ဂနွေနေ့)၌ တောင်ကြီးမြို့၊ မြို့ဦးပရိယတ္တိဘုန်းတော်ကြီးကျောင်း တွင်ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးကုသိုလ်ပွဲ၌ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်ဆွေအပေါင်းတို့ အားလည်းကောင်း၊ ၇-၇-၂၀၁၉ ရက် (တနင်္ဂနွေနေ့)၌ တောင်ကြီးမြို့၊ ဟုတ်ကြန့်မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာ ဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ လက်ထောက်စစ်ဥပဒေချုပ်၊ ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင်နှင့် ဇနီးအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာလက်စွပ် ဝတ်ဆင်ပေးပါသော Shinning Star ကိုယ်ပိုင်အထက်တန်းကျောင်းပိုင်ရှင် ဦးကျော်ဝင်းမောင်နှင့် ဇနီးတို့အားလည်းကောင်း၊ သတို့သားအရံအဖြစ် ကူညီဆောင်ရွက် ပေးပါသော ဒေါက်တာစိုင်းရဲလင်းနိုင်နှင့် ဒေါက်တာစိုင်းဆိုင်ဝမ်းလိုင်းတို့အားလည်းကောင်း၊ သတို့သမီးအရံအဖြစ် ကူညီဆောင်ရွက် ပေးပါသော ဒေါက်တာဇာဇာမင်းအောင်နှင့် ဒေါက်တာယမုံဖူးငယ်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာ ထက်ထက်ဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော ဒေါက်တာနော်မိုးဇင်မာလင်း၊ မင်္ဂလာလက်စွပ်ကိုင်ဆောင် ပေးပါသော ဒေါက်တာအင်ကြင်းခိုင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအစီအစဉ်ကို အစမှအဆုံးတိုင် စီစဉ်ဆောင်ရွက် ပေးပါသော မင်္ဂလာအခမ်းအနားမှူး ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် နိုင်ငံကျော်အဆိုတော် ဦးရန်ပိုင်စိုးအားလည်းကောင်း၊ ကူညီဖြေဖျော်ပေးပါသော ဦးမောင်မောင်လတ်ဦးစီးသည့် တီးဝိုင်းနှင့် အဆိုတော်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် ပန်းအလှပြင်ဆင်ပေးပါသော Secret Garden အဖွဲ့အားလည်းကောင်း၊ ၇-၇-၂၀၁၉ ရက် (တနင်္ဂနွေနေ့)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးညစာစားပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ကူညီဆောင်ရွက်ပေးပါသော ဒေါက်တာခန့်ညားအောင်နှင့် မမျိုးမျိုးအား လည်းကောင်း၊ မင်္ဂလာစေ့စပ်ကြောင်းလမ်းပွဲမှစ၍ မင်္ဂလာဦးညစာစားပွဲတိုင်အောင် ဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးပေးခဲ့ပါသော ဘုန်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးအဖွဲ့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေအပေါင်းအားလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများအားလည်းကောင်း၊ ကူညီဆောင်ရွက်ပေးပါသော အင်းသားအဖွဲ့နှင့်ရှမ်းအဖွဲ့တို့အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲကို အစစအရာရာ အဆင်ပြေ ချောမွေ့အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော မိတ်ဆွေအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာမျိုးမင်းဇော်-ဒေါက်တာကဥ္စန**

**မိဘ အမည်မှန်**

မော်လမြိုင်မြို့၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မင်းရတနာထွန်း၏ မိဘအမည်မှန်မှာ ဦးမင်းမောင်ဝင်း ၁၀/ကမရ(နိုင်)၀၆၅၁၁၆နှင့် ဒေါ်မိလှရင် ၁၀/ကမရ(နိုင်)၀၀၀၀၀၂ ဖြစ်ပါကြောင်း။ **ဦးမင်းမောင်ဝင်း-ဒေါ်မိလှရင်**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### သထုံခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၄ နှင့်ဆက်နွှယ်သည့် ၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၁၈

ဒေါ်ဝါဝါခိုင် **ဒီကရီအနိုင်ရသူ** နှင့် မဂျူးလှိုင်မိုးမြင့် **တရားရှုံး**

အထက်ပါအမှုမှ တရားရှုံး မဂျူးလှိုင်မိုးမြင့် အလုပြင်လုပ်ငန်း၊ မြို့မ ရပ်ကွက်၊ တောင်စွန်းကျေးရွာ၊ ဘီးလင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဝါဝါခိုင်က လျှောက်ထား သည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေသို့မဟုတ်အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၆ရက် (၁၃၈၁ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီ တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် (ဥ-၃၂၉၉)၊ ဧရိယာ ၀ဒသမ၃၄၀ဧကရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ထွဋ်ဦး ၁၂/ကတတ(နိုင်)၀၀၈၈၄၂ထံမှကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်း အဝယ်ပြုမည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက် အထားခိုင်မာစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဝင်း LL.B (စဉ်-၁၃၁၀၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၂၀၇၀၃၀၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၆၅၊ မြေကွက်တည်နေရာအမှတ် ၂၆၅၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ဆုံစောင် ၁၃/မရန(နိုင်)၀၁၈၃၅၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဆုံစောင် ၁၃/မရန(နိုင်)၀၁၈၃၅၉မှ ဂရန်မူရင်းမှာ နေအိမ်၌ ပစ္စည်းများရွှေ့ပြောင်းစဉ် အထားအသိုမှား၍ ပျောက်ဆုံးကြောင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမရှိကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ် ၁၁/၇၃၄ (၁၂-၁၁-၂၀၁၈)၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာသဖြင့် ကွင်းဆင်း စစ်ဆေးရာ မြေပြင်တွင် တစ်ထပ်၊ ပျဉ်ထောင်အိမ်ဟောင်းတစ်လုံးရှိပြီး လူမနေပါ။ ကွင်းဆင်းစစ်ဆေး သည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးသဖြင့် အဆိုပါလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် ပ-၃၀၇၀၇၏ အမည်ပေါက် ဦးနေကြည် ၅/ကလတ(နိုင်)၀၃၄၃၇၈ ကွယ်လွန်သွားသဖြင့် သားသမီးဖြစ်ကြသော ဒေါ်ကြည် ကြည်ခိုင် ၅/ကလတ(နိုင်)၀၇၄၄၆၂၊ ဦးသိန်းသန်းစိုး ၁၂/ဒဂမ(နိုင်)၀၂၇၄၆၇နှင့် ဒေါ်ဝင်းဝင်းမိုး ၉/ပဗသ(နိုင်)၀၁၅၀၄၃တို့ (၃)ဦးမှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သေဆုံးမှုလက်မှတ်၊ မြေကွက်နှင့် ပတ်သက်သော အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ် (ဒ-၆၀၁၂)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်သောင်းသောင်း (ဘ) ဦးထွန်းစိုင် ၉/လဝန(နိုင်)၁၀၉၄၃၅အမည်ပေါက် ပါမစ်မြေကွက်အား ဦးဘိုမင်း (ဘ) ဦးဝင်းမောင် ၉/အမရ(နိုင်)၀၉၉၁၀၃မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက် မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း ၂၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးမောင်အုန်း အမည်ပေါက်ပါမစ်မြေကွက်အမှတ် ၄၅၂၃အား ဒေါ်မြဖြူခိုင်(ဘ)ဦးအောင်ချမ်းစိန် ၁၁/စတန(နိုင်)၀၆၅၆၆၈မှ ယာယီမြေပေး လက်မှတ်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိမ်သုံးရေနံဓာတ်ငွေ့ရည် (LPG) သုံးစွဲသူများသို့ အသိပေးကြေငြာခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင် (အလုံ၊အင်းစိန်၊မြောက်ဒဂုံ) တို့ကို ရတနာ့စုကုမ္ပဏီလီမိတက်သို့ နှစ်ရှည်ငှားရမ်းခဲ့ပါသည်။ (၁-၁၁-၂၀၁၇) ရက်နေ့မှစ၍ စာအုပ်စနစ်ဖြင့် ဝယ်ယူခွင့်ရရှိပြီးသူများကို ကုမ္ပဏီမှ ဆက်လက် ရောင်းချပေးခဲ့ပါသည်။

၂။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ထုတ်ပေးထားသော (ရေနံဓာတ်ငွေ့ရည်အိုးခွံဟောင်း) (25 kg) များသည် အသုံးပြုသည့်သက်တမ်း(၃၀)နှစ်ကျော် ကြာမြင့်ပြီး ကြံ့ခိုင်မှုအားနည်းနေ၍ သုံးစွဲရန် မသင့်တော်ပါသဖြင့် ပြန်လည်အပ်နှံရန် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာတို့တွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ကြော်ငြာထားပြီးဖြစ်ပါသည်။

၃။ အဆိုပါအိုးခွံဟောင်းများသည် အသုံးပြုသက်တမ်းကြာမြင့်၍ ကြံ့ခိုင်မှုအားနည်းနေသဖြင့် ပြည်ပမှတင်သွင်းလာမည့် ဖိအား (Pressure) ပိုများသည့် (Mixed LPG) ကို ထည့်သွင်းရောင်းချလျှင် သုံးစွဲသူများအတွက် အန္တရာယ်ရှိနိုင်ပါသည်။

၄။ ရတနာ့စုကုမ္ပဏီလီမိတက်မှလည်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ထုတ်ပေးထားသော **(ရေနံဓာတ် ငွေ့ရည်အိုးခွံဟောင်း)** (25 kg) များအား အပ်နှံရန်နှင့် ရတနာ့စုကုမ္ပဏီမှ နိုင်ငံခြားမှတင်သွင်းထားသော ကြံ့ခိုင်မှုကောင်းမွန်သည့် **အိုးခွံအသစ်** (15 kg) ဝယ်ယူ၍ လဲလှယ်အသုံးပြုကြရန် အသိပေးနှိုးဆော်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (25 kg) အိုးခွံအဟောင်းများ မလဲလှယ်ရသေး သူများအနေဖြင့် အိုးခွံအသစ်များ အမြန်ဆုံးလဲလှယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၅။ စာအုပ်စနစ်ဖြင့် လက်ရှိဝယ်ယူသုံးစွဲနေသူများအပြင် **အသစ်အသုံးပြုလိုသူများမှလည်း** ဤကုမ္ပဏီမှ နိုင်ငံခြားမှတင်သွင်းထားသော အိုးခွံအသစ်များဝယ်ယူ၍ အမည်ပေါက်စာအုပ်များ ပြုလုပ်ပြီး ဝယ်ယူသုံးစွဲနိုင်ပါသည်။

၆။ **ရေနံဓာတ်ငွေ့ရည်များကိုလည်း ပြင်ပပေါက်ဈေးထက် သက်သာသည့် ဈေးနှုန်းဖြင့်** ရောင်းချပေးနေပါကြောင်း အသိပေးအပ်ပါသည်။

**ရတနာ့စုကုမ္ပဏီလီမိတက်**

ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(အလုံ၊ထော်လီကွေ့) : ၀၉-၄၀၀၈၀၀၇၇၃, ၀၉-၄၀၀၈၀၀၇၇၄
ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(အင်းစိန်၊BOC) : ၀၉-၄၀၀၈၀၀၇၇၅, ၀၉-၄၀၀၈၀၀၇၇၆
ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(မြောက်ဒဂုံ၊မန္တလေးလမ်း): ၀၉၄၀၀၈၀၀၇၇၈, ၀၉-၄၀၀၈၀၀၇၇၉

## မြောက်ဦးဆရာတော်၏ (၇၉)ကြိမ်မြောက် (ရန်ကုန်) အထူးအလုပ်ပေးတရားစခန်း

**နေရာ** - ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

**တရားစခန်းရက်** - (၁၃၈၁ ခုနှစ် ဝါခေါင်လဆန်း ၅ရက်မှ ဝါခေါင်လပြည့်နေ့အထိ) ၅-၈-၂၀၁၉ရက်မှ ၁၅-၈-၂၀၁၉ရက်အထိ

**စာရင်းလက်ခံမည့်ရက်** - ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက် ၂၇-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၉:၀၀နာရီမှ ညနေ ၃:၀၀ နာရီအထိ၊ (ဦးရေကန့်သတ်ထားပါသည်။ ဦးရာလူစနစ်လက်ခံပါသည်။)

**မှတ်ချက်** - တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် (မူရင်း)ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ(၅၀၀၀ိ/)ကျပ်ကို တစ်ပါတည်း ပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ကျန်းမာရေးမကောင်းသူများကို လက်မခံပါ။)

**ဓမ္မဝန်ဆောင်အဖွဲ့ (ရန်ကုန်)**
**ဖုန်း-၀၉-၄၂၁၁၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈**

## ဖြူးမဟာစည်ရိပ်သာ (ရန်ကုန်) စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး၊ တည်ထောင်သာသနာပြုသီတင်းသုံးတော်မူခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ကမာရွတ်ဘူတာရုံအနီးရှိ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်သီတင်းသုံးတော်မူကြမည့် ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်-ဓမ္မကထိကဗဟုဇနဟိတဓရ)၊ ပြည်တွင်းပြည်ပမဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ M.A,Ph.D၊ သာသနာပြုနယ်လှည့် ဓမ္မကထိကနှင့်သံဃာတော်များ၊ ပင့်သံဃာတော်အရှင်သူမြတ်တို့အား ရိပ်သာအကျိုးတော်ဆောင်အဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က (၂၀)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်) ၁၇-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ၊ ယောဂီသူတော်စင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝေယျာဝစ္စ ဓမ္မပူဇာအလှူဒါနအစုစုတို့ကို ဖုန်း- ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၇၈၈၇၉၇၇၅၄ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## CLAIMS DAY NOTICE
## M.V VIKING EMERALD VOY:NO (9)

Consignees of cargo carried by M.V VIKING EMERALD VOY:NO (9) are here by notified that the vessel will arrive on about 16-7-19 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**မိခင်အမည်မှန်**

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (C)မှ မမိုးမြင့်စံ၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်မာလာ ၅/ခဥတ(နိုင်)၁၀၇၀၆၇ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်**
**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၃၀**

မနန်းခင်မွေး — **တရားလို** — နှင့် — ကိုမင်းမင်းသန့် — **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ ဥက္ကံရပ်ကွက်၊ သစ်ထုတ်ရေးရုံးဝင်းနေ ကိုမင်းမင်းသန့် (ဘ)ဦးညွန့်ဆွေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မနန်းခင်မွေးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၈၁ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငြိမ်းလှဲ့ဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

**ဖခင်အမည်မှန်**

ချောင်းဦးမြို့၊ အထက နဝမတန်း (H)မှ မပပအောင်၏ ဖခင်အမည်မှန်မှာ ဦးမိုးဦး ၉/ကဆန(နိုင်)၁၂၄၆၈၄ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (H)မှ မောင်ထက်ထက်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝမ်း ၅/မမတ(နိုင်)၀၄၇၀၃၂ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (H)မှ မောင်ချစ်မင်းသူ၏ ဖခင်အမည်မှန်မှာ ဦးမွန်ကျော် ၅/ခဥတ(နိုင်)၀၅၆၇၆၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (B)မှ မရွှန်းလဲ့ဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထွန်း ၉/မခန(နိုင်)၁၉၀၇၈၀ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (F)မှ မောင်ဇင်ဝေအောင်၏ မိခင်အမည်မှန်မှာ ဒေါ်သူဇာတင် ၅/ခဥတ(နိုင်)၀၉၅၀၀၁ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း (E)မှ မောင်ဖြိုးမင်းဇော်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်စန်း ၅/ခဥတ(နိုင်)၀၇၃၆၃၃ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

ချောင်းဦးမြို့ အထက တက္ကသိုလ်ဝင်တန်း (C)မှ မောင်ဟိန်းဇာအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်နှင်းရီ ၅/ခဥတ(နိုင်)၀၈၉၀၇၇ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ချောင်းဦးမြို့၊ အထက တက္ကသိုလ်ဝင်တန်း(E)မှ မသက်မွန်မျိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုး ၅/ခဥတ(နိုင်)၀၇၂၉၁၄ ဖြစ်ပါကြောင်း။

## ဦးသိန်းအောင်

**အမှတ်(၅၀၀)၊ သဇင်လမ်း၊ ဇေယျာမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့သိစေရန်**

ကျွန်ုပ်အမှုသည်များဖြစ်ကြသော မော်လမြိုင်မြို့၊ မောင်ငံရပ်၊ အောက်လမ်းမကြီး၊ အမှတ် (၆၈၀) နေ ဒေါ်ကျင်အန်း၊ ဒေါ်ကျင်စွမ်း၊ ဒေါ်စီစီဝင်းနှင့် ဒေါ်သီတာအေးတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း တောင်းဆိုလိုက်ပါသည်။

၁။ ယခင် မော်လမြိုင်မြို့နယ်၊ ငန်းတေးကျေးရွာ၊ ကွင်းအမှတ် (၅၉၉)၊ ငန်းတေး(ခ)၊ ဦးပိုင်အမှတ် (၆၀/၁)၊ ဧရိယာ ၄ ဒသမ ၂၅ဧကရှိ မြေကွက်အစိတ်အပိုင်းများကို နိုင်ငံတော်မှ သိမ်းယူခံရပြီးနောက် မြေကွက်အမှတ် (၄၉၆)မှ (၅၀၁)အထိ မြေကွက်များအား ပြန်လည်ပေးအပ်ရရှိခဲ့ကြောင်း သိရပါသည်။

၂။ လူကြီးမင်းသည် ထိုမြေကွက် (၆) ကွက်တွင် ဇနီး ဒေါ်သန်းသန်းဝင်းအမည်ကိုပါ ထည့်သွင်းရယူထားခြင်းပြုခဲ့သည်ကို မြေဂရန်လျှောက်ထားရာမှ သိရှိခဲ့ရသဖြင့် မိခင်ကမှာကြားထားသည့်အတိုင်း ယင်းမြေကွက်များကို မောင်နှမများအားလုံးတို့ကို အညီအမျှအမွေခွဲဝေပေးရန်တောင်းဆိုကြရာ လူကြီးမင်းက မခွဲဝေပေးနိုင်ကြောင်း ငြင်းဆန်ခဲ့ကြောင်းသိရှိရပါသည်။

၃။ ထို့ကြောင့် ဥပဒေအရရှိသည့်အမွေဆက်ခံခွင့်ကို လာမည့် ၃၁-၇-၂၀၁၉ ရက်နောက်ဆုံးထား၍ မောင်နှမများအားလုံးတို့ကို ခွဲဝေပေးပါရန်နှင့် မဆောင်ရွက်ပေးပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်ကျင်အန်း၊ ဒေါ်ကျင်စွမ်း၊ ဒေါ်စီစီဝင်း**
**ဒေါ်သီတာအေးတို့၏ လွှဲအပ်ညွှန်ကြားသူများ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝင်း (စဥ်-၄၅၅၇)**
**B.Sc.,H.G.P.,R.L**
**တရားလွှတ်တော်ရှေ့နေ**
**(၂၉-၄-၁၉၈၈)**
**အမှတ်(၆၈၀)၊ အောက်လမ်းမကြီး၊ မောင်ငံရပ်၊ မော်လမြိုင်မြို့**

## ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း




ဒေါ်ချောင်လန်းမေ(ထိုင်ဝမ်) မှ မိဘနှစ်ပါးအားရည်စူး၍ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သိန်း ၅၀ တိတိလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံးနှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့မှ လက်ခံယူပါသည်။

**လှူဒါန်းမှုအပေါ် နတ်လူသာခုခေါ်စေသော်**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် TNI 57W/6800 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**မိဘအမည်မှန်**

မုဒုံမြို့၊ အထက (၁)၊ အဋ္ဌမတန်းမှ မဖူးမြတ်အင်ကြင်း၏ မိဘအမည်မှန်မှာ ဦးထိန်လင်း ၁၀/မဒန(နိုင်)၀၄၈၅၀၃ နှင့် ဒေါ်ဇာဇာအောင် ၁၀/မဒန(နိုင်)၁၄၈၅၅၇ ဖြစ်ပါကြောင်း။

**ဦးထိန်လင်း-ဒေါ်ဇာဇာအောင်**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မအေးအေးဝင်း ၁၃/တခလ(နိုင်)၀၆၃၇၅၅ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၄၂၅၂၄**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ နယ်မြေ (၁၃)၊ အိမ်အမှတ် (၂၂၉) နေ အမျိုးသမီးကျန်းမာရေးဆရာမကြီး ဒေါ်S ရွှယ်ဂျီနှင့် ဦးအောင်မြင့်တို့၏သမီး မြတ်မြတ်လင်း ၁၃/ကခန(နိုင်)၀၅၄၇၄၃ နှင့် မြမြလင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်မ မချမ်းမွန် ၁၀/သဖရ(နိုင်)၁၈၅၁၂၀ ၏ Passport-NO (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုင်းခမ်းခေး ၁၃/ဆဆန(နိုင်)၁၂၅၅၂၀ ၏ Passport No (MC-150737)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၃၇၈၅၁၈၀**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်းမှ လွေးအေးအောင်၏ဖခင်အမည်မှန်မှာ ဦးစိုင်းကျော်သိန်း ၁၃/နခန(နိုင်)၀၇၆၃၀၃ ဖြစ်ပါကြောင်း။ **ဦးစိုင်းကျော်သိန်း**

## ငှားမည်/ရောင်းမည်

- ညောင်ဦးမြို့၊ လေဆိပ်လမ်းမကြီး၊ အောင်မြေသာ ဘုန်းကြီးကျောင်းအနီးတွင် လက်ရှိလုပ်ကိုင်နေသော 1.3ဧကခန့်မြေရှိ စားသောက်ဆိုင် ငှားမည်/ ရောင်းမည်။
- ၄င်းအနီးတွင်ရှိသော မြေ၅ဧကရောင်းမည်။
- ဟိုတယ်ဆောက်လုပ်ခွင့်ရှိသော ကျိုက်ထီးရိုးဟိုတယ်ဇုန် နေရာတွင် မြေ၁ဂဧကရောင်းမည်။

**ဆက်သွယ်ရန် -09-421106588**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၃၃၆

Xin Ye Da Co.,Ltd နှင့် ဦးဆန်နီ

ဦးဇော်ထွန်းနိုင်(အရောင်းမန်နေဂျာ)

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကျောက်ဖြူကုန်းရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်းနံဘေး၊ စိန်ရွှေပတ္တမြားမိုးထိကုမ္ပဏီလီမိတက်နေ ဦးဆန်နီ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို Xin Ye Da Co.,Ltd ဦးဇော်ထွန်းနိုင်(အရောင်းမန်နေဂျာ)က တရားပြိုင်ထံမှ ငွေကျပ် ၂၉၄၈သိန်းနှင့် နစ်နာကြေးငွေကျပ်သိန်း ၅၀၀နှစ်ရပ်ပေါင်းငွေကျပ် ၃၄၄၈သိန်း ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် ဇူလိုင် ၂၄ ရက် (၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ နံနက် ၉း၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၅၄

ဒေါ်ကျော့ကျော့စန်း နှင့် ဦးစိန်ရ

**တရားလို** **တရားပြိုင်**

ပြည်ကြီးတံခွန်မြို့နယ်၊ အကွက် (ဠ-၂/၃၀)၊ (ဂ)ရပ်ကွက်၊ (ယခုနေရပ်လိပ်စာမသိ)နေ ဦးစိန်ရ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက် (၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၂

ဒေါ်နှင်းလဲ့လဲ့အေး နှင့် ၁။ ဒေါ်ခင်မာမာသက်

(၄င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးမင်းဦး

ဦးလှဝင်းစိန်) ၃။ ဒေါ်သဇင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ ဂရုဏာလမ်း၊ အမှတ်(၁၅/၅၃၁)နေ ၂-တရားပြိုင် ဦးမင်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဗေဒါလမ်း၊ အမှတ် ၆၈နေ ၃-တရားပြိုင် ဒေါ်သဇင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဩဂုတ် ၂ ရက် (၁၃၈၁ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် ၁၅/၁၊ ဦးပိုင်အမှတ် ၅၇/၁က-၂၊ မြေဧရိယာ ၀.၁၁၄၉ဧကရှိ ဦးခေါတောင်အမည်ဖြင့် မြေခွန်ပြေစာ အမည်ပေါက် မြေကွက်အား ၃၁-၁-၂၀၀၀ရက်တွင် ဦးခေါတောင်ထံမှ ဒေါ်အင်ကန်းကော့မိုင်က လည်းကောင်း၊ ၁-၁-၂၀၁၇ရက်တွင် ဒေါ်အင်ကန်းကော့မိုင်ထံမှ ဒေါ်ဂျာထွယ်ကလည်းကောင်း၊ ၂၇-၂-၂၀၁၇ ရက်တွင် ဒေါ်ဂျာထွယ်ထံမှ ဒေါ်အေးအေးမူကလည်းကောင်း၊ ၂၆-၉-၂၀၁၈ရက်တွင် ဒေါ်အေးအေးမူထံမှ ဒေါ်မင်းမင်းအောင်ကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဒေါ်မင်းမင်းအောင် ၁/မကန(နိုင်)၀၀၂၈၄၃အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၄-၉-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၆၆၈/၂၀၁၈ကို ၈-၁၀-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၃၂၉/၂၀၁၈ပြုဆိုတင်ပြလျက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်းအမှတ် ၃၅၊ ဦးပိုင်အမှတ် ၁၂၀၊ ဧရိယာ ၆၂၄၀စတုရန်းပေရှိ မြေကွက်အား ဒေါ်စိန် ၁/မကန(နိုင်)၀၄၂၇၂၈အမည်ဖြင့် အမှုတွဲအမှတ် ၁၄၁/V(၁၉၉၃-၁၉၉၄)အရ ၂၄-၁၁-၂၀၁၀ ရက်ထိ ၁၅နှစ်မြေငှားဂရန်ရရှိခဲ့ရာ အဆိုပါမြေငှားဂရန်အမည်ပေါက်သူ ဒေါ်စိန်သည် ၁၁-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၄င်း၏တရားဝင်ခွင်ပွန်း ဦးသိန်းသည်လည်း ၂၂-၁၁-၁၉၉၃ရက်တွင် ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ ၄င်းတို့တွင် သား/သမီးခြောက်ဦး ထွန်းကားခဲ့ပြီး ၄င်းတို့မှာ (၁)ဦးစံငွေ၊ (၂)ဒေါ်ငယ်(ခ) တင်တင်အေး၊ (၃)ဒေါ်သန်းစိန်၊ (၄)ဒေါ်ခင်ကြူ၊ (၅)ဦးသိန်းဇော်၊ (၆)ဦးမြင့်ဇော်တို့မှ မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၁-၁၁-၂၀၁၇ရက်စွဲပါ မှတ်ပုံတင်အမှတ် ၂၀၂/၂၀၁၇ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်၏မူလဧရိယာ ၀.၁၄၃၅ဧကအနက်မှ ဧရိယာ ၀.၀၄၅ဧကအား (၁)ဒေါ်သန်းစိန်၊ (၂)ဒေါ်ခင်ကြူ၊ (၃)ဦးသိန်းဇော်၊ (၄) ဦးစံငွေတို့မှ မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၅-၁၂-၂၀၁၇ ရက်စွဲပါမှတ်ပုံတင်အမှတ် ၂၂၀/၂၀၁၇ဖြင့် အိမ်ခြံမြေကွက်အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာစာချုပ်ချုပ်ဆို၍ စွန့်လွှတ်ခြင်းကိုလက်ခံသူ (၁) ဒေါ်ငယ်(ခ)တင်တင်အေး၊ (၂) ဦးမြင့်ဇော်တို့မှလက်ခံခဲ့ပြီး စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်ငယ်(ခ)တင်တင်အေး ၁/မကန(နိုင်)၀၄၂၇၅၃ ပါ(၂)ဦး အမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွေ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/9789 Toyota Wish ZNE 10 S/W(4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်မော် ၉/မခန(နိုင်)၀၂၃၃၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 5P/9573 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံအရှေ့ (၂၂)လမ်း၊ အမှတ် ၃၆၅ (က+ခ)၊ အခန်း (ဘီ-၂) မှန်ခန်း၊ ပထမလွှာ(ခြေရင်း)၊ အလျား×အနံ×အမြင့် (၅၁×၁၃½×၉)ရှိ တိုက်ခန်းနှင့် ထိုတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေစက်အပါအဝင်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးရှိသော တိုက်ခန်းတစ်ခန်းကို ဒေါ်သဇင်အောင် ၁၄/မအပ(နိုင်) ၁၉၆၀၇၉ မှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကာ ၄င်းထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့ကို ၂၉-၆-၂၀၁၉ ရက်တွင် ပေးချေထားပြီးဖြစ်၍ ၁၅-၇-၂၀၁၉ရက်တွင် တိုက်ခန်းကို အပြီးအပိုင်ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ကြည် (စဉ်-၁၂၁၃၁)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၆၃၊ ၃လွှာ၊ ဗားဂရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၁၈၇၃၄**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3165 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ကွင်းအမှတ် (A)၊ ဦးပိုင်အမှတ် ၂၃၊ ဦးလီမင်း(ခ)လှဦး အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၁လမ်း၊ ၃၅×၃၆လမ်းကြား၊ အမှတ် ၅၁၂/၅၄၃နေ ဦးလီမင်း(ခ)လှဦး ၁၃/ကခန(နိုင်)၀၂၀၂၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ မနော်ဟရီလမ်းနှင့်ခိုင်ရွှေဝါလမ်းကြား၊ ၅၉လမ်း×လမ်း၆၀ကြားရှိ ကွင်းအမှတ်(A)၊ ဦးပိုင်အမှတ် (၂၃)ရှိပေ(၄၀×၆၀)ရှိမြေကွက်မှာလွှဲအပ်ညွှန်ကြားသူ ဦးလီမင်း(ခ)လှဦး အမည်ပေါက် ပိုင်ဆိုင်လက်ရှိထားအသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအနက် မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးအဖွဲ့သို့ပေးသွင်းသည့် ငွေရပြေစာမူရင်းများ၊ မန္တလေး စည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းသည်လမ်းဖိုး/မြေဖိုးငွေသွင်းပြေစာမူရင်းများ၊ မြေချထားမိန့်/မြေချစလစ်မူရင်းများမှာ အကြောင်းအမျိုးမျိုးကြောင့် မြေပိုင်ရှင်ဖြစ်သူ ဦးလီမင်း(ခ)လှဦး၏ လက်ဝယ်တွင်မရှိတော့ဘဲ ပျောက်ဆုံးလျက်ရှိပါသည်။

ဦးလီမင်း(ခ)လှဦး ကိုယ်တိုင်မဟုတ်ဘဲ အဆိုပါစာရွက်စာတမ်းမူရင်းများနှင့်ဖြစ်စေ၊ မိတ္တူများနှင့်ဖြစ်စေ အသုံးပြု၍ ဖော်ပြပါမြေကွက်အား လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည်ဖြင့် ဦးလီမင်း(ခ)လှဦး၏လက်ရှိထားပိုင်ဆိုင်မှုအား ထိခိုက်စေမည့်အပြုအမူများအား မပြုလုပ်ကြပါရန်နှင့်ပြုလုပ်ခဲ့ပါက ဦးလီမင်း(ခ)လှဦး အနေဖြင့် တစ်စုံတစ်ရာ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ဘဲ၊ မမှန်မကန်ဆောင်ရွက်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ဦးလီမင်း(ခ)လှဦး ပျောက်ဆုံးလျက်ရှိသော စာရွက်စာတမ်းများအား သဘောရိုးဖြင့်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးအရဖြစ်စေ လက်ဝယ်ရရှိထားပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ပေးအပ်ပါရန်နှင့် ပျောက်ဆုံးလျက်ရှိသောစာရွက်စာတမ်းများအား ပြန်လည်ပေးအပ်ရန်ပျက်ကွက်ခဲ့ပြီး မရိုးမဖြောင့်သောသဘောဖြင့် လက်ဝယ်ထား၍ မမှန်မကန်ပြုလုပ်ဆောင်ရွက်ပါကတည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလီမင်း(ခ)လှဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝဏ္ဏအောင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၈၄၉၃)**
**ဆ-၁၀/၆၆၊ မြို့သစ်(၂)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၅၂၈၄၈၃၈၃**

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ကွင်းအမှတ် (A)၊ ဦးပိုင်အမှတ် ၃၁၊ ဦးလီဖူး(ခ)မောင်မောင်ထွေး အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၁လမ်း၊ ၃၅×၃၆လမ်းကြား၊ အမှတ် ၅၁၂/၅၄၃နေ ဦးလီဖူး(ခ) မောင်မောင်ထွေး ၁၃/ကခန(နိုင်)၀၂၀၂၈၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ မနော်ဟရီလမ်းနှင့်ခိုင်ရွှေဝါလမ်းကြား၊ ၅၉လမ်း×လမ်း၆၀ကြားရှိ ကွင်းအမှတ်(A)၊ ဦးပိုင်အမှတ် (၃၁)ရှိပေ(၄၀×၆၀)ရှိ မြေကွက်မှာလွှဲအပ်ညွှန်ကြားသူ ဦးလီဖူး (ခ) မောင်မောင်ထွေး အမည်ပေါက်ပိုင်ဆိုင်လက်ရှိထားအသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအနက် မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးအဖွဲ့သို့ ပေးသွင်းရသည့်ငွေရပြေစာ မူရင်းများ၊ မန္တလေးစည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းသည့်လမ်းဖိုး/မြေဖိုးငွေသွင်းပြေစာမူရင်းများ၊ မြေချထားမိန့်/မြေချစလစ်မူရင်းများမှာ အကြောင်းအမျိုးမျိုးကြောင့်မြေပိုင်ရှင်ဖြစ်သူ ဦးလီဖူး(ခ)မောင်မောင်ထွေး၏လက်ဝယ်တွင်မရှိတော့ဘဲ ပျောက်ဆုံးလျက်ရှိပါသည်။

ဦးလီဖူး(ခ)မောင်မောင်ထွေး ကိုယ်တိုင်မဟုတ်ဘဲ အဆိုပါစာရွက်စာတမ်းမူရင်းများနှင့်ဖြစ်စေ၊ မိတ္တူများနှင့်ဖြစ်စေ အသုံးပြု၍ ဖော်ပြပါမြေကွက်အား လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းစသည်ဖြင့် ဦးလီဖူး(ခ)ဦးမောင်မောင်ထွေး၏လက်ရှိထားပိုင်ဆိုင်မှုအား ထိခိုက်စေမည့်အပြုအမူများအား မပြုလုပ်ကြပါရန်နှင့်ပြုလုပ်ခဲ့ပါက ဦးလီဖူး(ခ) မောင်မောင်ထွေးအနေဖြင့် တစ်စုံတစ်ရာ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ဘဲ၊ မမှန်မကန်ဆောင်ရွက်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ဦးလီဖူး(ခ)မောင်မောင်ထွေး ပျောက်ဆုံးလျက်ရှိသော စာရွက်စာတမ်းများအား သဘောရိုးဖြင့်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးအရဖြစ်စေ လက်ဝယ်ရရှိထားပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ပေးအပ်ပါရန်နှင့် ပျောက်ဆုံးလျက်ရှိသောစာရွက်စာတမ်းများအား ပြန်လည်ပေးအပ်ရန်ပျက်ကွက်ပြီး မရိုးမဖြောင့်သောသဘောဖြင့် လက်ဝယ်ထား၍ မမှန်မကန်ပြုလုပ်ဆောင်ရွက်ပါကတည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလီဖူး(ခ)ဦးမောင်မောင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝဏ္ဏအောင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၈၄၉၃)**
**ဆ-၁၀/၆၆၊ မြို့သစ်(၂)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၅၂၈၄၈၃၈၃**

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ (၂)ရပ်ကွက် (ရန်ကင်း)၊ အမှတ် ၂/၆၃၃ နေ ဦးစောလှ(ခ)ဦးဇော်ထက်(ဘ) ဦးမိုက်လင်း ၁၃/ကမန(နိုင်)၀၇၃၁၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် ၂/ပဒေသာ၊ ဦးပိုင်အမှတ် ၅၇၅/၅၇၆၊ မြေယာအမှတ် (575/576)၊ ဧရိယာ ၀.၁၁၀ဧကအကျယ်အဝန်းရှိ ဒေါ်ခိုင်မာကြင်အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၁)ထပ်ခွဲအဆောက်အအုံ၊ ရေ+မီး အစုံဆက်လက်သုံးစွဲခွင့်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်နှင့်မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာတို့ဖြင့် လက်ရှိလက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူဦးဇင်လတ်ဦး (ဘ)ဦးမြင့်လှိုင် ၆/မအရ(နိုင်)၀၉၈၆၀၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေများကိုအပြေအကျေပေးချေ၍ ဝယ်ယူကာ လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်** LL.B | **ဒေါ်အိအိဇင်** LL.B |
| **စဉ်-၈၆၇၅** | **စဉ်-၁၃၁၇၀** |

**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(ဓေ-၂၇/၃၈)၊ အေးသုခလမ်း၊ ၅၄×၅၅လမ်းကြား၊ (ဆ)ရပ်ကွက်၊ ရတနာပုံမြို့သစ်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၁၀၂၁၀၇၊ ၀၉-၄၀၂၆၄၇၉၀၅**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာခြင်း

တာချီလိတ်မြို့တွင် နေထိုင်သူ ဦးမြင့်ထွန်း အသက်(၇၄)နှစ် ၁၃/တခလ(နိုင်)၀၁၄၂၈၃ မှ သားသမီးများဖြစ်ကြသော နန်းသက်စုခိုင်၊ နန်းမြင့်သက်ခိုင်၊ စိုင်းထွန်းသက်ခိုင်တို့ သုံးဦးသည် ဖခင်နှင့် အနှစ် ၂၀ ကွဲကွာနေပြီး ကျွန်တော်၏ အုပ်ထိန်းမှုအောက်တွင် ယနေ့ထက်တိုင်မရှိခဲ့ပါ။ အိမ်ထောင်ရေးပြိုကွဲမှုကြောင့် ၄င်းတို့၏ မိခင်နှင့်သာနေထိုင်ကြပါသည်။ ၄င်းတို့၏ လက်ထပ်ထိမ်းမြားမှုကိစ္စများတွင်လည်း ဖခင်တစ်ဦးအနေဖြင့် ကျွန်တော်အားတိုင်ပင်ခြင်း၊ ဖိတ်ကြားခြင်း၊ အသိပေးခြင်းမရှိခဲ့ပါ။ ၈-၇-၂၀၁၉ရက်တွင် ကျွန်တော်၏သမီးလတ်ဖြစ်သူ နန်းမြင့်သက်ခိုင်မှ ကျွန်တော်၏ညီမအရင်းဖြစ်သူနှင့်မိသားစုအား ရိုင်းပျစွာစော်ကားပြောဆိုခြင်းဖြင့် ပြဿနာဖန်တီးသောကြောင့် ကျွန်တော်၏စိတ်ကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် ကျွန်တော် စိတ်ဒဏ်ရာရစေသောကြောင့် ကျွန်တော်၏ကျန်းမာရေးကိုလဲ ထိခိုက်ခဲ့ရပါသည်။ အနှစ် ၂၀အတွင်း ကျွန်တော်သည် တစ်ဦးတည်းခက်ခဲပင်ပန်းစွာရုန်းကန်၍ ဘဝကိုရပ်တည်ခဲ့ရပါသည်။ သားသမီးများ၏ ကူညီထောက်ပံ့မှုကို တစ်ကြိမ်တစ်ခါမျှမရရှိခဲ့ပါ။ သို့ပါ၍ အထက်ဖော်ပြပါ သားသမီးသုံးဦးအား ယနေ့ ၁၁-၇-၂၀၁၉ ရက်မှစ၍ သားသမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းကို မိမိနှင့်သက်ဆိုင်သော ဆွေမျိုးများနှင့် မိတ်ဆွေများအားလုံးသိရှိကြစေရန် ကြေညာလိုက်ပါသည်။ နောက်နောင် ၄င်းတို့နှင့်ပတ်သက်သည့်ကိစ္စများ၊ ပြဿနာများ ပေါ်ပေါက်လာပါက ကျွန်တော်နှင့် လုံးဝမသက်ဆိုင်တော့ကြောင်း ထပ်လောင်း၍ ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း ၁၃/တခလ(နိုင်)၀၁၄၂၈၃**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၂၃၇၂၄ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဝန်းမိုင်းတစ် ၁၃/ကတန(နိုင်)၀၈၉၆၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

# မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေတက်မှုကြောင့် ရေဘေးသင့်ပြည်သူ တစ်သောင်းကျော်အတွက် ကယ်ဆယ်ရေးစခန်း ၂၆ ခု ဖွင့်လှစ်ထား

**မြစ်ကြီးနား ဇူလိုင် ၁၃**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၂ ရက်က စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာတွင် ၁၂၂၉ စင်တီမီတာထိ မြင့်တက်ခဲ့လာသဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ လူနေအိမ်များသို့ ရေများ ဝင်ရောက်ခဲ့ရာ အိမ်ထောင်စုပေါင်း ၂၀၃၅ စု၊ လူဦးရေ တစ်သောင်းကျော် ရေဘေးသင့်ခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်မှုကြောင့် အံတော်ရှင်ကျောင်းတိုက်၌ လယ်ကုန်း၊ ကြက်ပေါင်ခြံ၊ ရမ်ပူ၊ ရွှေညောင်ပင် ရပ်ကွက်များမှ ရေဘေးသင့်အိမ်ထောင်စု ၁၆၂ စု၊ လူဦးရေ ၇၇၃ ဦး၊ မြေမြင့်ဘုန်းတော်ကြီးကျောင်း၌ ကြက်ပေါင်ခြံ၊ ရမ်ပူ၊ မြို့သစ်ကြီးရပ်ကွက်များမှ

စာမျက်နှာ ၇ ကော်လံ ၁ ❍



ဧရာဝတီမြစ်ရေတက်မှုကြောင့် မြစ်ကြီးနားမြို့အတွင်း ရေဝင်ရောက်မှုကို တွေ့ရစဉ်။

# ထန်းတပင်မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် ပြုလုပ်မည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းများ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အတည်ပြု

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ထန်းတပင်မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် ပြုလုပ်မည့် စက်မှုဥယျာဉ်မြို့တော် စီမံကိန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ ကန့်ကွက်သူမရှိ အတည်ပြုခဲ့ကြောင်း သိရသည်။

စက်မှုဥယျာဉ်မြို့တော် စီမံကိန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခဲ့မှုအပေါ် ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ ကန့်ကွက်သူမရှိသည့်အတွက် အတည်ပြုကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကြေညာခဲ့သည်။

ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက စက်မှုဥယျာဉ်မြို့တော်စီမံကိန်းများနှင့်ပတ်သက်၍ ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် စီမံကိန်းများ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် Media Corner ၌ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့်လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဇူလိုင် ၃ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့သော ထန်းတပင် မြို့နယ်နှင့် လှည်းကူးမြို့နယ်များတွင် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းများ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဇူလိုင် ၉ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင်

စာမျက်နှာ ၇ ကော်လံ ၄ ◆

# မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲ စင်ကာပူကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၉ အာရှ ယူ- ၁၉ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းနှင့် ၂၀၁၉ အာဆီယံအမျိုးသမီး ပြိုင်ပွဲယှဉ်ပြိုင်မည့် စင်ကာပူလက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းက ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းသည် စခန်းဝင်လေ့ကျင့်အပြီး တစ်ပတ်ကျော်အကြာတွင် ပထမဆုံးကစားသည့် ခြေစမ်းပွဲဖြစ်သော်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ❑


မြန်မာအသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို စင်ကာပူဂိုးသမားနှင့် နောက်ခံလူတို့ ကာကွယ်နေစဉ်။ ဓာတ်ပုံ- ဖိုးသော်ဇင်

# အထူးသတိပြုရန်

## ကုလားတန်မြစ်ရေ ပလက်ဝမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ပလက်ဝမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ဧရာဝတီမြစ်ရေ ရွှေကူမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ၆ စင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**လေးမြို့မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

